www.burmeseclassic.com

# လွမ်းဖော်လွမ်းဖက်



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၃၂၄၀၃၀၇ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၃၉၁၀၄၀၇ |
| | | ၂၀၀၇-ဇွန်လ |
| | | ပထမအကြိမ် |
| အုပ်ရေ | - | ၅၀၀ |
| ထုတ်ဝေသူ | - | ဦးသန်းမြင့်<br>လင်းလင်းစာပေ<br>အမှတ်၄/၂၉၊<br>မြဝတီမင်းကြီးလမ်း၊(၁၀)မိုင်၊<br>အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ |
| အတွင်းပုံနှိပ် | - | ဦးဇော်မင်း (W!zard)<br>အမှတ် (၁၉၇)၊<br>၃၃ လမ်း (အထက်)၊<br>ကျောက်တံတားမြို့နယ်၊<br>ရန်ကုန်မြို့ |
| မျက်နှာဖုံးပုံနှိပ် | - | ဦးတိုးဝင်း<br>နေလရောင်ပုံနှိပ်တိုက်<br>၉၆/၁၊ ၁၁ လမ်း၊ ရန်ကုန်မြို့ |
| စာအုပ်ချုပ် | - | ပပစိုး |
| တန်ဖိုး | - | ၅၀ ကျပ် |


မောင်ညိုအေး(ပန်းတော)

# လွမ်းပေါ်လွမ်းပက်

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
★ ပြည်တွင်းပြည်ပမှအတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

နှလုံးသွေးအတိုင်း
သေးငက်ကျော အရုပ်ဖြစ်ကြေးဆိုရင်
သံယောဇဉ်ကျွှာမှာ
နေရာလပ်တောင်ရှိမှာ မဟုတ်ဘူး...
အချစ်နဲ့ ရိုးမြေကျဖို့
အလွမ်းတွေက ရာသက်ပန်ဖူးပွင့်နေမှာလား...။

www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံးလူနာကိုကြည့်ပြီးတော့ အချိန်က ညနေစောင်းလုဖြစ်နေပြီ။ ရုပါကပ်ဆိုင်ကယ်ရှိရာသို့ အတူလျှောက်လာရင်း ဦးကြီးမှုံဆွဲလာသော ဆေးအိတ်ကို သူပြောင်းယူလိုက်သည်။

ဦးကြီးမှုံက 'နေခြည်အေးတို့အလှူက သန်ဘက်ခါ မဟုတ်လား။ သူပြန်ရောက်လာတာ မမြင်သေးပါလား'ဟု အလိုက်မသိစွာ မေးလာသည်။

ဆောင်းဦးဆည်းဆာကလည်း လွှမ်းချင်စဖွယ်။ လွှမ်းချင်သူကိုမှ ဦးကြီးမှုံက လက်တို့လာ၏။

သူတို့ နေခြည်အေးတို့မှာ ဦးကြီးမှုံတို့မျက်စိရှေ့၌ အတူတကွ ကြီးပြင်းလာကြသူများပင်။

'နေခြည်အေးတစ်ယောက် ပြန်လာဖြစ်ပါ့မလား မသိဘူး၊ ဦးကြီးမှုံ'

'ရန်ကုန်မှာ ကျောင်းတက်တုန်းက မကြာခဏ ပြန်လာတယ်၊ အလုပ်ဝင်တယ်လို့ ပြောသံကြားတုန်းကလည်း ပြန်လာသေးတယ်။ ဒီနှစ်ပိုင်းကျမှ ပြန်မလာဖြစ်တော့တာနော်'



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



နေခြည်အေးအား တွေ့ချင် မြင်ချင်၍ မျှော်နေသူများထဲတွင် ထိပ်ဆုံးက သူပါ၏။

'အလှူရှိတယ်ဆိုပေမယ့် ကုမ္ပဏီက ခွင့်မရရင် နေခြည်အေး ရောက်လာဖြစ်မှာ မဟုတ်ဘူး ဦးကြီးမှ'

'ဘယ်လောက်အလုပ်များများ၊ အလှူရက်ကိုတော့ နေခြည်အေး ပြန်လာသင့်တယ်။ သူ့မိဘတွေကလည်း ပြန်လာစေချင်မှာပဲ'

နေခြည်အေးမှာ သူ့သံယောဇဉ်။ ပြီးတော့ သူ့နှလုံးသားနှင့် အနီးဆုံးလူတစ်ယောက်။ ဒီအကြောင်းတွေကို ပတ်သက်ရာလူတွေအားလုံးလိုလို သိကြသည်ပဲ။

အပြန်လမ်းတစ်လျှောက်မှာ 'နေခြည်အေး ရောက်လာတန်ကောင်းပါရဲ့'ဟု မျှော်လင့်ဖြစ်ပြန်သည်။

✣ ✣ ✣

တိမ်ရောင်စုံအောက်မှာပင် မှိုင်းညို့ညို့ခရေတန်းက လွမ်းချင်စရာ။ ခရေတန်းနောက်ကွယ်မှာတော့ သူနှင့်နေခြည်အေးတို့ အတူတက်ခဲ့သော အလယ်တန်းကျောင်းရှိသည်။

ခရေတန်းရှေ့မှာပင် စီးလာသောဆိုင်ကယ်ကို ရပ်လိုက်သည်။ ပန်းကောက်နေသောကလေးတွေ တစ်ယောက်စ နှစ်ယောက်စ ရှိနေကြ၏။ ဟိုးအတိတ်တုန်းဆီက ဒီခရေတန်း မှာပင် နေခြည်အေးအတွက် ခရေပန်းတွေ ကောက်သီပေးခဲ့ဖူးသည်။





လေအဝှေ့ ကြွေဆင်းလာသော ခရေပွင့်များကို ယောင်ရမ်းပြီး လိုက်ကောက်နေဖြစ်သည်။

လေပြည်နှင့်အတူ ခြေသံသဲ့သဲ့ကြားရ၏။

ပြီးတော့ ဆွတ်ပျံ့မက်မောဖွယ် နံ့သာနံ့။

'ဟော့… ထင်လင်းမောင်၊ ဆိုင်ကယ်ရပ်ပြီး ဘယ်သူ့အတွက်များ ပန်းတွေကောက်နေတာတုန်း'

အိပ်မက် မဟုတ်။

မျှော်ရလွန်းလို့ နေခြည်အေး ကိုယ်ထင်ပြတာလည်း မဖြစ်နိုင်။ မျှော်နေရကြောင်း၊ လွမ်းနေရကြောင်း နေခြည်အေး သိအောင် ပြောပြဖြစ်သည်။

'နင့်အတွက်ရည်ရွယ်ပြီး ကောက်နေတာလေ နေခြည်အေး'

'ငါ့ကိုမြင်လို့ပြောတဲ့စကား မဟုတ်လား၊ နင့်မှာ တကူးတက ပန်းကောက်ပေးရမယ့်သူ ရှိနေပြီလား။ မှန်မှန်ပြောစမ်း ထင်လင်းမောင်'

ကြားချင်လွန်းသောအသံကို ကြားရ၍ နားဝင်ချို၏။

မြင်ချင်လွန်းသောမျက်နှာကို ဖူးတွေ့ရ၍ ကြည်နူးမိသည်။

'တကယ်ပါ… အမြဲမဟုတ်တောင် နင့်ကို သတိရတိုင်း ခရေပန်းတွေကောက်ဖြစ်တယ်။ အိမ်မှာ ငါသိမ်းထားတဲ့ မုန့်ခြောက်တွေ အများကြီးပါ နေခြည်အေး'

www.burmeseclassic.com



သူပြောစကားကို နေခြည်အေး ယုံကြည်သွားပုံရသည်။ သူနှင့်အတူ ခရေပန်းတွေကောက်၏။

ခရေတစ်ပွင့်အပေါ် နှစ်ယောက် လက်ရွယ်မိရင်းက နေခြည်အေး ပြောသည်။

'ပြောစရာရှိလို့ နင့်အပြန်ကို လာစောင့်နေရတာပဲ ထင်လင်းမောင်'

နေခြည်အေးတစ်ယောက် ခရီးဝေးမှ ရောက်လာတာ မကြာမြင့်သေး။ အဝတ်အစားနှင့် ခရီးပန်းထားသည့်အသွင် အပြင်က အရာမယွင်းသေးပေ။

'ဘာများ အရေးတကြီးပြောစရာရှိလို့လဲ နေခြည်အေး'

'ငါနဲ့အတူတူ ဧည့်သည်တစ်ယောက်ပါလာတယ်။ နင့်အိမ်မှာပဲ အဲဒီဧည့်သည်ကို ထားထားတယ်။ ငါနဲ့တင်မကဘူး၊ နင်နဲ့ပါသိတာလို့ လူကြီးတွေရှေ့မှာ စကားကျွံထားလို့လေ'

ဧည့်သည်ကို သူ့အိမ်မှာထားသည်။ သူနှင့်ပါသိနေသည် ဆိုသော စကားများကြောင့် အထူးအဆန်းဖြစ်ရသည်။

'နင် ခေါင်းစားသွားပြီမဟုတ်လား ထင်လင်းမောင်၊ ပါလာတဲ့ဧည့်သည်က ယောကျ်ားလေးမို့ပါ'

'ယောကျ်ားလေး… ဟုတ်လား နေခြည်အေး'

'ဟုတ်တယ်… နင်နဲ့ တွေ့ပေးချင်လို့ ခေါ်လာခဲ့တာ။ ငါ့မှာ တိုင်ပင်စရာ အရင်းနှီးဆုံးလူဆိုလို့ နင်ပဲရှိတာ မဟုတ်လား။ သူ့ကို နင် အကဲခတ်ပေးဦးနော်'



သူ့ရင်ကိုကျိုးစေမည့် အရိပ်လက္ခဏာတွေ ရှင်းလင်းသွားအောင် မေးမိသည်။ သူ့အသံတွေ တုန်ယင်နေတာကို နေခြည်အေး သတိထားမိမည်ထင်၏။

'အဲဒီ ဧည့်သည်ဆိုတာက နင်နဲ့…'

'သူ့နာမည်က 'သတိုးဦး'တဲ့။ ငါ့ထက် နှစ်နှစ်ကြီးတယ်။ ကုမ္ပဏီတစ်ခုတည်း အတူလုပ်ရင်း ဆုံဖြစ်ကြတာလေ'

'ဒါဆို နင်နဲ့ သူက…'

'ချစ်သူတွေလို့ အကြမ်းဖျဉ်းယူဆလို့တော့ ရတယ်။ တရားဝင်တော့ မဖြစ်ကြသေးဘူး။ နင်နဲ့ တွေ့ပေးချင်တာရယ်၊ နင်နဲ့ တိုင်ပင်ချင်တာရယ်ကြောင့် အဖြေမပေးရသေးတာ'

ရင်ကွဲစေသော စကားတွေမှန်း နေခြည်အေး မသိရှာလေသလား။ သူ့အချစ်၊ သူ့သံယောဇဉ်များမှာတော့ ကြေကွဲမှု မီးမှောင်တွေ ပိတ်ဖုံးသွားခဲ့ပြီလေ။

✣ ✣ ✣

အလျှူကို အကြောင်းပြပြီး နေခြည်အေးက သတိုးဦးအား သူ့လက်သို့ ဝကွက်အပ်ထားသည်။ သတိုးဦးနှင့် တရင်းတနှီးဖြစ်ရုံမက သူသွားလေရာသို့ သတိုးဦး တကောက်ကောက်လိုက်သည်။

'လည်ပေါက်'မှာ ကားလမ်းဘေးမှာ ဖြစ်သည်မို့ လဘက်ရည်ဆိုင်တွေ ဘာတွေရှိပြီး သူတို့နေရာထက်တော့ မြို့ဆန်ချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



'လက်ဖက်ရည်ဆိုင်ထိုင်ရအောင်ဗျာ'

သူကတော့ လက်ဖက်ရည်ကို မက်မက်မောမော မရှိ။ လက်ဖက်ရည်ကြိုက်တတ်သော ထင်လင်းမောင်အတွက်တော့ ကိုယ်ချင်းစာမိသည်။

'ဒီမှာထိုင်တာထက်စာရင် ယင်းမာပင်မှာ သွားထိုင်တာက ပိုကောင်းမယ်။ ယင်းမာပင်က မြို့ဆိုတော့ လက်ဖက်ရည် ပိုကောင်းမှာ'

ယင်းမာပင်က မြို့နယ်အဆင့်ဆိုတော့ ဆေးရုံတွေ၊ ကျောင်းတွေ၊ ဈေးတွေနှင့် မျက်စိပသာဒဖြစ်စေမှာ အမှန်ပင်။

'ခင်ဗျားအကြောင်းကို နေခြည်က အမြဲပြောတယ်။ မျက်မြင်တွေ့ရ မြင်ရတော့ တကယ်လေးစားမိတယ်ဗျာ။ လည်ငေါက်နဲ့ ယင်းမာပင်က ဘာဝေးလို့တုန်း။ ယင်းမာပင်မှာ ဆေးရုံရှိတယ်၊ ဆရာဝန်ရှိတယ်။ ဒါပေမဲ့ သူတို့တွေက ခင်ဗျားကိုပဲ အားကိုးနေကြတာမဟုတ်လား'

သူ့ဖခင်က တိုင်းရင်းဆေးဆရာကြီးတစ်ဦး။ ဖခင်နှင့်အတူ ရွာစဉ်ဆေးလိုက်ကုရင်း ဝါသနာပါခဲ့သည်။ ဆယ်တန်းအောင်တော့ အမှတ်မမီသောကြောင့် ဆရာဝန်ဖြစ်ခွင့်မရလိုက်ပေ။ ကျန်းမာရေးမှူးသင်တန်းတက်ပြီး ကိုယ့်ဒေသမှာပင် တာဝန်ထမ်းဆောင်ခဲ့သည်။

'ဖြစ်ချင်တာတော့ ဆရာဝန်ပါပဲ။ ဘဝပေးကုသိုလ်အရအခု အခြေအနေနဲ့ပဲ ရောင့်ရဲလိုက်ရတာ'





'ဘာဖြစ်သေးလဲ၊ အခုလည်း လူနာတွေကို စေတနာနဲ့ပြုစုစောင့်ရှောက်ပေးနေတာပဲ။ လူငယ်ဆိုပေမယ့် ခင်ဗျားကကျွန်တော်တို့ထက် စိတ်ချမ်းသာပြီး အောင်မြင်မှုရနေတဲ့လူပါဗျာ'

'ဒါနဲ့ ကိုသတိုးဦးက ဘယ်တော့လောက် ပြန်ဖြစ်မှာလဲ'

'နက်ဖြန် အလှူပြီးရင် သန်ဘက်ခါပြန်မယ်။ နေခြည်ပါပြန်မှ ဖြစ်မှာ'

မိုင်ရာပေါင်းများစွာဝေးပြီး လမ်းမှာ ညအိပ်ရသောခရီးကို အတူသွား၊ အတူလာကြသည်ဆိုသောအသိကြောင့် ရင်ထဲမှာဟာရသည်။ သူတို့က ချစ်သူတွေပဲလေဆိုသောအတွေးကြောင့် နမြောကြောင့်ကြသည့်စိတ်ကို ခေါင်းထဲကထုတ်လိုက်ရပြန်သည်။

✣ ✣ ✣

နှစ်ယောက်စလုံး ရေမိုးချိုးပြီးတော့ သုံးနာရီသာသာရှိသေး၏။ ဖိုးဝင်းတောင်သို့ သွားခါနီးမှာ နေခြည်အေး ရောက်လာသည်။ နေခြည်အေး၏ အလှအပများမှာ သူနှင့်လုံးဝမသက်ဆိုင်တော့ဟု ဝမ်းနည်းစွာ နားလည်လိုက်ရသည်။

'စည်သည်နဲ့အတူတူ အိမ်မှာ ညနေစာစားဖို့ လာခေါ်တာ ထင်လင်းမောင်'

'လိုက်စားဖြစ်မယ် မထင်ဘူး။ ဖိုးဝင်းတောင်ကို လိုက်ပို့ပေးပြီး အဲဒီမှာပဲ ကျွေးမလားလို့'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို နင်တို့အပြန် မှောင်မှာပေါ့။ နှစ်ယောက်တည်း မသွားနဲ့။ အဖော်ခေါ်သွားဦး'

ဒီနေရာ ဒီဒေသတစ်ဝိုက်မှာ ဘယ်အချိန်ဖြစ်ဖြစ် သွားနေလာနေကျဖြစ်သည်။ သတိုးဦးပါနေ၍ စိုးရိမ်ပြလိုက်ပုံရသည်။

'နေခြည်ပါ လိုက်ခဲ့ပါလား'

ရန်ကုန်မှာတော့ ဘယ်လိုနေထိုင်ကြသည်မသိ။ ကိုယ့်အရပ် ကိုယ့်ဒေသမို့ နေခြည်အေး စည်းစောင့်တာလည်း ဖြစ်နိုင်ကောင်းသည်။

'မလိုက်တော့ဘူး သတိုး၊ မနက်ဖြန် အလှူဆိုတော့ နေခြည်ရှိနေမှ ကောင်းမှာ'

သတိုးဦးက အတင်းအကျပ်ထပ်မခေါ်သလို နေခြည်အေးကလည်း ဣန္ဒြေရစွာကျန်နေခဲ့သည်။

မူလအစီအစဉ်က နှစ်ယောက်တည်း သွားဖို့ဖြစ်သည်။ နေခြည်အေး၏ စိုးရိမ်စကားကြောင့်ပင် ကောင်လေးနှစ်ယောက်ကို အဖော်အဖြစ် ခေါ်ရသည်။

နေရောင်မပျောက်ခင်မှာ မိဖုရားဂူ၊ ဝက်ဘာဂူ၊ ရွှေသာလျောင်း၊ ရွှေဘုံတောင်၊ ကွမ်းစင်တိုင်ဘုရားကြီး စသည့် အထင်ကရနေရာများကို လိုက်ပို့ပေးသည်။

စပိုတောင်ပေါ်ကိုတော့ စားပြီးသောက်ပြီးမှ အေးအေးဆေးဆေးတက်မည်ဟု ချန်ထားလိုက်မိသည်။

✣ ✣ ✣





မုံရွာသို့ ဖုန်းလှမ်းဆက်ပြီး နေခြည်အေးတို့အတွက် ကားလက်မှတ် စီစဉ်ပေးရသည်။ အရင်တုန်းကတော့ နေခြည်အေး ရန်ကုန်ပြန်ရင် မုံရွာဘက်အထိ သူက လိုက်ပို့ပေးနေကျ။

အခုအခေါက်မှာတော့ သတိုးဦး ပါလာသောကြောင့် သူလိုက်ပို့ပေးဖို့ မလိုတော့ပေ။ သူနှင့် နေခြည်အေးတို့လည်း နှစ်ယောက်တည်း စကားအေးအေးဆေးဆေး ပြောချိန်မရပေ။

အိပ်ရေးပျက်တာ၊ ပင်ပန်းတာတွေ ဆက်တိုက်ဖြစ်သွားတော့ သတိုးဦးတစ်ယောက် စောစီးစွာ အိပ်ရာဝင်သွားသည်။ သူကတော့ အိပ်ပျော်ဖို့ အချိန်များစွာယူရဦးမည်ပဲ။

အိမ်အောက်ထပ်ဆီမှ စကားပြောသံကြောင့်ပင် အသေအချာ နားစိုက်မိသည်။ နေခြည်အေး၏ အသံမှန်းသိတော့ အောက်ထပ်သို့ ဆင်းလာဖြစ်သည်။

'သတိုး အိပ်သွားပြီလား ထင်လင်းမောင်'

'သူ အိပ်ပျော်နေပြီ နေခြည်အေး၊ အထွေအထူး ပြောစရာရှိလို့လား။ တက်နှိုးလိုက်မယ်လေ'

'မနှိုးနဲ့ ထင်လင်းမောင်၊ သူအိပ်ပျော်နေတော့ နင်နဲ့ ငါ စကားအေးအေးဆေးဆေး ပြောလို့ရတာပေါ့'

ပြောစရာစကားတို့ ဆိတ်သုဉ်းသွားခဲ့ပြီပဲ။ ဘာတွေများ ပြောချင်ပါလိမ့်ဟု စဉ်းစားလို့မရ။

အိမ်ထဲမှနေ နေခြည်အေး ဦးဆောင်ထွက်သွားသည်။ အသံမဲ့စွာ သူလိုက်ပါဖြစ်သည်။ ထနောင်းပင်ခြေရင်းမှာ သက်



www.burmeseclassic.com

www.burmeseclassic.com



ပြင်းချရင်း နေခြည်အေး ထိုင်လိုက်သည်။ ခပ်ခွာခွာပင် သူလည်း လိုက်ထိုင်မိသည်။

'သူ့ကို အကဲခတ်ရသလောက် နင် ပြောကြည့်ပါလား ထင်လင်းမောင်'

'မဆိုးပါဘူးလို့ပြောရမှာပဲ နေခြည်အေး၊ နင် ကံကောင်းမှာပါ'

'နင် လူကဲခတ်မညံ့သလို ငါလည်း မညံ့ဘူး။ ဒါပေမဲ့ ငါစိုးရိမ်တာတစ်ခုရှိတယ် ထင်လင်းမောင်'

'ဘာများလဲ နေခြည်အေး'

'သူ ငါ့အပေါ် သေတစ်ပန်သက်တစ်ဆုံး ချစ်တာမျိုး ဟုတ်ရဲ့လားဆိုတဲ့ စိုးရိမ်စိတ်ပဲ'

သူ့သံယောဇဉ်တွေ၊ ချစ်ခြင်းတွေကိုပစ်ပယ်ပြီး တစ်ပါးသူရင်ကို ခိုဝင်သော နေခြည်အေးတစ်ယောက် မအေးမြနိုင်ပါလားဟု စိတ်မကောင်းဖြစ်မိသည်။

'သူ နင့်ကို တကယ်ချစ်တာနေမှာပါ။ ဒါကို ငါ့ထက်စာရင် နင်က ပိုသိမှာပေါ့ နေခြည်အေး၊ နင်တို့ချင်းက စိတ်ချင်းရင်းနှီးကြသလို တစ်ယောက်ရင်ထဲတစ်ယောက် ထိုးဖောက်မြင်နိုင်စွမ်းရှိကြတာပဲ'

သူ့ရင်ထဲမှာတော့ သောကတွေ လောင်မြိုက်နေတာကို နေခြည်အေးတစ်ယောက် မြင်နိုင်စွမ်းရှိပါ့မလား။ သံယောဇဉ်မြင့် နှစ်ရှည်လများ နေထိုင်လာခဲ့ပြီး ချစ်ခြင်းတွေဖြင့် တစ်ဘဝ



လုံးနေတော့မည်ဟု စိတ်ကူးယဉ်သမျှတို့ ဇာတ်လမ်းဆုံးသွားခဲ့ပြီ။

'ဒီက အပြန်လမ်းမှာ သူ့ကို အဖြေပေးလိုက်တော့မယ် နော် ထင်လင်းမောင်'

ရက်စက်တာလား၊ မသိတတ်တာလား၊ ကိုယ်ချင်းမစာတာလားဟု အပြစ်မတင်ရက်တော့ပေ။ ရင်ထဲမှာ တစ်ဆို့လာသောကြောင့် ခေါင်းညိတ်ပြလိုက်မိသည်။

'မနက်ဖြန် နင် လိုက်ပို့ဦးမလား ထင်လင်းမောင်'

'နင့်မှာ ရန်ကုန်အထိ အဖော်ပါနေတာပဲ။ အရေးတကြီး လုပ်စရာတစ်ယောက် သွားကြည့်စရာလည်း ရှိနေတယ်လေ။ ငါ လိုက်မပို့တော့ဘူး နေခြည်အေး'

'ဒါဆို ငါ ပြန်အိပ်တော့မယ် ထင်လင်းမောင်၊ ငါ့ဆီလည်း မကြာမကြာ နင် ဖုန်းဆက်ဦးနော်'

'နက်ဖြန် နင်နဲ့ တွေ့ချင်မှ တွေ့တော့မှာ။ နင့်ကို တစ်ခါတည်း နှုတ်ဆက်တယ် နေခြည်အေး'

သူ့အမူအရာ၊ သူ့စကားတွေကြောင့်ပင် နေခြည်အေး မျက်နှာလေး ညှိုးကျသွား၏။

ဖြစ်တည်ခဲ့တဲ့ သံယောဇဉ်တွေက နည်းနည်းနောနောမှ မဟုတ်ဘဲလေ။ သူ့ရင်ကို နေခြည်အေး နားလည်သွားပြီလား။

နေခြည်အေး ကျောအခိုင်းမှာပင် ပါးပြင်ပေါ်မှာ ပူခနဲ ဖြစ်သွားသည်။ မျက်ဝန်းထက်မှာ ဝမ်းနည်းခြင်းတွေ စုဝေးနေပေမယ့် ငယ်ကကျွမ်းခဲ့တဲ့ သံယောဇဉ်ပုံရိပ်များကတော့ ပြန်

www.burmeseclassic.com

www.burmeseclassic.com



မြင်ယောင်ချိန်မှာ အမြဲပြုံတ်သား အမှတ်ထင် ကျန်ရစ်ခဲ့ပါလေ။

ရှိပါစေတော့ နေခြည်အေး။ ငယ်ဘဝလေးတွေကို ပြန်လည်တမ်းတရင်းနဲ့ပဲ ကိုယ့်ကိုယ်ကိုယ် နှစ်သိမ့်ပါရစေတော့။

✣ ✣ ✣



# အပိုင်း (တစ်)

www.burmeseclassic.com

www.burmeseclassic.com

သူနှင့် နေခြည်အေးတို့ကို တစ်မြေတည်းမှာမွေးသည်။ တစ်ရေတည်းသောက်သူများ ဖြစ်ကြသည်။ ထိုထက်မက ပြောရရင်တော့ သူနှင့် နေခြည်တို့မှာ ငါးမိနစ်ခြားပြီး လူ့လောကသို့ ရောက်ခဲ့ကြသူများဖြစ်သည်။

သူ့ မွေးဖော်မွေးဖက်မှာ နေခြည်အေး။
နေခြည်အေး၏ မွေးဖော်မွေးဖက်မှာ သူပင်ဖြစ်၏။

✣ ✣ ✣

လူကြီးတွေပြောစကားအရ သူနှင့် နေခြည်အေးတို့ မိခင်များ၏ဝမ်းတွင် သန္ဓေတည်ကတည်းက နှစ်ဖက်မိဘများ စီးပွားစဖြစ်ခဲ့ခြင်းဖြစ်သည်။

သူ့ဖခင်မှာ လယ်ယာတောင်သူ ဗမာဆေးဆရာ။ နေခြည်အေး၏ မိဘများမှာလည်း မိဘလက်ငုတ် လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ ဖြစ်ကြသည်။



သူနှင့် နေခြည်အေးတို့မှာ ငါးမိနစ်ကြီး ငါးမိနစ်ငယ် ဖြစ်ကြသော်လည်း သူ့မိဘ ဦးထင်နှင့် ဒေါ်ကြွယ်တို့မှာ နေခြည်အေး မိဘများဖြစ်သော ကိုချစ်ထွန်းနှင့် မအေးမေတို့ထက် အိမ်ထောင်သက် အများကြီးစောသလို အသက်အရွယ်မှာလည်း ဆယ်နှစ်ကျော်မက ကွာကြသူများဖြစ်သည်။

တစ်နေ့ ဆေးဆရာ ဦးထင်အိမ်သို့ ကိုချစ်ထွန်းတို့ လင်မယား ရောက်လာကြသည်။

‘ဦးထင်ရေ… မောင်ချစ်ထွန်းတို့ လာကြတယ်’

ဆေးမှုန့်စစ်နေသော ဦးထင်မှာ ဇနီးသည် ဒေါ်ကြွယ်၏ အသံကြောင့် အိမ်ရှေ့ခန်းသို့ ထွက်လာရသည်။

မောင်ချစ်ထွန်းကတော့ ဦးထင်တို့ရွာသား။ မအေးမေမှာတော့ တခြားရွာသူ။ မောင်ချစ်ထွန်းအား တစ်မျက်နှာဖြင့် သျှောင်နောက်ဆံထုံးပါသူလေးဖြစ်သည်။

‘ကဲ… မောင်ချစ်ထွန်းတို့ ဘယ်လိုအကြောင်းရှိလို့တုန်း’

‘ဆေးဆရာအိမ်လာမှတော့ နာမကျန်းဖြစ်လို့ပေါ့ ဦးထင်ရယ်’

‘မင်းတို့နှစ်ယောက်ထဲက ဘယ်သူ ဘာဖြစ်တာတုန်း’

‘အေးမေဖြစ်တာတဲ့ ဦးထင်၊ ဒီရက်ပိုင်း မတွေ့တာနဲ့ အေးမေ ချောင်ကျသွားသလိုပဲ’

ဇနီးသည်၏ စကားကြောင့်ပင် ဦးထင်က အေးမေ၏ ရုပ်လက္ခဏာကို အသေအချာ အကဲခတ်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



ချစ်ထွန်းကတော့ အေးမေ ဖြစ်သမျှကို အပြေစကား အတိုင်း ပြောပြသည်။

'အေးမေ တခွေခွေဖြစ်နေတာ တစ်ပတ်လောက်ရှိပြီ ဦးထင်၊ ဖျားတာလည်းမဟုတ်ဘူး။ အစားအသောက်လည်းပျက်တယ်။ အော့အန်တာလည်း တစ်ရက် နှစ်ရက်ရှိပြီ။ အစားများမှားသလား၊ အစာအိမ်ပဲ မကောင်းတာလား၊ လေနာဖြစ်နေတာလား မသိဘူး'

ဦးထင်နှင့် ရင်းနှီးနေသူမို့ ဦးချစ်ထွန်းက သိသရွေ့ မှတ်သရွေ့ နွားရှေ့ထွန်ကျူးပြနေသေး၏။

ဦးထင်ကလည်း ချစ်ထွန်းပါးစပ်ထဲ တွေ့ရာလျှောက် ပြောတာတွေကို ဂရုမထား။ ကာယကံရှင်အေးမေကို မေးမြန်း လိုက်၏။ အေးမေ ဘာဖြစ်နေတာကို ဦးထင် သိသည်။ ပိုသေချာ အောင် အေးမေအား မေးလိုက်ခြင်းဖြစ်၏။

'အေးမေ… ရာသီပန်းရော ပွင့်ရဲ့လား'

စကားလုံးတွေက သိမ်မွေ့ပေမယ့် အမေးခံရသော အေးမေခမျာ မျက်နှာလေးရဲပြီး ခေါင်းငုံ့သွား၏။

'မရှက်ပါနဲ့ အေးမေ၊ ဖြေပါ'

ဦးထင်၏အမေး၊ အေးမေဖြေမည့်အဖြေတို့ကို ဒေါ်ကြွယ် ရော ချစ်ထွန်းပါ စိတ်ဝင်စားနေကြသည်။

'ဟင့်အင်း'

'ရှေ့တိုး အေးမေ'

အေးမေကို အသေအချာကြည့်သည်။ ပြီးသည်နှင့်…





'မင်းမိန်းမဖြစ်နေတာ လေနာလည်းမဟုတ်ဘူး၊ အစာ အိမ်လည်းမဟုတ်ဘူး၊ မင်းမိန်းမအေးမေမှာ ကိုယ်ဝန်ရှိနေပြီ'

'ဟာ… ဟုတ်လား၊ တကယ်လား ဦးထင်'

'ဟုတ်တယ်… မင်း အသေအချာဂရုစိုက်တော့၊ ပြီးတော့ အလုပ်လည်းပိုလုပ်။ ပါးစပ်ပေါက်တစ်ပေါက်တိုးလာ တော့မယ် ချစ်ထွန်း'

ဦးထင်က မှာစရာရှိတာတွေ မှာသည်။ သောက်သင့် သည့်ဆေးတို့ကို ပေးသည်။ ချစ်ထွန်းတို့လင်မယား ပျော်ရွှင်စွာ ပြန်သွားကြပေမယ့် ဇာတ်လမ်းကမပြီးသေး။

သူမထက် ဆယ်နှစ်လောက်ငယ်သော အေးမေအဖြစ်ကို သိရပြီးမှ ဒေါ်ကြွယ်လည်း တစ်စခန်းထတော့သည်။

'ဦးထင်… ထဦး'

သန်းခေါင်းကြက်တွန်ပြီးပေမယ့် ဒေါ်ကြွယ်မှာ အိပ် မပျော်။ အိပ်ရာထက်မှာ ဘယ်ညာလူးလိမ့်ရင်း လျှောက်တွေး နေဖြစ်သည်။ နောက်ဆုံးတော့ ငုတ်တုတ်ထထိုင်ပြီး ဦးထင်ကို နှိုးရသည်အထိ ဖြစ်သွားရသည်။

အိပ်ပျော်နေတုန်း ရုတ်တရက်အနှိုးခံရသည်မို့ ဦးထင် တစ်ယောက် တောင်တောင်မြောက်မြောက်တွေ ဖြစ်ရသည်။

'ဘာဖြစ်တာလဲ… ခြေသံကြားလို့လား၊ သူခိုးကပ် ဘယ်ထင်လို့လား၊ အောင်နက်ရဲ့ဟောင်သံလည်း သိုးသိုးသန့် သန့်တောင် မကြားရဘူး'

'ရှင့်ကို ပြောစရာရှိလို့ ဦးထင်'

'နေ့တိုင်း မတွေ့ရတဲ့သူတွေကျနေတာပဲ၊ တစ်ရေးနိုးမှ



www.burmeseclassic.com

www.burmeseclassic.com



အရေးတကြီးဖြစ်ရတယ်လို့'

'ပြောသင့် မပြောသင့်ရယ်၊ သေချာလား၊ မသေချာလားဆိုတာ မသိတာရယ်ကြောင့်ပါတော်'

'ကဲ... အခုပြောမလို့မဟုတ်လား၊ ပြော'

'ဟို... အေးမေတို့ အိမ်ထောင်ကျတာ တစ်နှစ်စွန်းစွန်းလောက်ပဲရှိဦးမှာ။ ဒီနေ့ဆို ရှင်နဲ့ ကျွန်မ အိမ်ထောင်ကျတာ ခုနစ်နှစ်ပြည့်ပြီ'

'အဲဒါ ဘာဖြစ်လို့တုန်း'

'ကျွန်မလည်း အေးမေဖြစ်သလို ဖြစ်နေတာ။ ရိုးရိုးပဲထင်ပြီး ဟိုဆေးသောက် ဒီဆေးသောက်နဲ့ ဒီတိုင်းနေတာ၊ အေးမေအဖြစ်ကို ကြည့်ပြီးမှ စဉ်းစားမိတာ၊ ကျွန်မတို့က အိမ်ထောင်သက်ကလည်း ကြာပြီ၊ ပြီးတော့ ကျွန်မကလည်း အေးမေလောက်မပျော့တော့ ရှင် သတိမထားဖြစ်တာနေမှာ'

ဘာမပြော ညာမပြောနှင့် ဦးထင်တစ်ယောက် ခေါင်းကြွယ် ပါးပြင်ကို နမ်းရှိုက်လိုက်သည်။

'တကယ်သေချာရင်တော့ ဝမ်းသာစရာကြီးပါပဲ မိန်းမရယ်။ သားသားပဲဖြစ်ဖြစ်၊ မီးမီးပဲဖြစ်ဖြစ် တို့အိမ်မှာ ဆွဲလဲလေး တစ်ခု လိုအပ်နေတာ မဟုတ်လား'

ညနေခင်းက ချစ်တွန်း ဝမ်းသာသလို ဆေးဆရာဦးထင်လည်း သန်းခေါင်ကြက်တွန်ပြီးမှ ဝမ်းသာနေ၏။

✣ ✣ ✣





ဒီအဖြစ်အပျက်တွေကတော့ သူနှင့် နေခြည်အေးတို့ သံယောဇဉ်မြစ်ဖျားခံရာများ ဖြစ်၏။

ကိုယ်ဝန်ရှိကြတော့လည်း မရှေးမနှောင်း။

မွေးဖွားကြတော့လည်း ငါးမိနစ်သာ ခြားသည်။

သူက ငါးမိနစ်စောသောကြောင့် နေခြည်အေးထက် အသက်ကြီးသူ။ လူ့လောကသို့ မရောက်လာခင်ကတည်းက သူနှင့် နေခြည်အေးတို့၏ အဖြစ်အပျက်တွေက များစွာဆက်နွှယ်မှု ရှိနေလေ၏။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

## ၂။

နေခြည်အေးမှာ သူနှင့် သွေးသားမတော်စပ်။ သို့သော် သံယောဇဉ်အရာမှာတော့ နှစ်ကိုယ့်တစ်စိတ်လို့ ပြောလို့ရမည်ထင်၏။ လူလားမြောက် ကြီးပြင်းခဲ့ရာတစ်လျှောက်လုံး တစ်ယောက်နှင့်တစ်ယောက် မျက်စိအောက်ကနေ အပျောက်မခံခဲ့ကြပေ။

ဒါတွေကို သူနှယ် နေခြည်အေးလည်း သိသည်။

သူ့အပေါ် သံယောဇဉ်မကင်းပေမယ့် သူ့နှလုံးသားကိုတော့ နေခြည်အေးတစ်ယောက် နားမလည်နိုင်ခဲ့ပေ။

တွေ့ဆုံကြုံကြွဲ မွေ့တာကို နားလည်နိုင်ပေမယ့် အခုဘဝမှာတော့ နေခြည်အေးအချစ်ကို သူရယူချင်သေး၏။

✣ ✣ ✣



သံယောဇဉ်တွေ ထုထည်ကြီးမားခဲ့ကြသည်။ ငြိတွယ်ရာတွေ မိုးမြေမက ရှိခဲ့ဖူးကြသည်။ ဒါတွေအားလုံးဟာ ပုံပြင်မဟုတ်။ ဒဏ္ဍာရီလည်းမမည်။ သူနှင့် နေခြည်အေးတို့သာမက ပတ်သက်ရာဝန်းကျင်က လူတွေအားလုံး သိခဲ့ မြင်ခဲ့ကြသည်ပဲ။

သူနှင့် နေခြည်တို့ကို အညာဆောင်း၏ အလယ်လောက်မှာ မွေးခဲ့ကြသည်။ သူတို့နှစ်ယောက်ကိုမမွေးမီ နှစ်ရက်လောက်အလိုကတည်းက မိုးတွေရွာနေခဲ့သည်ဟု ဆို၏။

သူတို့နှစ်ယောက်ကို မမွေးခင်ကတည်းက မိဘတွေ၏ စီးပွားရေးက အတော်လေးကို လူလူသူသူဖြစ်လာခဲ့ကြသည်ဟု ဆို၏။

ကိုယ်ဝန်လွယ်ထားတာချင်းတူပေမယ့် နေခြည်အေးမိခင်အေးမေက အသက်ငယ်သလို ခပ်နုနုသမား။ သူ့မိခင်ဒေါ်ကြွယ်ကတော့ စိတ်ကြမ်း ကိုယ်ကြမ်း။ အေးမေကိုပင် ဒေါ်ကြွယ်က ပြန်ပြီးပြုစုပေးနေခဲ့ရသည်။

'အေးမေရယ်… နင့်ကြည့်ရတာ မသက်သာလိုက်တာ၊ နင်ရော ငါရော ရက်မကွာဘဲမွေးမယ်လို့ ဦးထင်ရော၊ ဝမ်းဆွဲအဘွားပုကပါ ပြောထားတာပဲ'

'ဟုတ်ပါရဲ့ ဒေါ်ကြွယ်ရယ်၊ အေးမေက လူနုသလို စိတ်ကလည်း နုတယ်၊ ဒီရက်ပိုင်းမှာ ဒေါ်ကြွယ်တို့အိမ်ကို ပြောင်းနေချင်တယ်လို့ ပြောနေတယ်။ ဦးထင်လည်း အနားမှာရှိတော့ ပိုစိတ်ချရတယ်။ အဘွားပုလည်း ဟိုပြေး ဒီပြေး ပြေးရာ မလိုတော့ဘူးလေ'

www.burmeseclassic.com



ချစ်ထွန်းပြောတာကို ဦးထင်ရော၊ ဒေါ်ကြွယ်ပါ လက်ခံလိုက်ကြသည်။ ကိုယ်ဝန်ဆောင်သည်ချင်းအတူတူ အေးမေအတွက် ဒေါ်ကြွယ်က ပူပန်နေရသည်။ ဒေါ်ကြွယ်ကိုယ်တိုင်ကပင် ကိုယ်ဝန်ဆောင်ထားရသည်ကို မေ့လျော့နေသလားဟု အများက မေးယူရသည်။

မီးဖွားခါနီးတော့လည်း ဒေါ်ကြွယ်မှာ သက်သောင့်သက်သာ။ အေးမေကတော့ အမေကယ်ပါ၊ အဘကယ်ပါနှင့် ထအော်ဟစ်ညည်းတွားနေတာ ကြားရသူအပေါင်း စိတ်မသက်သာကြပေ။

'အေးမေတော့ မွေးခါနီးပြီထင်တာပဲ ဦးထင်၊ တကယ်မွေးတဲ့အခါ အေးမေ အားကုန်မှာပဲစိုးရတယ်'

အော်ဟစ်နေသော အေးမေကြောင့်ပင် အနီးရှိလူတွေအားလုံး ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိပေ။ ဒီအထဲတွင် ဒေါ်ကြွယ်တစ်ယောက်လည်း အပါအဝင်ဖြစ်၏။

ဦးထင်က မီးနေခန်းကို နှစ်ယောက်စာပြင်ဆင်ပြီးသား။ မီးနေခန်းအပြင်ဘက်မှာ ဒေါ်ကြွယ်အပါအဝင် လူတွေစောင့်နေကြသည်။ ချွေးသီးချွေးပေါက်များဖြင့် လက်သည် အဘွားပု ထွက်လာသည်။

'ဦးထင်ရေ... အေးမေ မွေးတော့မယ်၊ မိန်းမအဖော်နှစ်ယောက်လောက် လိုမယ်ထင်တယ်'

အေးမေမှာ ခြေကုန်လက်ပန်းကျသွားပုံရသည်။ အော်ဟစ်ညည်းတွားသံတွေက တဖြည်းဖြည်းချင်း တိုးလာတာကို အားလုံးကြားနေကြသည်။

လက်သည် အဘွားပု ရေသောက်ဖို့ ပြင်ဆဲမှာပင် ဒေါ်ကြွယ်က...

'ဦးထင် ကျွန်မလည်း ဘာဖြစ်တယ်မပြောတတ်ဘူး၊ မွေးချင်နေပြီလား မသိဘူး'

ဒေါ်ကြွယ်ပြောတာကို ဦးထင်အပါအဝင် အားလုံးကြားကြသည်။ ဒီအခါမှ ဒေါ်ကြွယ်ကို သတိရကြတော့သည်။

'ဟုတ်သားပဲ... အေးမေကို ဂရုစိုက်နေရတာနဲ့ ကိုယ့်မိန်းမကိုတောင် မေ့နေတယ်။ ကဲ... အဘွားပုရေ၊ ခင်ဗျားတော့ နှစ်ယောက်စလုံး တစ်ပြိုင်နက် ဝမ်းဆွဲရတော့မယ်ထင်တယ်'

လက်သည်အဘွားပုနှင့်အတူ ဒေါ်ကြွယ်တစ်ယောက် မီးနေခန်းတွင်းသို့ ဝင်လိုက်သွားပေမယ့် ဘယ်သူမှ တွဲခေါ်စရာမလို။ အေးမေလိုလည်း ရုပ်ပျက်ဆင်းပျက်မဖြစ်ပေ။

သူနှင့် နေခြည်အေးတို့နှစ်ယောက်ကို ကပ်ကြေးတစ်ခုတည်းနှင့်ပင် ချက်ကြိုးဖြတ်ခဲ့ရသည်ဟု ဆိုသည်။ အချင်းဆေးသော ရွှေရည်စိမ်လင်ဗန်းမှာလည်း တစ်ခုတည်း။ အချင်းမြှုပ်တော့လည်း အတူတူပင်။

မီးထွက်ပေမယ့် အေးမေက ချူချာချင်သောကြောင့် ဦးထင်တို့အိမ်မှာပင် တစ်လပြည့်အထိ အတူနေခဲ့ကြသည်။

မီးနေသည်ချင်းတူပေမယ့် ဒေါ်ကြွယ်က အေးမေလို

www.burmeseclassic.com



မဟုတ်။ အေးမေက နို့မထွက်နိုင်။ ဒေါ်ကြွယ်က နို့ကောင်းသောကြောင့် ကလေးနှစ်ယောက်ကို အသာလေးနို့တိုက်နိုင်၏။

တစ်လပြည့်သောနေ့မှာပင် အေးမေတို့မိသားစု ကိုယ့်အိမ်ကိုယ်ပြန်ကြသည်။ နေမဝင်ခင်မှာပင် နှစ်ဖက်မိဘတွေအားလုံး ပျာယာခတ်ရတော့သည်။

'မင်း ဘယ်သွားမလို့လဲ ချစ်ထွန်း၊ သမီးလေးရောကောင်းကောင်းနေရဲ့လား'

ကလေးသဘာဝက ငိုတာအဆန်းမဟုတ်ပေမယ့် သူနှင့်နေခြည်အေးတို့ကျမှ အဆန်းတကြယ်ဖြစ်ရသည်ဟု ဆို၏။

'ဦးထင်တို့အိမ်ကို လာခဲ့တာပဲ၊ ကလေးက ခဏခဏငိုနေတောတာပါ၊ ချော့လည်းမရ၊ အေးမေ နို့တိုက်လို့လည်းဘာမှမထူးဘူး။ ကျွန်တော်ဖြင့် ကလေးငိုအားကြီးလွန်းလို့ ခေါင်းခြောက်နေတော့တာပဲ'

'ငါ့သားလည်း ဒီတိုင်းပဲ ချစ်ထွန်း'

'ဘယ်လိုလုပ်ကြရင်ကောင်းမလဲ ဦးထင်'

'ဒီကလေးနှစ်ယောက်နဲ့ ပတ်သက်ပြီး အခုပဲ ငါနဲ့ငါ့မိန်းမ ပြောဖြစ်သေးတယ်။ ပြီးတာနဲ့ မင်းတို့ဆီ ထွက်လာခဲ့တာ ချစ်ထွန်း'

'ဦးထင်တို့က ဘာတွေပြောကြတာလဲ။ ကျွန်တော်တို့လင်မယားတော့ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေတာပဲသိတော့တယ်'





ချစ်ထွန်းက အသက်ပိုကြီးပြီး သမားဂုဏ်နှင့်ပြည့်စုံသော ဦးထင်အား အားကိုးတကြီးဖြင့်ကြည့်သည်။

'ဒီလို ချစ်ထွန်း၊ မွေးကတည်းက ငါတို့အိမ်မှာ တစ်လတိတိ ဒီကလေးနှစ်ယောက်ကို အတူတူထားတုန်းက ကျက်ကျက်ညံအောင် ငိုဖူးတဲ့နေ့ မရှိဘူး၊ ဒီတော့ကွာ… မင်းတို့မိသားစု အိမ်ပိတ်ပြီး ငါတို့မိသားစုမှာပဲ နေလိုက်တော့။ ငါတလည်း ငါ့အလုပ်နဲ့ငါ မင်းကလည်း မင်းအလုပ်နဲ့မင်းဆိုတော့မိန်းမချင်းလည်း အဖော်ရတယ်။ ဒီကလေးနှစ်ယောက်ကနေသားကျတော့မှ တစ်မျိုးစီစဉ်တာပေါ့ကွာ။ အခုလောလောဆယ်တော့ နှစ်အိမ်တစ်အိမ်ပေါင်းနေတာ ကောင်းလိမ့်မယ်ထင်တယ်'

ဦးထင်ပြောသော စကားများကို ချစ်ထွန်းကလည်းလိုက်လျောသယ်ကြည်အားကိုးဖြစ်ခဲ့၏။

မိဘတွေအနေနှင့် ဒီကလေးနှစ်ယောက်နှင့် ပတ်သက်ပြီး ဒီလိုမှမစီစဉ်လို့ မဖြစ်တော့ပေ။

မိနစ်ခြားလို့ အတူဖွား။ တစ်ယောက်နှင့်တစ်ယောက်အပျောက်မခံနိုင်ကြတဲ့ သံယောဇဉ်တွေ မဟုတ်ပါလား၊ နေခြည်အေး။

ပုခက်တွင်း နို့စို့အရွယ်ကစလို့ ရယ်တတ် ပြုံးတတ်တဲ့အရွယ်အထိ နှစ်ယောက် မခွဲခဲ့။ စကားပြော၊ လမ်းလျှောက်တတ်ပြီဆိုတော့ သူ့အိမ်မှာ ကိုယ့်အိမ်ဖြစ်တဲ့နေ့တွေရှိသလို သူ့အိမ်



www.burmeseclassic.com

www.burmeseclassic.com



မှာလည်း ကိုယ့်အိမ်အပ်ခဲ့တာ မဟုတ်လား။

သံယောဇဉ်နေ့ရက်တွေကတော့ ဒီဘဝမှာ မေ့ရက်စရာ မရှိနိုင်တော့ပါဘူး နေခြည်အေး။

✣ ✣ ✣

## ၃။

သူနှင့်အတူတူ ကြီးပြင်းခဲ့ကြသည့် ဇာတိပွဲတော့ နေခြည်အေး မေ့မည်မထင်။

အများအားဖြင့် အညာဟာ ပူပြင်းခြောက်သွေ့ပြီး ရေရှားရာအရပ်ဟု လူတွေသိထားကြသည်။

သူတို့ နေခြည်အေးတို့ ကြီးပြင်းခဲ့ရာ 'မတောင့်တ' တစ်ဝိုက်မှာတော့ မဟာပထဝီကနေ ရေဟာ အလိုအလျောက် ပန်းထွက်နေခဲ့သည်။

သူတို့မမွေးခင် အချိန်များစွာက တည်ခဲ့သော 'မတောင့်တ' ရွာဟောင်းဆိုရင် ရေပန်းထွက်တာများလို့ အခု ရွာတည်ရာ ကုန်းမြင့်သို့ ရွှေ့ခဲ့ရသည်ဟု လူကြီးတွေ ပြောသံကြားဖူး၏။

ဟိုတုန်းက ဝါးကို မြေကြီးထဲထိုးစိုက်လိုက်ရုံဖြင့် ရေတွေပန်းထွက်သည်။ အခုတော့ ဝါးနေရာမှာ ပလတ်စတစ် ပိုက်တွေစိုက်၊ ရေကန်တွေလုပ်ပြီး ဘာစက်ကိရိယာပစ္စည်းမှ မပါဘဲ သွယ်တန်းသုံးကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုဖြစ်ရတာကလည်း ရှေးဘုရင်တစ်ပါးက သစ္စာ အဓိဋ္ဌာန်ပြုပြီး သံလျက်ကို မြေမှာထိုးစိုက်လိုက်ရုံဖြင့် အခုထိ အောင် ရေများထွက်နေတာဟု ပြောသံကြားဖူးသည်။

ဒီပါးစပ်ရာဇဝင်တွေကလည်း ဖော်ကျိုဦးဖိုးဝင်းရယ်၊ ဖိုးဝင်းတောင်ရယ်၊ ပြီးတော့ ကြာဖူးကနေ သန္ဓေသဖြစ်ပြီး ဦးဖိုးဝင်း၏ မွေးစားသမီး ပဒုမ္မဒေဝီနှင့် ပတ်သက်နေပြန်၏။

သူက ငါးမိနစ်ကြီးတော့ အကြီးနေရာကို အလိုလိုရ သည်။ နေခြည်အေးက ငါးမိနစ်ငယ်တော့ အငယ်ဖြစ်ရသည်။

သူက ကျန်းမာသန်စွမ်း ထွားကျိုင်းပေမယ့် ခြောက်တန်းလောက်အထိ နေခြည်အေးက ချုချာပြီး ညှက်စိလေး ဖြစ်ခဲ့သူ။

ခြောက်နှစ်သမီး ခြောက်နှစ်သားလောက်အထိ သူ့အိမ် မှာဖြစ်စေ၊ နေခြည်အေးတို့အိမ်မှာဖြစ်စေ တစ်အိပ်ရာတည်း အတူ တူအိပ်ဖြစ်ခဲ့ကြသည်။

အိပ်ချင်လာပြီဆိုရင် နေခြည်အေးတစ်ယောက် အားလုံး ကို လှည့်ပတ်ပြီး ဂျီကျသည်။ ဘယ်သူချော့ချော့ မရ။ အဲဒီ အခါမျိုးမှာ သူက နေခြည်အေးဦးခေါင်းကို ပွတ်သပ်ပေးပြီး ပဒုမ္မဒေဝီအကြောင်းကို ပုံပြင်အဖြစ် ပြောပြရသည်။

✣ ✣ ✣





နေခြည်အေးကို ပုံပြင်ပမာ ဟိုရောက် ဒီရောက်ပြောပြ ဖြစ်ပေမယ့် ပဒုမ္မဒေဝီအကြောင်းကို သူလည်း စိတ်ဝင်စားခဲ့၏။ သူတို့ဇာတိနှင့် ပတ်သက်နေသော ရာဇဝင်သမိုင်းကြောင်းကို ပြီးပြည့်ပြည့်စုံစုံ သိချင်သောကြောင့် ငယ်စဉ်ကတည်းကပင် ခင်ဖြစ်သူအား နားပူနားဆာလုပ်ပြီး ပြောခိုင်းဖြစ်ခဲ့၏။

'ဖေဖေ… ပဒုမ္မဒေဝီက လူကမွေးတာမဟုတ်တော့ သူမှာ သားတို့ နေခြည်အေးတို့လို မေမေ၊ ဖေဖေ ဘယ်ရှိပါ့ မလဲနော်'

ခြောက်နှစ်သား မပြည့်တတ်ပြည့်တတ် သားဖြစ်သူ၏ ရှိတ်ရှိတ်ချွတ်ချွတ်အမေးကြောင့် ဖခင်ဖြစ်သူ ပြုံး၏။

'အခုတော့ သားက ငယ်သေးတယ်။ ကြီးလာတဲ့အခါ ရာဇဝင်တွေ သမိုင်းတွေ သိလာတဲ့အခါ ပဒုမ္မဒေဝီလိုပဲ ဝေဠု ဝတီမင်းသမီးဆိုတာ သိလာလိမ့်မယ်။ ဝေဠုဝတီဆိုတာက ဝါးလုံးကနေ ဖွားမြင်လို့ ဝါးမင်းသမီး၊ ပဒုမ္မဒေဝီဆိုတာက ပဒုမ္မာကြာကနေဖွားမြင်လို့ ကြာမင်းသမီးလို့ခေါ်ကြတာပဲ သား'

'ဒါကို ဖော်ကျိုဦးဖိုးဝင်းက ကောက်ယူမွေးစားခဲ့တာ ပေါ့နော်'

'ဟုတ်တယ် သား၊ သား ကျောင်းစာတွေဖတ်နိုင်လာ တဲ့အခါ ဖိုးဝင်းတောင် သမိုင်းစာအုပ်လေးကို ဖတ်ပေါ့။ အခု တော့ သားနားလည်လွယ်အောင် ပြောပြပေးမယ်'

သူတို့ မတောင့်တနင့် မနီးမဝေးမှာ ဖိုးဝင်းတောင်



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။ ဖော်ကျိဦးဖိုးဝင်းကို အကြောင်းပြုပြီး ဖိုလ်ဝင်တောင်၊ ဖိုးဝင်းတောင်ဟု ခေါ်ကြကြောင်း ဖေဖေ ပြောပြသည်။

'ပဒုမ္မဒေဝီ အရွယ်ရောက်တော့ ပုဂံမှာ သီရိဇေယျ နန်းတောင်းမင်း စိုးစံတယ်။ အဲဒီမင်းရဲ့ စားတော်သွင်းမုဆိုးဟာ မျက်စိလည် လမ်းမှားပြီး ဖိုးဝင်းတောင်ဆီ ရောက်လာတယ်။ ဦးဖိုးဝင်းရဲ့ လမ်းပြပေးမှုကြောင့်ပဲ မုဆိုးဟာ ပုဂံကို အေးအေး ချမ်းချမ်းနဲ့ ပြန်ရောက်သွားတယ်။ ဒါပေမဲ့ မင်းကို ဆက်သဖို့ ဘာမှမပါတဲ့အတွက် အပြစ်မှလွတ်ဖို့ စိတ်ကူးပေါ်ပြီး သူမြင်တွေ့ ခဲ့တဲ့ ပဒုမ္မဒေဝီရဲ့အလှကို ပြောပြမိတယ်။ နောက်ဆုံးတော့ မိဖုရားမြှောက်တင်ဖို့ မုဆိုးကို ပါအောင်ခေါ်လာရမယ်လို့ အမိန့် ပေးတယ်'

'ဆက်ပြောလေ ဖေဖေ'

'အဲဒီအချိန်မှာပဲ ဖော်ကျိဦးဖိုးဝင်းက ဖိုကူးဖို့ ဆေးမြစ် လိုတာနဲ့ ပုပ္ပားကိုသွားနေတယ်။ ဘုရင်က မိဖုရားအရာထားမယ် လို့ မုဆိုးကပြောတော့ ပဒုမ္မဒေဝီဟာ သူ့ဖခင် ပြန်မလာခင်မှာ အကျိုးအကြောင်း စာရေးထားပြီး ပုဂံကို လိုက်သွားခဲ့တယ် ဦးဖိုးဝင်းလည်းသိရော ဒေါသဖြစ်ပြီး ပြုံးမင်း၊ ပြူလဝမင်း အခစားဝင်၊ ပဒုမ္မဒေဝီကို မင်းထံဆက်သဖို့ ရည်ရွယ် ကြောင်း၊ ပုဂံမင်းက လိမ်ညာလှည့်ဖြားပြီး ခေါ်ယူသွားကြော လျှောက်တင်တယ်။ ဒါနဲ့ ပြုံးမင်း၊ ပြူလဝမင်းတွေဟာ ပုဂံ စစ်ချီဖို့ပြင်ပေမယ့် ဦးဖိုးဝင်းက မိုလ်ခြေတစ်သောင်းတောင်





သူကိုယ်တိုင် သမီးကိုပြန်ခေါ်ပေးပြီး လက်ဆက်ပါ့မယ်၊ သမီး ကိုပြန်ခေါ်ပြီး ဖိုးဝင်းတောင်က စောင့်နေပါ့မယ်၊ ဖိုးဝင်းတောင် ဆီလာခဲ့ဖို့ ရက်ချိန်းလိုက်တယ်'

ဦးဖိုးဝင်းက မိုလ်ခြေတစ်ထောင်ကို ဦးစီးပြီးသွားတော့ တိုက်ပွဲတွေဖြစ်တော့မလားဟု အသည်းတယားယားဖြင့် နား ထောင်နေဖြစ်သေး၏။ တိုက်ပွဲတွေအကြောင်း မပါ။ တိုက်ပွဲ မဖြစ်။ ဦးဖိုးဝင်း၏ ဂြဒါးသိဒ္ဓိတန်ခိုးနှင့် တစ်မြို့လုံးကို အိပ်မွေ့ ချပြီး သမီးဖြစ်သူအား ပြန်ခေါ်လာကြောင်းသာ ကြားရသည်။

ဦးဖိုးဝင်းက ပြူလဝမင်းရာဇာနှင့် လက်ဆက်ဖို့နားချ၊ ပဒုမ္မဝီက ငြင်းပယ်၊ နောက်ဆုံးတော့ အားလျှော့ပြီး ပဒုမ္မဒေဝီက ခေါင်းညိတ်။ ဦးဖိုးဝင်းက ပြူလဝမင်းတွေဆီ အကြိုထောက် သွားတုန်းမှာ ပဒုမ္မဒေဝီလေးဟာ တစ်ရွာသားပုဂံမင်းကို ချစ်ခင် မြတ်နိုးတဲ့စိတ်နဲ့ ရင်ကွဲနာကျပြီး 'ဖဝန်းရှင်မ'ဖြစ်သွားကြောင်း ကို ဖေဖေ ပြောပြသည်။

'ပုဂံမင်းကရော ပဒုမ္မဒေဝီနောက်ကို လိုက်မလာဘဲ ဒီတိုင်းနေတာလား ဖေဖေ'

'စစ်တပ်ချီပြီးတော့ လိုက်လာတာပေါ့။ သူ့မိဖုရားကို တခြားဘုရင်က သိမ်းသွင်းတာကိုလည်း ကြားတယ်၊ ပဒုမ္မဒေဝီ သာ ရင်ကွဲနာကျပြီး အသေမစောခဲ့ရင် ဒီနယ်တစ်ဝိုက်ဟာ စစ်တလင်းဖြစ်ပြီး လူတွေ သေကြေပျက်စီးမှာ သေချာတယ်။ ပြုံးမင်း၊ ပြူလဝမင်းတွေကလည်း ပဒုမ္မဒေဝီကို လက်ဆက်ဖို့



www.burmeseclassic.com

www.burmeseclassic.com



တပ်နဲ့ချီပြီးလာကြတယ်။ ပုဂံမင်းကလည်း လာတယ်'

'ဒါဆို သူတို့ မချမ်းဖြစ်ကြဘူးပေါ့နော်'

'ဟုတ်တယ် သား၊ ဒီကိုရောက်တော့ သူ့မိဖုရား သေပြီဆိုတာနဲ့ သိတယ်။ သူ့မိဖုရားအတွက် ရည်စူးပြီး ဖိုးဝင်းတောင်တန်းမှာ စေတီတွေ၊ ဗုဒ္ဓရုပ်ပွားတော်တွေကို ထုလုပ်ပူဇော်ဖို့ ပန်းရံဆရာ မောင်ရွှေဘကို ကြီးကြပ်စေခဲ့တယ်။ အစကတော့ စစ်မက်ပြုကြဖို့ပါပဲ။ ပဒုမ္မဒေဝီဆုံးတော့ သံဝေဂရကြတယ်။ မင်းချင်းတွေ့ဆုံတဲ့အခါမှာလည်း ချစ်ကြည်မှုရပြီး ပုဂံမင်းက ပန်းရန်ဆရာ မောင်ရွှေဘကို ပြုလဝမင်းထံခစားစေပြီး ကျောက်တောင်တွေမှာ ဗုဒ္ဓရုပ်ပွားတော်တွေထုဆစ်ဖို့ သဘောတူခဲ့တယ်။ ဖိုးဝင်းတောင်၊ ရွှေဘတောင်မှာရှိတဲ့ ရှေးဟောင်းကျောက်ထွင်းလက်ရာတွေ၊ နံရံဆေးရေးပန်းချီတွေရဲ့ သမိုင်းအဖြစ်အပျက်တွေပဲ သား'

သူသိခဲ့ရသမျှ၊ နားထောင်ခဲ့ရသမျှတွေကို နေခြည်အေးအား အိပ်ပီရာဝင်ပုံပြင်သဖွယ် ပြောပြဖြစ်ခဲ့သည်။

နေခြည်အေးကိုယ်တိုင်ကပင် 'ငါက ပဒုမ္မဒေဝီဝင်စားတာ'ဟု ပြောတတ်ခဲ့သေးသည်ပဲလေ။

✢ ✢ ✢



## ၄။

ပြန်တွေးတိုင်း လွမ်းရသည်။ သတိရဖြစ်တိုင်း အကြောင်းမှာတွေ၊ သံယောဇဉ်တွေကို နှမြောဖြစ်သည်။

ဒါတွေကို နေခြည်အေးတစ်ယောက်သိသည်။ အားလုံးကလည်း သူနှင့် နေခြည်အေးကို တစ်သက်ခွဲမှာမဟုတ်ဟု ထင်ကြေးပေးကြသည်။

တကယ်တမ်းမှာတော့ ပုံပြင်တစ်ပုဒ်အလား ကြေကွဲရောများဖြင့် ဇာတ်သိမ်းတော့မည်ထင်၏။

လွမ်းစရာကောင်းတဲ့ အဖြစ်အပျက်တွေပါ နေခြည်အေး။

✢ ✢ ✢



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းရှေ့ကခရေတန်းမှာ နှစ်ယောက်သား ပြေးလွှားဆော့ရင်း ခရေပန်းတွေ ကောက်ကြတာကို နေခြည်အေး နှစ်သက်သည်။ သို့သော် တကယ်တမ်း ကျောင်းတက်ရမည်ဆိုတော့ နေခြည်အေးတစ်ယောက် ခါးခါးသီးသီးဖြစ်ခဲ့သည်။

မနက်လင်းသည်နှင့် သူ့နံဘေးမှာ နေခြည်အေး မရှိတော့။ အမြဲတစေ အိပ်ရာထနောက်ကျတတ်သော နေခြည်အေးတစ်ယောက် ဘယ်ပျောက်သွားသည်မသိ။

သူ့ကိုပင်မနှိုးဘဲ နေခြည်အေး အိမ်ပြန်လစ်သွားပုံရသည်။ သူ့ကို ကျောင်းလိုက်ပို့ပေးဖို့ ဖခင်ဖြစ်သူမှာ အဆင်သင့်ဖြစ်နေပြီ။

'အဖေ··· နေခြည်အေးရော'

'မင်းနှမ အိမ်ပြန်သွားတာနေမှာပေါ့'

ပထမဆုံး စာသင်ကျောင်းသို့ သွားရမည့်အဖြစ်မှ သူကိုယ်တိုင် စိတ်ထဲမှာ တစ်မျိုးဖြစ်နေသေး၏။ လူကြီးတွေက အတန်းကျောင်းထားဖို့ စီစဉ်တော့ နေခြည်အေးက လက်မခံချင်။ သူ့ကိုပင် ကျောင်းမတက်ဖို့ နေခြည်အေး စည်းရုံးသေး၏။

'ဆရာ့ကြိမ်လုံးနှင့် ကစားရတာ မလွတ်လပ်တော့'ဟု နေခြည်အေးက အကြောင်းပြသည်။

မိခင်ဖြစ်သူက သူဝတ်ဖို့ မြို့မှဝယ်လာသော အဝတ်အစားအသစ်ကို ထုတ်လာပေးသည်။ လွယ်အိတ်အသစ်မှာလည်း နေခြည်အေးနှင့် အရောင်တူ။





'ဦးထင်··· နေခြည်အေးတစ်ယောက်ရော အိပ်ရာက မနိုးသေးတာလား။ ကျောင်းသွားဖို့ အဝတ်အစားလာမလဲလို့ သူ့အမေ ခေါ်နိုင်းလိုက်တာ'

ဦးလေးချစ်ထွန်းရောက်လာမှ နေခြည်အေး ပျောက်ဆုံးနေကြောင်းကို သူနှင့် လူကြီးတွေ သိလိုက်ရသည်။

'သူ အိပ်ရာထသွားတာ ငါတို့တောင် မသိလိုက်ဘူး ချစ်ထွန်း။ အိမ်ပြန်သွားတာလို့ ငါတို့က ထင်နေကြတာ'

'ဒုက္ခပါပဲ ဦးထင်ရာ၊ ဒီကောင်မလေး ကျောင်းမအပ်ချင်တာနဲ့ ဘယ်မှာများ သွားပုန်းနေလဲ မသိပါဘူး'

နေခြည်အေးကို မြေလှန်ရှာဖို့ လူကြီးတွေ ချက်ချင်းကြိုးစားကြသည်။ လူကြီးတွေ ဘယ်လိုရှာရှာ နေခြည်အေးအား တွေ့မှာမဟုတ်။ တွေ့ခဲ့ရင်လည်း ခေါ်လို့ရမှာမဟုတ်ကြောင်း သူသိသည်။

'ထင်လင်းမောင်··· မင်းကရော ဘယ်သွားဦးမလို့တုန်း'

'ဦးလေးချစ်ထွန်းတို့ အဖေတို့ အိမ်ကပဲစောင့်နေကြာ၊ နေခြည်အေးကို တွေ့အောင်ရှာပြီး ကျောင်းတက်ဖို့ ရအောင်ပြန်ခေါ်ခဲ့မယ်။ ဦးလေးချစ်ထွန်းတို့ မောအောင်ရှာလည်း သူက သုံ့အောင်ပုန်းပြီး ထွက်တွေ့မှာမဟုတ်ဘူး'

'သားပြောတာ ဟုတ်တယ်၊ သားတစ်ယောက်ပဲ နေခြည်အေးကို ချော့နိုင်တာမဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



အဝတ်သစ်၊ အစားသစ်ဖြင့် နေခြည်အေးရှာပုံတော် အမြန်ဖွင့်ရတော့သည်။ တွေ့များတွေ့ရင်တော့ ကျောင်းကပ်မလေးနှမ္မူးအား နှာနှာလေး ထုလိုက်မည်ဟု တစ်ယောက်တည်း ကြိမ်းဝါးမိသေး၏။

✣ ✣ ✣

နေခြည်အေးတစ်ယောက် လူသူကင်းသော ဝေးဝေးလံလံနေရာမျိုးမှာ ပုန်းအောင်းနေမှာမဟုတ်ပေ။ နေခြည်အေးက ကြောက်တတ်သူ။ သူတို့ ဆော့ကစားနေကျ နေရာသုံးလေးခု၏ ချုံကွယ်တစ်နေရာရာမှာ ပုန်းအောင်းနေမှာပဲဟု တွေးမိ၏။

မုန့်ပေါင်းသည် ရှေ့သို့ဖြတ်သွားသည်နှင့် စိတ်ကူးပေါ်သွားသည်။ အိပ်ရာထ မျက်နှာသစ်ပြီးသည်နှင့် တစ်ခုခုစားရမှ နေခြည်အေး နေတတ်သူ။

'အဒေါ်ကြီး ဒီမနက် နေခြည်အေး မုန့်ပေါင်းလာဝယ်သေးလား'

'ဝယ်တယ် ထင်လင်းမောင်၊ ဆိုင်ဖွင့်ကာစမှာ လာဝယ်တာ'

'သူ ဘယ်ဘက်သွားတာ တွေ့လိုက်လဲ'

'မုန့်ပေါင်းထုပ်ကိုင်ပြီး တောင်ဘက်ကိုထွက်သွားတာပဲ'

နေခြည်အေး ရှိနေနိုင်သည့်လမ်းစတော့ ရသွားသည်။



ဒါမှလည်း အချိန်တိုတိုအတွင်းမှာ နေခြည်အေးအား ရှာတွေ့နိုင်မည်။ ရွာတောင်ဘက်ဖျားသည် ယာခင်းတွေရှိသည်။ ဒဟပ်တောမှာလည်း ခပ်အုပ်အုပ်ရှိ၏။

သူတွေးသည့်အတိုင်းပင် ဒဟပ်တောစပ်နားမှာ မုန့်ပေါင်းအစအနများကို တွေ့သည်။ ဒီတိုင်းလိုက်ရှာလို့ တွေ့မှာမဟုတ်။ သူရှာနေတာကိုလည်း နေခြည်အေး ပုန်းနေရာမှ မြင်သည်။

'နေခြည်အေးရေ… နင် ဘယ်မှာလဲ။ ငါလည်း နင့်လို ကျောင်းကပ်ချင်တာနဲ့ ပြေးလာခဲ့တာ'

စိတ်ကူးပေါ်သည့်အတိုင်း တစ်ခါအော်သည်။ ရှက်ခြောက်နင်းသံသဲ့သဲ့ ကြားရသည်။ ဒုတိယအကြိမ် အော်သည်။ နေခြည်အေးသဏ္ဌာန်ကို ရိပ်ခနဲမြင်လိုက်သလိုပင်။

တတိယအကြိမ် အော်ခါနီးမှာတော့…

'အသံပြကြီးနဲ့ အော်မနေနဲ့။ လူကြီးတွေ ကြားသွားဦးမယ် ထင်လင်းမောင်'

သူ့လက်ကို အတင်းဆွဲခေါ်သည်။ သူကလည်း မရုန်းဘဲလိုက်သွားမိသည်။

'လူကြီးတွေ ဘယ်ဘက်ကိုသွားရှာကြလဲ။ နင့်နောက်က ပါလာသေးလား ထင်လင်းမောင်'

မယုံသင်္ကာဖြင့် သူလာခဲ့ရာလမ်းကို နေခြည်အေး မျှော်ကြည့်သေး၏။

www.burmeseclassic.com

www.burmeseclassic.com



'ပါမလာဘူး နေခြည်အေး၊ ငါ့ကို မနိုးဘဲ ဘာလို့ အစောကြီး ထသွားရတာတုန်း'

'နင့်ကိုနိုးရင် အားလုံးသိသွားမှာပေါ့။ ငါ ကျောင်း မတက်ချင်ဘူး ထင်လင်းမောင်'

'နင် စာမတတ်ဘဲနေမှာပေါ့ နေခြည်အေး၊ လူကြီး ဖြစ်လာရင် ခက်မယ်'

'လူကြီးဖြစ်မှ သင်ရင်သင်မယ်၊ အခုအချိန်မှာတော့ ကျောင်းမသွားချင်ဘူး'

'အခုအချိန်ကတည်းက စာသင်မှ နင် ပညာတတ်ဖြစ် မှာပေါ့'

'ဆရာ့ရဲ့ကြိမ်လုံးကို ကြောက်တယ်။ စာတွေမရရင် ဆရာက ရိုက်မှာ။ ပြီးတော့ သိပ်ဆော့ရတော့မှာ မဟုတ်ဘူး'

'မကြောက်ပါနဲ့၊ ငါလည်း နင့်နားမှာ ရှိနေမှာပဲ။ နင် ဒီမှာ အမြဲပုန်းနေလို့ဖြစ်မလား'

'ကျောင်းချိန်လွန်မှ ငါ အိမ်ပြန်မှာပေါ့'

နေခြည်အေးကို ဖျောင်းဖျဖို့ နည်းလမ်းရှာရသည်။

'ကျောင်းတက်သွားရင်း နင့်ကို ခရေပန်းတွေ ငါ ကောက်ပေးမယ်လေ။ စာလည်း အတူတူလုပ်မယ်၊ ဝလုံးလေး တွေလည်း အတူတူရေးကြမယ်'

'ငါ့ကို ဆရာရိုက်ရင်ရော နင်ပါရောပြီး အရိုက်ခံမှာ လား'





'အေးဟာ… နှစ်ချက်ရိုက်ရင် ငါ တစ်ချက်ခံမယ်၊ ဆရာ့ကိုပြောလို့ရရင် နှစ်ချက်စလုံး ငါခံမယ်'

တဖြည်းဖြည်းတော့ နားသွင်းလို့ရလာသည်။

'မဖြစ်သေးပါဘူး၊ ငါ ကျောင်းမတက်ဘူး'

'လာပါ နေခြည်အေးရယ်၊ လူကြီးတွေ လည်မင်းရှည် နေကြတော့မှာ'

'ငါ လျှောက်လာခဲ့ရတာ အဝေးကြီး။ ပြီးတော့ ဖိနပ် လည်းပါမလာဘူး။ ငါ့ခြေဖဝါးတွေ ကျိန်းစပ်ပြီး လမ်းမလျှောက် နိုင်ဘူး'

'အိမ်ရောက်တဲ့အထိ ငါ ကျောပိုးပြီးခေါ်ခဲ့ပါ့မယ်။ ကျောင်းသွားရင်လည်း ငါ ကျောပိုးခေါ်မယ်။ နင့်ကိုယ်ပေါ့ပေါ့ လေးကို ငါနိုင်ပါတယ်'

'နင် တကယ် ကတိတည်မှာလား'

'အေးပါ… ခုချက်ချင်း ငါ့ကျောပေါ်တက်'

သူ ဆောင့်ကြောင့်ထိုင်ပေးလိုက်သည်။ နေခြည်အေး တစ်ယောက် တကယ်ပင် ကျောပိုးပြီးလိုက်လာခဲ့သည်။

အိမ်ရောက်တော့ သူ့အဖြစ်ကိုကြည့်ပြီး လူကြီးတွေက ငိုအားထက် ရယ်အားသန်ကြသည်။

သူ့အတွက်တော့ နေခြည်အေးနှင့်ပတ်သက်ပြီး ပြော စရာတွေ ဖြစ်ခဲ့ရသည်လေ။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

## ၃

ရှစ်တန်းစာမေးပွဲဖြေအပြီး ကိုးတန်းတက်ခါနီးတော့ နေခြည်အေးတစ်ယောက် ကျောင်းကပ်သောကောင်မလေး တစ်ယောက် မဟုတ်တော့ပေ။

သူကလည်း နေခြည်အေးအား ကျောပိုးဖို့ စိတ်မကူးရဲ။ အပျိုဖော်ဝင်စပြုနေသော နေခြည်အေးမှာလည်း ငယ်ငယ်တုန်းကလို ဝိန်ခြောက်ခြောက် လူမမာသယ်လေး မဟုတ်တော့ပေ။

ဝတ်ကောင်းစားလှဝတ်သောနေ့မျိုးမှာ နေခြည်အေးအား ရုတ်တရက်ကြည့်ပြီး လူမှားဖြစ်သည်အထိ ကြုံလာရပေါင်း မနည်းတော့။

ငယ်ငယ်တုန်းကလို တစ်အိပ်ရာတည်း အိပ်ဖို့ဝေးစွ။ နေခြည်အေးကြောင့်ပင် ရင်ဖိုရပြီး ရဲရဲပင်မကြည့်ဖြစ်သည့်အခါ ပေါင်းမှာလည်း ကြိမ်ဖန်ထပ်ခဲ့ပြီ။





နေခြည်အေးကတော့ အဆက်အဆံမပြောင်း။ မသိသူများကတော့ သူနှင့် နေခြည်အေးကို မောင်နှမတွေဟု ထင်ကြမည်။ လေတိုက်ရာ သစ်ရွက်လှုပ်ရာကအစ စိတ်ကစားတတ်သည့်အရွယ်မို့ သူ့စိတ်တွေကို သူ မကျေမနပ်ဖြစ်ခဲ့ရ၏။

'အမယ်လေး'

နေခြည်အေးအား ဆိုင်ကယ်နောက်ခုံမှာတင်ပြီး ဖိုးဝင်းတောင်ဆီသို့ ထွက်လာဖြစ်သည်။ ပဲစင်းငုံပင်ခင်းများအဖြတ်တွင် ဟိုတွေး ဒီတွေးဖြင့် ဆိုင်ကယ်လူးသွားသည်။ နေခြည်အေးက သူ့ခါးကို အတင်းတိုးဖက်ထား၏။

'ဘယ်လိုဖြစ်တာလဲ ထင်လင်းမောင်ရယ်။ ဆိုင်ကယ်မောက်တော့မလို့၊ ကံကောင်းတယ်'

သူ ရင်ဖိုနေသလို နေခြည်အေးမှာလည်း အကြောက်မပြေသေးပေ။ သူ့ခါးကို တင်းကျပ်စွာဖက်ထားဆဲဖြစ်၏။

'ငါ အတွေးလွန်သွားလို့ပါဟာ။ ဘာမှမဖြစ်လောက်ပါဘူး၊ နင် ရဲရဲသာစီး နေခြည်အေး'

'နင်က ဘာတွေများတွေးရတာတုန်း'

နံ့သာနံ့မှာ အခြားမိန်းမပျိုများလို မရိုင်း။ သူ့အနားတွင် နေခြည်အေးရှိသည်။ အစဉ်သဖြင့်လည်း ရှိနေမှာပါပဲဟု ကြည်နူးဖြစ်သည်။

'ဟိုအကြောင်း၊ ဒီအကြောင်း မုံရွာမှာ ကျောင်းသွားတက်ရတော့မယ့်အကြောင်းပေါ့'

www.burmeseclassic.com

www.burmeseclassic.com



သူတို့အနီးတစ်ဝိုက်မှာ အထက်တန်းကျောင်းဆိုလို့ ဆားလင်းကြီးနှင့် ယင်းမာပင်မှာပဲရှိသည်။ အတန်လှမ်းသော်လည်း ဆိုင်ကယ်ဖြင့်သွားတက်ရသည်။

သူ့မိဘတွေရော၊ နေခြည်အေးမိဘတွေကပါ ဆယ်တန်းအတွက် ကြိုတင်ပြီး မုံရွာမှာ ဘော်ဒါထားဖို့ စီစဉ်ကြသည်။

'ဟုတ်ပါရဲ့... မိဝေးဖဝေးနဲ့ မုံရွာမှာသွားနေရမှာဆိုတော့ သူငယ်တန်းစတက်တုန်းက အဖြစ်အပျက်လေးကို မြေးပြီး သတိရမိတယ် သိလား'

သူပြောတော့မည်ဟု ကြံဆဲမှာပင် နေခြည်အေးက မှတ်မှတ်ရရ ဦးအောင်ပြောလိုက်သည်။

'ဘာလဲ နေခြည်အေး၊ မုံရွာကို ကျောင်းသွားတက်ရမှာစိုးလို့လား။ မုံရွာထိအောင်တော့ ငါ ကျောပိုးမခေါ်နိုင်ဘူးနော်။ ခရီးကလည်းဝေး၊ နင်ကလည်း သူငယ်တန်းတုန်းကလို သေးသေးကွေးကွေးလေး မဟုတ်တော့ဘူး'

'ထင်လင်းမောင်နော်'

ပြောပြောဆိုဆိုနှင့် သူ့ကျောပြင်ကို ဖွဖွလေးထုသည်။

သူတို့နှစ်ယောက်၏ သံယောဇဉ်နှင့် ကြည်နူးမှုများသည် ဖိုးဝင်းတောင်တစ်ခုလုံးကို ဖုံးလွှမ်းထားနိုင်သည်ဟု စိတ်မှာထင်၏။

✣ ✣ ✣





မုံရွာကိုသွားခါနီးမှ ခွေမျိုး၊ မိတ်ဆွေအသိကျွမ်းတွေအတွက် ဖိုးဝင်းတောင်ထွက် သနပ်ခါးတုံးတွေဝယ်ရင်း၊ ဘုရားဖူးရင်း ထွက်ခဲ့ကြခြင်းဖြစ်၏။

မိဖုရားဂူရှေ့ရောက်တော့ ဆိုင်ကယ်ရပ်လိုက်သည်။ နိုင်ငံခြားသား ခရီးသွားဧည့်သည်အုပ်စုတွေလည်း ရှိနေကြ၏။

'ထင်လင်းမောင်တို့ နေခြည်အေးတို့ မျောက်လေးတွေကို အစာဝယ်ကျွေးကြဦး'

သူတို့နှင့် ကျောင်းနေဖက်သူငယ်ချင်းမလေးက မျောက်စာတောင်းလေးတို့ ခါးစောင်းတင်ရင်း ပြောသည်။

'ဝယ်ပါ့မယ်ဟာ၊ နင်တို့ရော အရောင်းအဝယ်ဖြစ်ရဲ့လား'

'ဧည့်သည်ပါးလို့ နင်တို့နှစ်ယောက်ကိုမြင်တာနဲ့ အတင်းဆွန်းထိုးရောင်းရတာပေါ့'

သူငယ်ချင်းမလေးက သူ့ဘဝပေးအခြေအနေအရ မူလတန်းပညာကိုပင် ဆုံးခန်းတိုင်အောင် မသင်ယူနိုင်ဘဲ ကျောင်းထွက်သွားရသူဖြစ်၏။

'နှစ်ယောက်စလုံး အားပေးနော်'ဟု ပြောတော့ သပ်သပ်စီ ပိုက်ဆံထုတ်ပြီး ဝယ်လိုက်သည်။

သူတို့နားတွင် မျောက်အုပ်စု သုံးလေးခုမက ဝိုင်းဝိုင်းလည်နေ၏။ မျောက်အုပ်စုများသည်ပင် ဖိုးဝင်းတောင်၏ အပျော်နေရာတစ်ခုဟု ပြောရမလိုပင်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာ ဒီရုပ်ပွားဆင်းတုတွေကို အခါပေါင်းမက ကြည့်ရှုဖူးမြော်ရသော်လည်း ရိုးသွားသည်မရှိ။ ကျောက်တောင် နံရံများကို ထွင်းထုထားသော ဗုဒ္ဓရုပ်ပွားတော်များမှာ အနုပညာ လက်ရာမြောက်လွန်းလှသည်။

ဒါကြောင့်ပင် 'ရွှေလသာဝါဝါဝင်း...'ဟု ဖိုးဝင်း တောင်၏ ရုပ်ပွားတော်များကို မှတ်တမ်းတင်ခဲ့ကြသည်ပဲ။

မိဖုရားဂူမှထွက်ပြီး 'ကွမ်းစင်တိုင်'ဘုရားကြီးဆီသို့ ထွက်ခဲ့ကြသည်။

'မိဖုရားဂူဆိုတာ ဘုရင့်ရဲ့မိဖုရားကို အစွဲပြုပြီးခေါ်တာ မျိုးပေါ့နော် ထင်လင်းမောင်၊ ဒါဆို ပဒုမ္မဒေဝီဟာ မိဖုရားဖြစ် ခဲ့တာပဲ။ သူနဲ့များ ပတ်သက်လေမလား'

'ပဒုမ္မဒေဝီနဲ့ တိုက်ရိုက်ပတ်သက်တယ်လို့တော့ အတပ် မပြောနိုင်ဘူး။ နင့်ကိုပြောပြနေကျ ရာဇဝင်အရဆိုရင်တော့ ပဒုမ္မ ဒေဝီဆုံးပြီးမှ ဒီတောင်တွေမှာ ရုပ်ပွားဆင်းတုတွေကို ထုထွင်း ကြတာ။ ဒီနေရာမှာ ဘုရင်သုံးပါးဆုံတာပဲ။ ပဒုမ္မဒေဝီမဟုတ်ဘဲ ဘုရင်တစ်ပါးပါးရဲ့ မိဖုရားတစ်ယောက်ယောက်နဲ့လည်း ပတ် သက်နိုင်တာပဲ။ ဖိုးဝင်းတောင်သမိုင်းမှာတော့ မိဖုရားဂူဟာ ဘယ်သူနဲ့တိုက်ရိုက်ပတ်သက်တယ်ဆိုတာတော့ ရေရေရာရာ မဖော်ပြထားဘူး'

'နင် သတိထားမိလား ထင်လင်းမောင်။ ဒီတောင်တွေ မှာ ထုထွင်းထားတဲ့ဂူတွေရဲ့နံရံမှာ ဆေးရေးပန်းချီတွေရှိတယ်။





ဂူတော်တော်များများရဲ့ နံရံပေါ်က ပန်းချီတွေဟာ ပျက်စီးနေပြီ၊ ေမှးမှိန်နေပြီ။ မိဖုရားဂူကတော့ အားလုံးထဲမှာ အထင်ကရပဲ။ ရာသီဥတုဒဏ်ကို ခံနိုင်တာကအစ ရွေးပြီးတည်ခဲ့တာ။ နံရံ ဆေးရေးပန်းချီတွေကလည်း လုံးဝ အကောင်းပကတိအတိုင်းပဲ ရှိနေသေးတယ်'

'နင်ပြောမှ ငါ သတိထားမိတာ။ မိဖုရားဂူနဲ့ပတ်သက် ပြီး နင်က တော်တော်ဂရုစိုက် မှတ်သားထားနိုင်တာပဲ'

'နောက်တစ်ချက်ရှိသေးတယ်၊ တခြားဂူတွေရဲ့ နံရံမှာ ခြားဇာတ်နိပါတ်တွေလို သရုပ်ဖော်ထားပေမယ့် မိဖုရားဂူ တစ်ခုလုံးရဲ့ နံရံတွေကတော့ စန္ဒကိန္နရီဇာတ်ကိုပဲ သရုပ်ဖော် ားတယ်။ အဝင်တံခါးက အရုပ်တွေကလည်း ကိန္နရီရုပ်တွေ လေ။ ငါပြောချင်တာက မိဖုရားဂူဟာ ပဒုမ္မဒေဝီနဲ့ပဲ ပတ်သက် မှာမယ်ဆိုတာပဲ'

'ပြောပါဦး နေခြည်အေး'

'ပဒုမ္မဒေဝီဟာ ပုဂံမင်းရဲ့ မိဖုရားဖြစ်ခဲ့တာပဲ။ ပုဂံမင်း လည်း ချစ်ခင်စုံမက်လိမ့်မယ်။ အဲဒီစိတ်နဲ့ပဲ မချစ်မနှစ်သက် သူနဲ့ ပေါင်းရမှာစိုးလို့ ရင်ကွဲနာကျခဲ့ရတာ မဟုတ်လား။ င်းကလည်း ပဒုမ္မဒေဝီကို စုံမက်လွန်းလို့ မရရအောင် က်ပြုပြီးပြန်ခေါ်ဖို့ ချီခဲ့တာမဟုတ်လား။ ပုဂံနေစဉ်ကာလ စန္ဒကိန္နရီဇာတ်ကို ပဒုမ္မဒေဝီ နှစ်သက်ခဲ့လိမ့်မယ်။ ဒါကြောင့် ဒုမ္မဒေဝီကို အောက်မေ့သတိရတဲ့အနေနဲ့ မိဖုရားဂူကို အထိမ်း

www.burmeseclassic.com



အမှတ်နဲ့ ထွင်းခဲ့တာပဲဖြစ်ရမယ်'

အချစ်ကြီး၊ သံယောဇဉ်ကြီးသော စန္ဒကိန္နရီဇာတ်ကို တော့ သူ အကြမ်းဖျင်းသိထား၏။

✣ ✣ ✣



## ၆။

အညာရှင်ငွေနှင့် မလွတ်ကင်းဟု ပြောလို့ရသော်လည်း မြို့ပြ၏ အငွေ့အသက်ကြောင့် စိတ်လွတ်ကိုယ်လွတ်မဖြစ်။ မြေကြီးထဲမှ အလိုအလျောက် ရေထွက်နေသောမြင်ကွင်းများ၊ ချက်စိတဆုံး နေကြာခင်းများ၊ ဆေးရွက်ကြီးစိုက်ခင်းများကို သွမ်းသွတ်ရင်းက ဆယ်တန်းစာသင်နှစ် နှစ်ဝက်ကျိုးလေပြီ။

မတောင့်တသူ နေခြည်အေးမှာ မြို့ပြ၏အငွေ့သက် ကြားမှာ ငေးမောချင်စရာ တသွေးတမွေးဖြစ်နေတာကိုတော့ သက်ပြင်းမောတွေ ချမိသည်။

မိမှရားဂူနှင့် စန္ဒကိန္နရီဇာတ်ကို ဆက်သွယ်ပြတတ် သော နေခြည်အေးမှာ သူမှတစ်ပါး အခြားသံယောဇဉ်များကို ဆက်ကွယ်ပြုနိုင်တာကိုတော့ ကျေးဇူးတင်မိသည်။

မထင်မှတ်ပါဘဲ သက်နိုင်ဆိုသော အတန်းတူမျက်နှာ သိတစ်ယောက်ကြောင့် ရင်ထဲမှာ ဆူးတစ်ဆူး စူးဝင်နစ်ခဲ့ရ သည်။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



'မင်းကို သက်နိုင်က မေးစရာရှိလို့တဲ့ ထင်လင်းမောင် သူမေးတာကို ငါတို့လည်းသိချင်တယ်'

သက်နိုင်ကို သူ့ရှေ့မှာထားပြီး စန်းပွင့်က ကိုယ်စားပြော လာသည်။ သက်နိုင်မေးချင်သည်မှာ နေခြည်အေးနှင့် ပတ်သက် လိမ့်မည်ဟု ရိပ်စားမိလိုက်သည်။

သက်နိုင်မိဘတွေက မြို့မျက်နှာဖုံး။ အသိုင်းအဝိုင်း တောင့်တင်းသူတွေ။ ဖူးတိုင်းကြိုက်ချင်စရာဖြစ်နေသော သက်နိုင် အဖို့ ပန်းပွင့်တိုင်းကို ပိုင်ဆိုင်ချင်တာ အဆန်းမဟုတ်။

'မေးလေ… ငါဖြေနိုင်တာဆိုရင်တော့ ဖြေမှာပေါ့'

သူ့စကားကို မကြိုက်သည့်လက္ခဏာ သက်နိုင်ပြသည် ဘာကိစ္စနှင့်ဖြစ်ဖြစ် လူငယ်ချင်း ခိုက်ရန်မဖြစ်ပွားချင်သည် သဘောထား သူ့မှာ အမြဲရှိသည်။ ဒါကိုပင် 'နင်က တခြား ယောက်ျားလေးတွေနဲ့ မတူဘူး၊ ကြောက်တတ်တယ်'ဟု နေခြည် အေးကလည်း ဝေဖန်ဖူးသည်။

'မင်းဖြေနိုင်မှာပါ ထင်လင်းမောင်၊ ငါမေးမှာက ရိုး လေးပါ။ မင်းနဲ့ နေခြည်အေးက ဘာပတ်သက်လဲ။ မောင်နှ တွေလား'

တစ်ယောက်နှင့်တစ်ယောက် သံယောဇဉ်ကြီးပြီး ရင်းနှီး ကြတာတွေကို သက်နိုင်သာမက အားလုံးမြင်တွေ့နေကြသည်

သူကလည်း သက်နိုင်အမေးကို ရိုးရိုးလေးပဲ ပြန်ဖြေ လိုက်သည်။





'ငါနဲ့ နေခြည်အေးက မောင်နှမတွေ မဟုတ်ကြဘူး သက်နိုင်။ ဒါပေမဲ့ တစ်မြေတည်း တစ်ရေတည်းသောက်ပြီး ငါးမိနစ်ခြား မွေးခဲ့ကြတာပဲ။ မင်းမေးတာနဲ့ပတ်သက်ပြီး ငါ ဖြေနိုင်တာက ဒါပဲ'

'နေခြည်အေးက မောင်နှမလို့ပြောတယ်။ မင်းက မဟုတ်ဘူးလို့ပြောတယ်။ ဒါဆို မင်းတို့က ဘဂ်လားမောင်နှမ တွေပဲ'

'ဘယ်က ဟုတ်ကမှာလဲ သက်နိုင်ရာ။ မောင်နှမလည်း မက ရည်းစားလည်းမကျတကျပါကွာ'

စိတ်ထဲမှာ ထောင်းခနဲဖြစ်သွားပေမယ့် ဒေါသကိုထိန်း ပြီး လှည့်ထွက်ဖြစ်ခဲ့သည်။

သူခြေလှမ်းတွေက နေခြည်အေးဆီ ဦးတည်ဖြစ်သည်။ သက်နိုင်တို့အုပ်စုနှင့် ပြောဆိုဖြစ်တာတွေကို ပြောပြထားမှဖြစ် မည်ဟုတွေးပြီး လာဖြစ်သည်။

✣ ✣ ✣

မိန်းကလေးဆောင်ရှေ့ရောက်တော့ မဏာလေး ရေချိုး နေတယ်ဟု အခန်းဖော်က ထွက်ပြောသည်။

အဆောင်ရှေ့ မြက်ခင်းပြင်မှာပင် သူ ထိုင်စောင့်နေ လိုက်သည်။ သက်နိုင်နှင့်ပတ်သက်ပြီး နေခြည်အေးက ဘာပြော ထားသည်မသိ။ မောင်နှမတွေဟု မပြောဖြစ်လိုက်၍မှား နေခြည်



www.burmeseclassic.com

www.burmeseclassic.com



အေး စိတ်ကောက်လေမလားမသိ။

ဆယ့်ငါးမိနစ်ခန့်ကြာတော့ အပြင်အဆင် အခြယ်အသတွေဖြင့် သူ့ရှေ့သို့ နေခြည်အေး ရောက်လာသည်။

'စောင့်ရတာ ကြာသွားလား ထင်လင်းမောင်၊ ငါပြင်ထားတာ လှတယ်မဟုတ်လား'

မိန်းကလေးတိုင်းက အလှကြိုက်တတ်သည်။ အခြယ်အသများဖြင့် နေထိုင်တတ်တာ သဘာဝပင်။ ဒီအလှတွေက တစ်စုံတစ်ယောက်အတွက်များ ရည်စူးပြီး ပြင်ဆင်တာဆိုရင်တော့။

'ကြာတယ်လို့လည်း မဟုတ်ပါဘူး။ နင်အပြင်သွားမလို့လား နေခြည်အေး'

'အေးလေ… နာရီဝက်အချိန်ပေးတာနဲ့ အကြော်ထွက်စားမလို့။ ပထမတုန်းက မိဓော်ကို အဖော်လုပ်မလို့ပဲ။ နင်ရောက်လာတာနဲ့ပဲ မိဓော်ကိုမခေါ်ဘဲနေလိုက်တာ'

လာရင်းကိစ္စကို ဘာမှမပြောပြနိုင်သေးပေ။ ဆိုင်ကယ်ဆီသို့ နေခြည်အေး လျှောက်သွားပြီး အမိုဦးထုပ်တစ်လုံးကို ဖြုတ်ယူလိုက်သည်။ သဘောကတော့ သွားတော့မည်ဟု အချက်ပြလိုက်ခြင်းပင်။

အညာညနေခင်းသည် ပူအိုက်မှုကိုတော့ အနည်းငယ်လျှော့ပါးစေ၏။ တိုက်ခတ်သောလေမှာ နေခြည်အေး၏ ကိုယ်သင်းနံ့ကို ငြိတွယ်ပါလာလေသည်။





'ဟေး… ခါကိလားမောင်နှမ'

ဆန့်ကျင်ဘက်ဆီသို့ မောင်းနှင်သွားသော သက်နိုင်တို့ရှုသိုက် နှုတ်သရမ်းသွားသည်။

'အလကား ဆန်ကုန်မြေလေးတွေ' ဟု မြည်တွန်တောက်တီးလိုက်သေး၏။

✣ ✣ ✣

နေခြည်အေးတစ်ယောက်ကတော့ အကြော်တွေကို ချဉ်ရည်တို့ပြီး မြိန်ရည်ရှက်ရည်စားနေ၏။ သူ့အဖို့မှာတော့ အကြော်စားနေရပေမယ့် ခံတွင်းမတွေ့လှပေ။

'နင့်ကို ပြောပြစရာရှိတယ် နေခြည်အေး'

မပြောမပြီးမို့ စကားစလိုက်ရသည်။ နေခြည်အေးကတော့ ထုံးစံအတိုင်း အေးအေးလူလူပင်။

'ပြောစရာရှိတာများ ခွင့်တောင်းနေသလား ထင်လင်းမောင်ရယ်၊ ကဲ… ပြော ဘာပြောမှာလဲ'

'နင့်ဆီမလာခင် သက်နိုင်တို့အုပ်စုနဲ့ စကားပြောဖြစ်ခဲ့တယ်'

'ဘာအကြောင်းလဲ'

'တခြားမဟုတ်ဘူး၊ နင်နဲ့ ငါ့အကြောင်း'

'ငါတို့အကြောင်း ဟုတ်လား ထင်လင်းမောင်၊ နင်တို့ရှေ့မှာ ဘာတွေများပြောလိုက်မိလို့လဲ'



www.burmeseclassic.com

www.burmeseclassic.com



အကြော်ဆက်မစားနိုင်တော့ဘဲ နေခြည်အေးတစ်ယော
ထိတ်ပျာသွားသည်။

'သူတို့က မေးတယ်၊ နင်နဲ့ ငါနဲ့ ဘာပတ်သက်လဲတဲ့
မောင်နှမတွေလားလို့ မေးတယ်'

'အဲဒီတော့'

'မောင်နှမတွေလို့ နင်ပြောလိမ့်မယ်ဆိုတာကို ရုတ်တရ
ငါမေ့သွားတယ် နေခြည်အေး။ သူတို့ဆင်တဲ့အကွက်ထဲမှာ အမိ
မိသွားပြီး မောင်နှမ လုံးဝမတော်ဘူးလို့ ပြောလိုက်မိတယ်'

'ဟင်… တကယ်လား။ ငါကတော့ တွေ့တဲ့သူတို
ကို ထင်လင်းမောင်က ငါ့အစ်ကိုလို့ ပြောတယ်။ အဲဒီ ဆန်
မြေလေးတွေကိုလည်း ဒီတိုင်းပဲ ငါပြောတာ'

'ဒီလိုဟာ…'

'ဘာမှပြောမနေနဲ့ ထင်လင်းမောင်။ နင့်စိတ်ထဲမှာ
ကို ညီမတစ်ယောက်အဖြစ် မသတ်မှတ်နိုင်တာ သေချာသွား
နင် အလကားပဲ။ အေးလေ… ငါတို့က တကယ်ပဲ သွေးတေ
သားစပ်ကြတာမှ မဟုတ်ဘဲ'

နေခြည်အေးတစ်ယောက် ဘယ်လိုတွေးပြီး ဘယ်
ခံစားသွားသည်မသိပေ။ မျက်ရည်ဝဲလာပြီး အတော်
စိတ်ထိခိုက်သွားပုံရသည်။

ဒါဆိုရင်တော့ သူ့ကို ရက်ရှည်လများ စကားမပြော
စိတ်ကောက်တော့မှာ သေချာနေသည်။





'နေခြည်အေး… ခဏနေဦး'

'ဒီနေရာမှာပဲ နင် ထိုင်ကျန်ခဲ့၊ ငါ့နောက်ကို လိုက်မလာ
နဲ့နော်'

ပြောသည့်စကားအတိုင်း နားမထောင်ရင် လူပုံအလယ်
မှာ ရုပ်ပျက်ဆင်းပျက်တွေဖြစ်မှာ သေချာသည်။

နေခြည်အေး ထွက်သွားသည်ကို မြင်လျက်နှင့် တားမြစ်
နိုင်စွမ်းမရှိခဲ့ပါလေ။

သူ့ရင်မှာ ဆူးတစ်ချောင်း နစ်ခဲ့ပြီ။

နေခြည်အေး ရင်ထဲမှာလည်း ဆူးတစ်ချောင်းနစ်သည်
ပဲ။ ခံစားချက်ချင်း၊ ထင်မြင်ယူဆပုံချင်း မတူကြတာတော့
သေချာနေသည်လေ။

✢ ✢ ✢



www.burmeseclassic.com

www.burmeseclassic.com

## ၇။

ဆယ်တန်းစာမေးပွဲ ဖြေပြီးသည်အထိ နေခြည်အေး တစ်ယောက် သူ့အပေါ် စိတ်ဆိုးမပြေသေးပေ။

မေးထူးခေါ်ဖြေဆိုပေမယ့် နေခြည်အေးမျက်နှာမှာ သူနှင့် မျက်နှာချင်းဆိုင်လေတိုင်း ရှစ်ခေါက်ချိုးနှင့်။

စိတ်ဆိုးပြေပြီလားဟုလည်း သူ မမေးရဲ။

သူ့ရင်ထဲမှာ ဖြစ်ပေါ်နေသော ခံစားမှုများနှင့် စာမေးပွဲ ဆိုသော အသိကြီးကြောင့် ရေလိုက်ငါးလိုက် သူနေထိုင်ဖြစ်ခဲ့ သည်။

သူတို့နေသော ဆော်ဒါစခန်းသိမ်းပွဲလုပ်သည်။

သူနှင့် နေခြည်တို့ကြားမှာ သေးအေးနေခဲ့သည်ကလွဲလို့ အားလုံး ပျော်ပျော်ပါးပါးနှင့် နှုတ်ဆက်ဖြစ်ကြသည်။

အချိန်တန်တော့ အထုပ်ပိုးပြင်ပြီး အိမ်ပြန်ရတော့မည်။ စိတ်ရှင်းလက်ရှင်းဖြစ်သောအခါမှ နေခြည်အေးအား ချော့မို့ သူ ကြိုးစားဖြစ်သည်။





'ပစ္စည်းတွေသိမ်းပြီးပြီလား။ မနက်ဖြန်ပြန်ကြရတော့ မှာလေ။ ဖေဖေတို့ ဦးလေးချစ်ထွန်းတို့ပါ မုံရွာရောက်အောင် တက်လာကြဦးမလား။ မသိဘူး'

'နှင့်ဘာသာနှင့် တစ်ယောက်တည်းပြန်ပေါ့'

'မနက်ဖြန်ဆို ကျောင်းသားတွေအားလုံး ပြန်ကြမှာ မဟုတ်လား။ နေခြည်အေးက မပြန်လို့ ဘယ်နေခဲ့မှာလဲ'

'မုံရွာက မိမော်ရဲ့အဒေါ်အိမ်မှာ တစ်ပတ် ဆယ်ရက် နေပြီးမှ ပြန်တော့မယ်။ ငါ့ပစ္စည်းတွေကို နင် တစ်ခါတည်း သယ်သွားပေး ထင်လင်းမောင်'

သူ တစ်စုံတစ်ခုပြောမည်ပြင်ဆဲမှာပင် မိမော်ရောက် လာသည်။ မိမော်နှင့်အတူတူ နေခြည်အေး ဈေးဘက်ထွက်သွား၍ ရေငုံနှုတ်ပိတ်နေဖြစ်ခဲ့ရသည်။

✣ ✣ ✣

မနက်လင်းတော့ နေခြည်အေး မပါဘဲ အိမ်ပြန်ဖို့ပြင် ရတော့သည်။ အတူတူပြန်မလာဘဲ နေခြည်အေး ကျန်နေခဲ့ခြင်း ကို သူ့အဖို့ အပြောရကျပ်ပြီ။ တပါတည်း မခေါ်လာရကောင်း လားဟု ဦးလေးချစ်ထွန်းတို့ အပြစ်တင်ရင် အခက်။

အဆောင်ပေါ်မှ ပစ္စည်းတွေ သယ်ချနေတုန်းမှာပင် နေခြည်အေးတို့နှင့်အတူတူ ဖေဖေနှင့် ဦးလေးချစ်ထွန်းတို့ ရောက် လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'သားရေ… ပစ္စည်းတွေကိုတော့ ရွာကကားနဲ့ တင်ပေးလိုက်မယ်။ ဖေဖေတို့ကတော့ ဆိုင်ကယ်နဲ့ပဲ ပြန်ကြတာပေါ့'

နေခြည်အေး ကျန်ခဲ့မည့်အဖြစ်ကို ဖေဖေတို့ သိလား မပြောတတ်။ မိမော်ကလည်း ကပ်ပါနေတော့ သူ မေးခွင့်ရခက်၏။

နေခြည်အေး အလစ်မှာပင် မိမော်အား မေးဖြစ်သည်။

'နေခြည်အေးက မုံရွာမှာ နင်နဲ့အတူတူ ကျန်ခဲ့မှာမဟုတ်လား'

'မနေ့ကအထိတော့ အဲဒီအတိုင်းပဲ ထင်လင်းမောင်။ လူကြီးတွေရောက်လာမှ အစီစဉ်ပျက်သွားတာ။ ရွာမှာ နင့်ကို သင်္ကန်းစည်း အလှူလုပ်ပေးမယ်တဲ့။ နေခြည်အေး မုံရွာမှာ မကျန်ဖြစ်တော့ဘူး။ ငါပါ နင်တို့ဆီကို လိုက်လည်မှာ ထင်လင်းမောင်'

မိမော်ပြောသောစကားကြောင့် သူပျော်သွားမိသည်။ နေခြည်အေးတစ်ယောက်တည်းကို သူ့မျက်ကွယ်မှာ သူကျန်ခဲ့သည့်အတွက် စိတ်မချ။

သူ့ကို ပဉ္စင်းတက်ပေးဖို့ မနှစ်တုန်းကလည်း လူကြီးတွေ ပြောသံ ဆိုသံ ကြားဖူး၏။

မိမော်ပါ လိုက်မည်ဆိုသောကြောင့် ဆိုင်ကယ်တစ်စီး ထပ်ရှာရသည်။ ဦးလေးချစ်ထွန်းနှင့် ဖေဖေကတစ်စီး။ နေခြည်အေးနှင့် မိမော်ကတစ်စီး။ သူကတော့ တစ်ယောက်တည်း တစ်စီး စီးရ၏။

✣ ✣ ✣



သူတို့ပြန်ရောက်သွားတော့ အလှူအတွက် အိမ်မှာ ွာပ်တွေထိုးဖို့ ပြင်ဆင်နေ၏။ ဒီအတိုင်းဆိုရင်တော့ ကြားနှစ်ရက်သာ အချိန်ရှိတော့သည်ပဲ။ အိမ်ပြန်ရောက်တော့လည်း နေခြည်အေးနှင့် အေးအေးဆေးဆေး စကားပြောခွင့်မရ။

မိမော်အား ဟိုနား ဒီနား လိုက်ပို့သော်လည်း နေခြည်အေးက သူ့ကိုမခေါ်ဘဲ ချန်ထားခဲ့တာချည်းပင်။

'သားကို မေမေ မေးရဦးမယ်'

သူနှင့် နေခြည်အေးတို့၏ အနေအထိုင်ကို မေမေ ရိပ်မိရသည်။

'ဘာအတွက်လဲ မေမေ'

'တခြားမဟုတ်ပါဘူး၊ သားနဲ့ နေခြည်အေးတို့ စိတ်ကောက်နေကြပြန်ပြီလား'

မေမေ့မျက်နှာကို မရဲတရဲကြည့်ရင်း သူ သက်ပြင်းချမိသည်။

'ထုံးစံအတိုင်းပါပဲ'

သူနှင့် နေခြည်အေးတို့ကြားမှာ စိတ်ကောက်လိုက် ချော့တ်နှင့် လုံးချာလိုက်နေတာ ထုံးစံတစ်ခုလိုဖြစ်၏။

'သားက မချော့ဘူးလား'

မကြာခဏ စိတ်ကောက်ဖြစ်ကြပေမယ့် သူပြန်ချော့လေပြီး နေခြည်အေးတစ်ယောက် အမျက်ပြေစမြဲ။

'ဒီတစ်ခါက ဘယ်လိုပြောရမလဲ မသိပါဘူး။ မေးပွဲ

www.burmeseclassic.com



ကလည်း ကပ်နေတော့ သူ့ကို ကောင်းကောင်းမချော့ဖြစ်တာလည်း ပါမယ်ထင်တယ်'

မုံရွာမှာ ဖြစ်ပျက်ခဲ့တာတွေကို ဖုံးကွယ်ထားလိုက်မိသည်။

'သားတို့ နေခြည်အေးတို့က ကလေးပေါက်စလေးတွေ မဟုတ်ကြတော့ဘူး။ ဒီတစ်ခါ အောင်စာရင်းထွက်လို့ အောင်ကြရင် တက္ကသိုလ်တွေ ဘာတွေ ဆက်တက်ကြတော့မှာ၊ အဲဒီတော့...'

'ဘာဖြစ်လဲ မေမေ'

'မေမေရယ်၊ ဖေဖေရယ်၊ မောင်ချစ်ထွန်းတို့ လင်မယားရယ် ဆုံပြီး ဟိုရက်ပိုင်းက ပြောဖြစ်ကြသေးတယ်'

မေမေက သူ့အမူအရာက အကဲခတ်သလိုလုပ်ပြီး စကားခဏဖြတ်ထားသည်။ ပြီးမှ...

'သားတို့နှစ်ယောက်က မွေးကတည်းက အတူနေ အတူစား သံယောဇဉ်ကြီးခဲ့ကြတာ မဟုတ်လား။ နေခြည်အေးအဖို့မှာလည်း သားရှိမှဖြစ်မယ်။ သားအဖို့မှာလည်း နေခြည်အေး ရှိမှ ဖြစ်မယ့်အနေအထားမျိုးပဲ။ သားတို့က အရွယ်ရောက်လာကြပြီဆိုတော့ ပညာတွေစုံတဲ့အခါ နေရာချထားပေးဖို့ ပြောဖြစ်ကြတယ်'

'ဗျာ... ဘယ်လို'

'ဘာလဲ... သားက နေခြည်အေးကို လက်မထပ်ချင်တဲ့သဘောလား'





'မဟုတ်ဘူး မေမေ၊ နေခြည်အေး သဘောက'

'မင်းတို့နှစ်ယောက်က တကယ့်ကို သံယောဇဉ်ကြီးခဲ့တာပဲ။ နေခြည်အေးအတွက် မင်းရှိမှာဖြစ်မှာလေ။ မင်းကို ယ်လိုလုပ်ပြီးငြင်းမှာလဲ'

သူ့သဘောကိုတော့ မေမေ မမေးခဲ့။ မေးခဲ့ရင်လည်း ရင်ဖွင့်ပြဖြစ်မည်ထင်၏။

✢ ✢ ✢

ဆံချတော့ နေခြည်အေးကိုယ်တိုင် မျက်နှာသုတ်ပဝါကို ကိုင်ပေးသည်။ ထင်လင်းမောင်က 'ကတုံးတုံးလိုက်တော့ ကြည့်ကောင်းတယ်၊ တကယ့် ဆရာတော်ဖြစ်မယ့် ဥပဓိရုပ်မျိုးပဲ' မိမော် နောက်သည်။

'သွားမပြောနဲ့ မိမော်၊ တကယ်ဖြစ်သွားရင် ငါ နေ့တိုင်း ပို့နေရဦးမယ်'

နေခြည်အေး၏ စကားကြောင့်ပင် အားလုံးပွဲကျသွား ဒီအတိုင်းဆိုရင်တော့ နေခြည်အေး စိတ်ပြေစပြုတာ ၏။ ခက်တာက ခဏနေရင် သူက သင်္ကန်းဝတ်ဖြစ် မည်။ နေခြည်အေးအား ပြန်ချော့ဖို့ဆိုတာ ကိုးရက် ဆယ် လောက်တော့ သည်းခံပြီး စောင့်ရဦးမည်ပဲ။

ဆံချ ကိုရင်ဝတ်ပြီး အလှူအတန်းတွေနှင့်မို့ နေခြည်အေး ခပ်ဝေးဝေးနေဖြစ်သည်။ ညနေစောင်းတော့ သိမ်ပင်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ သိမ်ကအထွက်မှာ ရဟန်းဖြစ်ပြီမို့ သိက္ခာပုဒ်တော်များက သူနှင့် နေခြည်အေးကို စည်းအလိုလိုခြားပြီးသား ဖြစ်နေတော့၏။

ရဟန်းဝတ်နှင့်မို့ မေမေတို့ ဖေဖေတို့အားလုံး သူ့ကို ဦးချတော့ စိတ်ထဲမှာ ကျဉ်းကျပ်သလိုကြီး ခံစားရသည်။ နေခြည်အေးတစ်ယောက် သူ့ရှေ့သို့ရောက်မလာဘဲ ခပ်ဖယ်ဖယ်လုပ်နေ၏။

သူ့ရှေ့ရောက်လာရင် ဦးချရမှာမို့ နေခြည်အေးတစ်ယောက် ရှောင်ဖယ်ဖယ်လုပ်နေတာ ဖြစ်တန်ကောင်းသည်။

ညပိုင်းအအေးကပ်တော့ နေခြည်အေး တစ်ယောက်တည်း ကျောင်းခန်းပေါ် တက်လာ၏။ နေခြည်အေးအား ရုတ်တရက်တွေ့လိုက်ရသည်မို့ သူ့အဖို့ ထိုင်ရမလို ထရမလိုဖြစ်သွားရသည်။

'ဦးဇင်း… ထိုင်လေ၊ တပည့်တော်မ အအေးကပ်ချင်လို့'

အခေါ်အပြောတွေကြောင့် အနေကျုံ့ရသည်။ ကြ[illegible] တပြေးတည်းဖြစ်သော်လည်း နေကထိုင်ပေါ်မှာ သူထိုင်လိုက်သည်။ နေခြည်အေးအား စေ့စေ့မကြည့်ဖြစ်ဘဲ မျက်လွှာချထားမိသည်။

နေခြည်အေး ကျုံ့ကျုံ့လေးထိုင်ပြီး လက်အုပ်ချီထားပြင်သည်။





'လူ့ဘဝတုန်းက တပည့်တော်မနှုတ်ကနေ ပြောမှား ဆိုမှား ကျူးလွန်ခဲ့တဲ့ ကာယကံ၊ ဝစီကံတွေအတွက် ဝန်ချတောင်းပန်တာပါ။ ကျေနပ်ခွင့်လွှတ်ပါ'

နေခြည်အေး၏ စကားကြောင့်ပင် သူ့ရင်ထဲမှာ ဆို့သွားမိသည်။

'ဘယ်တုန်းကမှ အမျက်မထားခဲ့ပါဘူး'

ဒီထက်မက စကားတွေ အများကြီးပြောလိုက်ချင်သော်လည်း စိတ်မှာ မနည်းချုပ်တည်းထားရ၏။

နေခြည်အေး ဦးချသည်။ သူ့ရှေ့မှ တဖြည်းဖြည်းချင်း ထထွက်သွားသည်။ မျက်လွှာကိုတော့ အလုံးစုံချထားဆဲ။ ခြေသံတွေပျောက်ဆုံးသွားတော့မှ အအေးခွက်ကို ကောက်ကိုင်ပြီး တစ်ငုံမော့ဖြစ်သည်။

ရှင်လိင်ပြန်ချိန်အထိတော့ စောင့်ဆိုင်းရဦးမည်ပဲ။

ဘဝမှာ အပျော်ဆုံးနေ့တစ်နေ့ဖြစ်သော ရှင်လိင်ပြန်သောနေ့ကို မလွဲမသွေ ကြုံရဦးမည်ပဲလေ။

✢ ✢ ✢



www.burmeseclassic.com

www.burmeseclassic.com

## ၈ ။

ဆယ်တန်းအောင်စာရင်းထွက်တော့ သူက ရိုးရိုးဖြင့် အောင်ပြီး နေခြည်အေးက ဂုဏ်ထူးနှစ်ခုပါသည်။ အားလုံးက သူ့ကို အမှတ်ကောင်းကောင်းနှင့်အောင်မည်ဟု ထင်ကြေးပေးခဲ့ကြသည်။

တကယ်တမ်း အဖြေထွက်လာတော့ ကံကြမ္မာက ပြောင်းပြန်ဖြစ်အောင် စီရင်သွားခဲ့၏။

'သားက ဆေးတက္ကသိုလ်တက်ဖို့ အမှတ်မမီလို့ စိတ်ဓာတ်ကျနေတာလား'

သူ ဘာဖြစ်ချင်သည်ကို သူ့အသိုင်းအဝိုင်းက သိသည်။ နေခြည်အေးကလည်း သိ၏။ သူ့ဖခင်က တိုင်းရင်းဆေးဆရာကြီး။ သူကိုယ်တိုင်ကလည်း လူနာတွေကို ပြုစုစောင့်ရှောက်ရင်း ဆေးပညာကို ဆည်းပူးချင်သူ။





'ထင်ထားသလို ဖြစ်မလာတော့ စိတ်ဓာတ်ကျချင်တာပေါ့ ဖေဖေ။ ဆယ်တန်းစာမေးပွဲကို နောက်တစ်ခါဝင်ပြီး ဖြေလို့မှ မရတော့ဘဲ'

'ဆရာဝန်မဖြစ်ရတော့လည်းဘာဖြစ်သေးလဲ။ ရွေးချယ်စရာတွေ အများကြီးရှိနေတာပဲကွယ်'

မေမေကပါ သူ့ကို ဝင်နှစ်သိမ့်သည်။ ဖေဖေကတော့ သူ့အတွက် ခေါင်းအေးအေးထားပြီး တွေးပေးနေပုံရသည်။

'အင်း… ဆရာဝန်မဖြစ်တော့လည်း နီးစပ်တဲ့ကိစ္စတစ်ခုကို စဉ်းစားတာပေါ့လေ။ ဒီလို စဉ်းစားကြည့်ပါလား။ ဖေဖေ့မိတ်ဆွေတစ်ယောက်က ကျန်းမာရေးမှူးပဲ။ သားလည်း သူ့ကို သိပါတယ်။ ကျန်းမာရေးမှူးသင်တန်း တက်ပါလား။ သူလည်း ဆေးထိုးအပ်ကိုင် နားကျပ်ကိုင်နိုင်တာပဲ။ လူနာတွေကို အခြေခံကျကျ ပြုစုစောင့်ရှောက်ခွင့်ရနေတာပဲ။ သူနဲ့ တိုင်ပင်ကြည့်ရင် မကောင်းဘူးလား သား'

မျှော်လင့်ထားသလို ဖြစ်မလာခဲ့သော သူ့အတွက်တော့ ဖေဖေပြောသောစကားက ကောက်ရိုးတစ်မျှင်နှယ်။

'ဟုတ်ပြီ ဖေဖေ၊ ဆရာဝန်မဖြစ်ရလည်း အဲဒီ ကျန်းမာရေးမှူးသင်တန်းပဲ သားတက်တော့မယ်'

သားအဖနှစ်ယောက် ခေါင်းချင်းဆိုင်ရာမှ အဖြေတစ်ခုခု ထွက်သွားသောကြောင့် မေမေလည်း စိတ်ချမ်းသာသွားပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒါနဲ့ သား၊ နေခြည်အေးလည်း သူ့အဒေါ်တွေ အဆက်အသွယ်နဲ့ ရန်ကုန်မှာ ကွန်ပျူတာဆိုလား ဘာလား သွားတက်ဖြစ်မှာဆို၊ ဟုတ်လား'

'ကွန်ပျူတာတက္ကသိုလ်ပါ မိန်းမရယ်။ နေခြည်အေးက ဂုဏ်ထူးပါတော့ အမှတ်မီတယ်လေ'

သူနှင့် နေခြည်အေးတို့ ဘယ်အခါမှ မျက်စိအောက်က အပျောက်မခံခဲ့ကြပေ။ အခုတော့ အခြေအနေတွေအရ ရှေခြားမြေခြားဖြစ်ရတော့မည်ဟုတွေးရင်း ဝမ်းနည်းမိသည်။

နေခြည်အေး ပညာသွားရှာရာသို့ သူ မလိုက်နိုင်သလို သူသွားမည့်နေရာကိုလည်း နေခြည်အေး လိုက်ခွင့်မသာ။

✢ ✢ ✢

တကယ်တမ်းခွဲကြမည်ဆိုတော့ တစ်ယောက်တစ်နေရာစီ။ သူက မန္တလေး။ နေခြည်အေးက ရန်ကုန်။ နှစ်ယောက်တတွဲတွဲနေခဲ့ဖြစ်ပေမယ့် အခုတော့ ခွဲရတော့မည်။

ဘယ်နှစ်နှစ်လောက်ကြာကြာခွဲနေရမည်ကို သူလည်း မတွေးတတ်။

'နင်က ငါ့ထက်အရင် ရန်ကုန်သွားဖြစ်မှာ မဟုတ်လား နေခြည်အေး'

'ဟုတ်တယ် ထင်လင်းမောင်… ကျောင်းတွေဖွင့်မှာလိုသေးပေမယ့် အဒေါ်ပြန်တာနဲ့ တစ်ခါတည်း လိုက်သွားဖြစ်မှာ'





'နင် ဒီဒေသကိုရော ငါ့ကိုပါ တကယ်ခွဲသွားတော့မှာပါလားလို့ သိရတော့ ရင်ထဲမှာတစ်မျိုးကြီးပဲဟာ'

သူနှင့် နေခြည်အေးတို့ စဖိုတောင်ပေါ်တက်ရင်း အေးအေးလူလူ စကားပြောဖြစ်ကြသည်။

စဖိုတောင်မှာ ဇော်ဂျီဦးဖိုးဝင်းနှင့် ပဒုမ္မဒေဝီတို့၏ မူလနေရာလေးဖြစ်၏။ စဖိုတောင်၏ ဂူတစ်နေရာရာမှာ ဇော်ဂျီဦးဖိုးဝင်း၏ ဆေးပြဒါးနှင့် ဆေးကျောက်ပျဉ်ရှိသည်ဟု နောင်းလူတွေအတွက် ပြောစမှတ်တွင်ခဲ့၏။

'ဟုတ်တော့ ဟုတ်တယ်။ ငါ့ရင်ထဲမှာလည်း တစ်မျိုးကြီးပဲ ထင်လင်းမောင်။ ယယ်ယယ်ကတည်းက နင်နဲ့ ငါ ခွဲခဲ့ဖူးတာမဟုတ်ဘူး။ ရန်ကုန်မှာ ကျောင်းတက်ရမယ်ဆိုတော့ ပထမပျော်သလိုလိုပဲ။ တကယ်သွားရမယ်ဆိုတော့ မပျော်ချင်တော့သလိုပဲ'

ငယ်ငယ်တုန်းက ကျောင်းကပ်ချင်သော ကောင်မလေးတို့ ပြေးမြင်ဖြစ်သည်။

'ဓာတီဆိုတာကို မမေ့ကြရင်ပဲ တော်ပါပြီ။ လူငယ်တွေအတွက် ရေကြည်ရာ မြက်နုရာဆိုတာ ရှာဖွေသင့်တဲ့ကိစ္စပဲ'

'နင်က ရှေ့ကထွက်သွား မကြာခင် ငါက နောက်ကလိုက်ရမှာပဲမဟုတ်လား'

'ဒါတော့ ဒါပေါ့၊ ငါက နင့်ထက် နှစ်တွေပိုကြာမယ်။ ပြီးတော့ ပိုဝေးတဲ့နေရာကို သွားရမယ့်သူပါ'



www.burmeseclassic.com

www.burmeseclassic.com



မုံရွာမှာ ကျောင်းသွားတက်တုန်းကလည်း နေခြည်အေးအတွက် သူစိုးရိမ်ဖြစ်သည်။ မျက်စိရှေ့မှာပင် တစ်နေ့တခြား နေခြည်အေး ပိုပိုလှလာသည်ပဲ။ မုံရွာမှာတုန်းက သူအမြဲရှိနေခဲ့သည်။ အခုအဖြစ်မှာတော့ သူက လိုက်မပါနိုင်။ သူ့မျက်ကွယ်မှာဆိုတော့ ပိုပြီးစိတ်မချနိုင်ပေ။

'နေခြည်အေး'

'ဘာလဲ ထင်လင်းရယ်'

မခွဲခင်၊ မခွာခင်မှာ သူ့ရင်ထဲက သောကများနှင့် ချစ်ခြင်းများကို ပြောပြဖို့စိတ်ကူး၏။

'ဖြစ်နိုင်မယ်ဆိုရင် ငါ့မျက်စိရှေ့ကနေ နင့်ကို တကယ်ပဲ အပျောက်ခံချင်တာမဟုတ်ဘူး နေခြည်အေးရယ်။ ငါလေ...'

စကားတွေပြောရင်းကပင် ရင်ထဲမှာ ဆို့သွား၍ စကားဖြတ်ထားလိုက်ရသည်။

'ငါလည်း ဘယ်ခွဲချင်ပါ့မလဲ ထင်လင်းမောင်ရယ်'

သူကတော့ နေခြည်အေးအပေါ် သံယောဇဉ်ထက် နယ်လွန်ခဲ့တာ ကြာပြီ။ နေခြည်အေး စိတ်ကွက်မည်စိုးသောကြောင့် အရိပ်တကြည့်ကြည့်ဖြင့် မျိုသိပ်နေခဲ့ရသည်။

အခုအခြေအနေမှာတော့ အရဲစွန့်ပြီး သူပြောမှဖြစ်တော့မည်ပဲ။ စဖိုတောင်ပေါ်မှနေပြီး မြူတွေရစ်သိုင်းနေသော ပတ်ဝန်းကျင်ကို ကြည့်ဖြစ်သည်။

'ငါပြောမယ့်စကားကို အသေအချာနားထောင်နော် နေခြည်အေး'





နေခြည်အေး ခေါင်းမညိတ်။ ခေါင်းမခါပေမယ့် နားစိုက်ထားသည်။

'ငါတို့နှစ်ယောက်ဟာ သံယောဇဉ်တွေ အများကြီးဖြစ်ခဲ့ကြတယ်။ ငါလေ သံယောဇဉ်နယ်ထက်ကျော်ပြီး နင့်အပေါ် ချစ်နေမိပြီ နေခြည်အေး။ ဒီလိုပြောလိုက်လို့ နင် စိတ်ဆိုးသွားသလား'

မရဲတရဲဖြင့် နေခြည်အေးမျက်နှာကို သူကြည့်သည်။ နေခြည်အေး၏ အရိပ်အကဲမှာ ပကတိအတိုင်းရှိနေ၏။

'ငါတို့တွေဟာ ငယ်ကြတာတော့မဟုတ်ဘူး။ ဖြီးတော့ တို့နှစ်ယောက်ဟာ သွေးသားတော်စပ်တာလည်း မဟုတ်ဘူး။ တစ်နေ့နေ့မှာတော့ ဒီစကားမျိုး နင်ပြောမယ်ဆိုတာ သိနေတာပဲ'

'ဒါဆို'

'အချစ်ဆိုတာကို ငါ နားမလည်သေးတာတော့ အမှန်ပဲ။ တစ်နေ့ကျရင် နင်နဲ့ ငါ့ကို လက်ထပ်ပေးကြမှာပဲ။ ဒီကလူတွေကလည်း ဒီလိုပဲ မြင်ကြတယ်'

'ငါ့အချစ်ကို နင် မငြင်းတဲ့သဘောပေါ့နော်'

'သံယောဇဉ်ရှိရုံ ခင်တွယ်ရုံနဲ့တော့ ချစ်သူတွေဖြစ်ရင်လည်း ဖြစ်နိုင်မှာပေါ့။ ဒါပေမဲ့ဟာ ငါ့စိတ်ထဲမှာတော့ နင့်ကို သူငယ်ချင်းတစ်ယောက်လို အစ်ကိုတစ်ယောက်လိုပဲ သဘောထားနိုင်သေးတာတော့ သေချာတယ်။ အခုချိန်မှာတော့ ဒီလောက်နဲ့ပဲ နင် ကျေနပ်ပေါ့ ထင်လင်းမောင်'



www.burmeseclassic.com

www.burmeseclassic.com



သူချစ်တာကို သိသွား၍ ပျော်မိသည်။ နေခြည်အေး စိတ်မဆိုး၍ ဗျာပါကင်းရသည်။ သူ့အတွက်တော့ အပျော်ဆုံး နေ့တစ်နေ့ဆိုရင် မမှားပေ။

✣ ✣ ✣

မုန်းတီးမို့ မကြေကွဲပါနဲ့
တစ်ခုသော ကောင်းကင်အောက်မှာလေ...
တမ်းတမို့လက်မတို့ပါနဲ့
တစ်ခုသော ကောင်းကင်အောက်မှာလေ...
နွေဖြစ်ပစေ...
မိုးဖြစ်ပစေ...
တစ်ခုသော ကောင်းကင်အောက်မှာလေ...
"အချစ်"ဆိုလည်း ပြီးတယ်
"ဝဋ်"ဆိုလည်း ပြီးမယ်...
တစ်ခုသော ကောင်းကင်အောက်မှာလေ...။



www.burmeseclassic.com

'မတောင့်တ'မှ ထွက်မလာခင်ကတည်းက မိုးတစ်
ပေါက်နှစ်ပေါက်ကျသည်။ ကောင်းကင်မှာလည်း အနည်းငယ်
အုံ့မှိုင်းမှိုင်းနှင့်။ အညာမိုးနှင့် မကြုံဖူးသူမို့ စိတ်အေးသက်သာ
စွာနေ၏။

ပြီးတော့ ရာသီကလည်း မိုးတွင်းမဟုတ်ပေ။

ဆိုင်ကယ်နှစ်စီးဖြင့် မုံရွာဘက်ကမ်းရောက်အောင်
သူနှင့် နေခြည်အေးတို့ကို လိုက်ပို့ပေးသည်။

ထူးခြားတာက ထင်လင်းမောင် လိုက်မပို့ခြင်းပင်။
အစ်ကိုရင်းတမျှ သံယောဇဉ်ဖြစ်သော ထင်လင်းမောင်အကြောင်း
ကို နေခြည်အေး မကြောခဏ ပြောပြတာပဲရှိသည်။

ဒီရောက်မှ ပြီးတော့ အပြန်ခရီးကို ထင်လင်းမောင်
လိုက်မပို့ဖြစ်သောအခါမှ နည်းနည်းသံသယဖြစ်မိသည်။

လမ်းတစ်ဝက်မှာပင် သူရော နေခြည်အေးပါ မိုးမိကြ
သည်။ ချင်းတွင်းမြစ်ကိုကူးတော့ မိုးကသည်းသည်။





တစ်ဖက်ကမ်းရောက်တော့ မိုးစိုပြီးမှ အဝေးပြေးကား
ဂိတ်ဝင်းသို့ ထွက်လာဖြစ်ကြသည်။

✣ ✣ ✣

မိုးတစိမ့်စိမ့်က စစ်ကိုင်းရောက်သည်အထိ အမှျင်မပြတ်
သေး။ သူ့ကို မိုးနဲ့ရင်းကပင် ထင်လင်းမောင်နှင့် ပတ်သက်သည်
များကို နေခြည်အေး ပြောပြသည်။

ထင်လင်းမောင်တစ်ယောက် အရိပ်တကြည့်ကြည့်
…သခဲ့သော ပန်းတစ်ပွင့်က သူ့အတွက် ဖြစ်နေလေတော့ စိတ်
…ကောင်းမိပြန်။ ကိုယ်ချင်းစာစိတ်နှင့်အတူ နေခြည်အေးအား
…ဖြစ်သည်။

'စရောက်တုန်းက မရိပ်မိတာ အမှန်ပဲ။ ဒီနေ့ ပြန်ဖြစ်
…မှ ရိပ်မိတာလေ။ ကိုထင်လင်းမောင်တစ်ယောက် တော်
…တော် စိတ်မကောင်းဖြစ်ကျန်ခဲ့မယ်ထင်တယ်။ ဒါကြောင့် ကိုယ်
…တို့ လိုက်မပို့ဘဲ တမင်ရှောင်ထွက်သွားတာ'

'စိတ်မကောင်းဖြစ်စရာတော့ စိတ်မကောင်းစရာပေါ့။
…သမဲ့ နေခြည်က ကိုကို့ကိုပဲ ချစ်တာလေ။ အချစ်နဲ့ တကယ်
…တော့ သံယောဇဉ်ဆိုတာ တကယ့်ကို အစွယ်အပွားပဲဖြစ်
…တာပေါ့'

စကားတတ်လွန်းသော၊ သူ့အပေါ်ချစ်ရှာလွန်းသော
…ခြည်ကိုယ်လေးအား ရင်ခွင်ထဲသို့ ဆွဲသွင်းလိုက်သည်။

www.burmeseclassic.com



'လူတွေရှိတယ် ကိုကိုရဲ့'

မုံရွာမှ ကားပေါ်ရောက်မှ နေခြည်ထံမှ တရားဝင်အဖြေ ရသည်။ အနမ်းတစ်ပွင့် ခြွေတော့မည်ပြင်တော့ နေခြည် တားမြစ် သည်။ သူကလည်း အလိုက်တသိပင် နေခြည်အား ချမ်းသာခွင့် ပေးလိုက်ရသည်။

'စကားကောင်းနေတာနဲ့ ညောင်ပင်ဝန်းမှာ ကားမရပ် တာကို သတိမထားဖြစ်ဘူး။ အခု ဘယ်နားမှာလဲ နေခြည်'

အလာတုန်းကတော့ 'ညောင်ပင်ဝန်း'မှာ ကားနားပြီး ထမင်းစားဖြစ်သည်။ အစားအသောက် ငါးကင်တွေက ဖွယ်ဖွယ် ရာရာ စုံစုံလင်လင်မို့ ထမင်းစားမြိန်လွန်းသည်။ အပြန်မှာလည်း ညောင်ပင်ဝန်းမှာနားမှာပဲဟု တွက်ထားမိသည်။

'စစ်ကိုင်းရောက်နေပြီ ကိုကို'

မိုးက ဓွေလို့ကောင်းတုန်းပင်။ အညာမိုးက သူတို့ကို နှုတ်ဆက်တာလား။ ဒါမှမဟုတ် ကိုထင်လင်းမောင်၏ ဝမ်းနည်း ကြေကွဲမှုတွေက အရိပ်ယောင်အဖြစ် လိုက်ပါလာလေသလားဟု တွေးမိသေးသည်။

ကားဆရာတွေ နားချင်သောနေရာမှာပင် ညနေစာကို နှစ်ယောက်သား ဖြစ်သလိုစားလိုက်ကြရသည်။

စားရသောက်ရတာ အဆင်မပြေတော့ အလာတုန်းက နားခဲ့သော ညောင်ပင်ဝန်းကို ပိုပြီး အမှတ်ရဖြစ်ပြန်သည်။

÷ ✢ ✢



မန္တလေးအတွက်မှာတော့ လူတွေလစ်တုန်း နေခြည်အား အနမ်းခြွေဖြစ်သေး၏။ ဒီတစ်ခါတော့ နေခြည် မငြင်း။ သူ့အယု အယကို နေခြည်တစ်ယောက် ကျေနပ်စွာခံယူ၏။

'ကိုကို' /

'ဘာလဲ နေခြည်'

'တခြားမဟုတ်ဘူး၊ နေခြည့်ဘဝ နေခြည့်အနားမှာ ယောက်ျားလေးဆိုလို့ ထင်လင်းမောင်နဲ့ ကိုကိုပဲ တရင်းတနှီး ရှိခဲ့တာ။ ထင်လင်းမောင်က နေခြည်နဲ့ သံယောဇဉ်ဆိုရင် ကိုကို က နေခြည့်ရဲ့နှလုံးသား၊ နေခြည်ရဲ့အချစ်ပဲလေ'

'ဟုတ်ပါပြီကွယ်'

အနီးအပါးကလူတွေရော၊ တစ်ကားလုံးကလူတွေရော မှိုးအေးအေးနှင့် အိပ်ပျော်နေကြ၏။ သူ ထပ်ပြီး အခွင့်အရေး ယူတော့ နေခြည်က တားမြစ်၏။

'နေဦး ကိုကို၊ ကိုကို့ကို မေးစရာရှိတယ်'

'မေးလေ နေခြည်'

'ကိုကိုနဲ့က အလုပ်ထဲကျမှ တွေ့ကြတာ။ သက်တမ်း အရပြောရင် တစ်နှစ်စွန်းစွန်းလောက်ပဲ ရှိလိမ့်ဦးမယ်။ အဲဒီ ကာလတွေမှာတော့ ကိုကို့အနေအထိုင်၊ အပြုအမူတွေက ဘာမှ အပြစ်ပြောစရာမရှိပါဘူး။ ကိုကို့အချစ်၊ ကိုကို့သစ္စာကိုလည်း နေခြည် ယုံပါတယ်၊ ဒါပေမဲ့...'

'ဒါပေမဲ့ ဘာဖြစ်လဲ နေခြည်'

www.burmeseclassic.com

www.burmeseclassic.com



'နေခြည်နဲ့မတွေ့ခင်ကာလတွေမှာ သံယောဇဉ်အနေနဲ့ဖြစ်ဖြစ်၊ ချစ်သူတစ်ယောက်အနေနဲ့ဖြစ်ဖြစ် ဇာတ်လမ်းတွေ ရှိခဲ့ဖူးလားဟင်။ ကိုကိုဟာ နေခြည့်အတွက် အချစ်ဦးဖြစ်သလို နေခြည်ကလည်း ကိုကို့ရဲ့အချစ်ဦးရော ဟုတ်ရဲ့လားဟင်'

နေခြည့်အမေးစကားတွေကြောင့်ပင် ကာလအတော်ကြာ မေ့လျော့ထားဖြစ်ခဲ့သောသူကို ဖျတ်ခနဲ တွေ့လိုက်ရသလိုမျိုး ခံစားလိုက်ရသည်။ သူ့ရင်တွေလည်း ပင်ပန်းတုန်လှုပ်ချောက်ချားသွားရသည်။

ဒါကြောင့်ပင် နေခြည်အမေးကို ချက်ချင်းမဖြေဆိုနိုင်ခဲ့ခြင်းဖြစ်၏။

'မေးနေတယ်လေ… ဘာလဲ ညာဖို့စဉ်းစားနေတာလဲ။ ညာတာကို နေခြည် အမုန်းဆုံးပဲနော် ကိုကို။ ကိုကိုနဲ့ပတ်သက်ပြီး အချစ်ဦးမဖြစ်ရရင်တောင် အချစ်ဆုံးဖြစ်ရရင် ကျေနပ်ပါပြီ ကိုကိုရာ၊ နေခြည်မေးတာကို ဖြေလေ'

'ဖြေပါ့မယ် နေခြည်၊ အားလုံးကိုလည်း ပြောပြမှာပါ။ ညာဖို့ကြိုးစားနေတာ မဟုတ်ပါဘူး။ သူနဲ့ပတ်သက်ပြီး မေ့လျော့ထားခဲ့တာ ကြာပြီ။ ကိုယ့်ဘဝနဲ့လည်း အများကြီးပတ်သက်တယ်။ သူဟာ ကိုယ့်အချစ်ဦးလို့ ပြောလို့ရရုံပဲရှိပါတယ်။ သူ့အချစ်ကို ကိုကို မရခဲ့ပါဘူး နေခြည်။ သူနဲ့သာ မပတ်သက်ဖြစ်ခဲ့ရင် မချစ်ခဲ့ရင် နေခြည်နဲ့လည်း တွေ့မှာမဟုတ်ဘူး။ ကိုကိုဟာလည်း ခပ်ဆိုးဆိုး ခပ်ပေပေ လူတစ်ယောက်ဖြစ်နေမှာ





သချာတယ်။ ကိုကိုဟာ ငယ်ငယ်တုန်းက အရမ်းဆိုး၊ အရမ်းမိုက်ခဲ့တဲ့ လူပေလေးတစ်ယောက်ပါ နေခြည်'

'သူဆိုတာ ဘယ်သူများလဲ၊ ရန်ကုန်ကပဲလား။ ဒါမှမဟုတ် ကိုကိုတို့မြို့ကပဲလား'

'သူ့နာမည်က မမသဒ္ဓါချို တဲ့။ ကိုကိုတို့မြို့ကပဲပေါ့။ ကိုကို့ဘဝကို လွှမ်းမိုးနိုင်သလို ပြောင်းလဲသွားအောင် လုပ်နိုင်ခဲ့တဲ့ မိန်းမတစ်ယောက်ပေါ့'

နေခြည်ထက်လှသော မမသဒ္ဓါချိုအား မြင်ယောင်မိသည်။ လှသလောက် အဆိပ်ပြင်းသောမိန်းမ။ သူ့အပေါ် ကစားစရာ အရုပ်တစ်ရုပ်လို သဘောထားခဲ့သော မိန်းမတစ်ယောက်အကြောင်းကို နေခြည်အား ဆွေးမြေ့မြေ့ ပြန်ပြောင်းပြောပြမိသည်။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (နှစ်)

www.burmeseclassic.com

www.burmeseclassic.com

## ၁။

သူတို့မြို့၏ အချုပ်ခန်းမှာ သူ့အတွက်တော့ ရင်းနှီး
နေပြီးသား။ ရဲတပ်သားမှအစ စခန်းမှူးအထိ အခင်အမင်မပျက်
ခဲ့။ အခုလည်း သူ ရန်ဖြစ်ပြီး အချုပ်ခန်းထဲသို့ရောက်နေရပြန်
'ကဲ... ဘယ်လိုလဲ မောင်သတိုးဦး။ ရန်ဖြစ်ပြီဆိုတဲ့
သတင်း၊ ကွဲကြပြဲကြပြီဆိုတဲ့သတင်းရတာနဲ့ မင်းကိုတွေ့ရပြ
ပြီလား။ မင်း အရှမ်းမိုက်တာပဲကွာ။ မင်းအဖေတော့ တော်တော်
ဒေါပွနေတယ်'

သူ့ဖခင် ဦးရန်နိုင်ဦးမှာ မြို့မျက်နှာဖုံး လူရိုသေ ရှင်
ရိုသေ စီးပွားရေးသမားတစ်ဦး။ သူ့ဂုဏ်ပုဒ်တွေကတော့ ရ
ခဏခဏဖြစ်၊ ဆယ်တန်းကို နှစ်ခါကျထားပြီးသူ။

'ဒီတစ်ခါကတော့ ကျွန်တော့်သူငယ်ချင်းကို တမင်
အနိုင်ကျင့်ကြတာနဲ့ ဝင်ပါဆိုင်ရတာပါ။ ကျွန်တော်က ရန်
ရှာကြံပြီးဖြစ်တာမဟုတ်ဘူး။ ရန်က ကျွန်တော့်ကို လိုက်ရှာပြီ
ပြဿနာရှာတာလေ'



အမေ့မျက်နှာကြောင့် သူမိုက်မဲနေသည်ဟု လူတော်
တော်များများက ထင်ကြပေလိမ့်မည်။

'ကောင်းကွာ... ဒီတစ်ခါတော့ မင်းကို အချုပ်ထဲမှာ
ရက်ကြာကြာထားချင်လည်း ထားရတော့မှာပဲ။ အခုကိစ္စ မင်း
အဖေက လုံးဝ ဝင်မပါဘူးလို့ပြောတယ်'

စခန်းမှူးကြီး၏စကားကြောင့်ပင် စရိုက်မျိုးစုံ၊ အကြောင်း
မျိုးစုံ ရောက်လာကြသော အချုပ်သားတွေက သူ့ကို ဝိုင်းကြည့်
ကြသည်။ ဒီကောင်လေးတော့ သနားကမားလေးနဲ့ ဒုက္ခပါပဲဟု
သနားနေကြမည်လားမသိ။

ဒီအချုပ်ထဲမှာ တစ်ညအိပ်လိုက်ရရင် သတိုးဦးဆိုတဲ့
နာမည်ကို တစ်ခါတည်း ပြောင်းပစ်လိုက်တော့မည်။

အဖေ ဝင်မပါလည်း သူ့မှာ ဝှက်ဖဲတွေရှိနေကြသည်။

'ကျွန်တော့်လုပ်ရပ်ကိုရှက်ပြီး အဖေပြောတဲ့ စကားပါ။
ကျွန်တော့်မှာ မေမေရယ်၊ အစ်မနှစ်ယောက်ရယ် ရှိနေသားပဲ။
သူတို့သား၊ သူတို့မောင်ကို ဒီလို အချုပ်ခန်းထဲမှာ တစ်ညသိပ်
လိုက်ရင် သူတို့အတွက် ကမ္ဘာပျက်သလို ဖြစ်သွားမှာပေါ့'

လူပေါင်းစုံ၊ အနံ့ပေါင်းစုံဖြင့် မသတီချင်စရာကောင်းလှ
သော အချုပ်ခန်းထဲသို့ သူရောက်နေတာ နေ့ဝက်နီးပါးမျှ ရှိသွား
ခဲ့ပြီ။

သူပြောလိုက်သောစကားကို နားလည်သွားကြ၍လား။



www.burmeseclassic.com

www.burmeseclassic.com



တမင်လက်လျှော့သွားလေသလားတော့ မပြောတတ်။ စခန်းမှူးကြီး ခေါင်းခါပြီး အချုပ်ခန်းရှေ့မှ ပြန်ထွက်သွားသည်။

အခုချိန်မှာတော့ သူ့ထံမှာ ချုံးတစ်ပြားမှမရှိ။ ပါလာသောပိုက်ဆံ၊ လက်ဝတ်ရွှေငွေအားလုံးကို စာရင်းလုပ်ပြီး သိမ်းထားလိုက်ကြသည်။

ခဏနေကြာတော့ ရဲတပ်ကြပ်တစ်ဦးက သူ့အတွက် ရေသန့်ဘူးနှင့် စားစရာများဝယ်လာပေးသည်။

ဒီလိုနေရာမျိုးမှာ အစားအသောက်စားဖို့ ဘယ်လိုမှ မျိုချလို့ရမှာမဟုတ်ပေ။ ရေသန့်ဘူးကိုသာ ဖောက်ပြီး တစ်ငုံသောက်လိုက်သည်။ စားစရာများကိုတော့ အချုပ်သားတွေလက်ထဲ ထည့်ပေးလိုက်၏။

အချုပ်သားတွေက စရိုက်စုံဖြစ်ကြသော်လည်း သူ့ကိုတော့ ဘယ်သူမှ မထိရဲ မတို့ရဲကြပေ။ စကားတောင် ရဲရဲမပြောကြ။ ကြာလာတော့ သူ့အဖို့ ပျင်းခြောက်ခြောက်ကြီးဖြစ်လာ၏။

သူနှင့် ခပ်လှမ်းလှမ်းမှာရှိနေသော လူတစ်ဦးနှင့် စကားပြောကြည့်လိုက်သည်။

'အစ်ကိုက ဘာအမှုနဲ့ အချုပ်ထဲရောက်တာလဲ'

'ခိုးမှု'

'ကဲပါ…ပျင်းစရာကောင်းတယ်။ ခင်ဗျားနဲ့ ကျွန်တော် ဗလစာတူတူလောက်ပဲ၊ လက်မောင်းဆုံ့ရအောင်ဗျာ'





'မလုပ်ပါနဲ့ ငါ့ညီရာ၊ မရှိလို့ ခိုးမိလို့ အချုပ်ထဲရောက်နေရတဲ့ကြားထဲ နောက်ပြဿနာ ထပ်မဖြစ်ပါရစေနဲ့'

သူ စိန်ခေါ်လိုက်သူက ခါးခါးသီးသီးငြင်းသည်။ ဒီပြင်လူတွေကလည်း ဝိုင်းပြောကြသည်။

'ဟုတ်တယ်ဗျ… မင်း အချုပ်ခန်းထဲရောက်မလာခင်ကတည်းက မင်းကို မထိဖို့ မင်းနဲ့ မပတ်သက်မိစေဖို့ အားလုံးကို ကြိမ်းမောင်းထားကြတာ'

အပျင်းပြေ ကစားချင်သည့် သူ့စိတ်ကူးလေးမှာ ပျက်စီးသွားရတော့သည်။ ဒါကို သူ မကျေနပ်။ ဒီအခိုက်အတန့်လေးမှာပင် ရဲစာပ်သားတစ်ဦး အချုပ်ခန်းတံခါးကိုဖွင့်ဖို့ ရောက်လာ၏။

'ကဲ… မောင်လတိုးဦး၊ မင်းအမေနဲ့ မင်းအစ်မတွေ ရောက်လာကြပြီ၊ မင်းတော့ အပြင်ပြန်ထွက်ရတော့မယ်။ လိမ်လိမ်မာမာနေပါ ငါ့ညီရာ'

အချုပ်သားတွေကို သူနှုတ်ဆက်လိုက်သည်။ သူထင်ထားသည့်အတိုင်းပင် ဒီအချုပ်ထဲမှာ ညမအိပ်လိုက်ရပေ။

အမေနှင့် အစ်မများ၏ ဆူပူကြိမ်းမောင်းမှုကိုတော့ မျက်နှာငယ်လေးနှင့် သူ နားထောင်လိုက်ရသော ရှိတော့သည်ပဲ။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



သူနှင့်ရန်ဖြစ်သော ထွန်းဇော်တို့အုပ်စုနှင့် လက်ဖက်ရည်ဆိုင်မှာ တည့်တည့်တိုးသည်။

ထွန်းဇော်တို့ သုံးယောက်စလုံးမှာ ဒဏ်ရာဒဏ်ချက်တွေ မပျောက်သေးပေ။ သူတို့ဝိုင်းဆီ ကူးလာတာကို မြင်၍ သူရ လက်တို့သည်။

ရှေ့နားရှိ စားပွဲခုံကိုတော့ တင်းကျပ်စွာဆုပ်ထားမိသည်။

'ဘာကိစ္စရှိလို့လာတာလဲ ထွန်းဇော်'

'တခြားမဟုတ်ပါဘူး သတိုးဦးရာ။ ငါတို့ဖြစ်ခဲ့ကြတဲ့ ကိစ္စကို တောင်းပန်ချင်လို့ပါ။ ဒေါသကြောင့် ခြေလွန်လက်လွန် ဖြစ်ခဲ့ကြတာတွေကို မေ့လိုက်ရအောင်။ ပြီးတော့ ချစ်ချစ်ခင်ခင် နေသွားကြတာပေါ့ကွာ'

ထွန်းဇော်တို့သုံးယောက် နည်းနည်းတော့ အပိုးကျိုးသွားဟန်တူသည်။ အပိုးမကျိုးလို့လည်း မဖြစ်။ သူ့လက်သံက ပြောင်ရှုံမက တိုင်တာတောတာတွေအတွက် အမှုမဖြစ်ဖို့ အမေတို့ အစ်မတို့က ဘယ်လောက် အလျော်အစားလုပ်ခဲ့ကြသည် မသိပေ။

'အေးလေ… ငါကလည်း မင်းတို့နဲ့ ရန်ဖြစ်ချင်လို့ ဖြစ်တာမှ မဟုတ်ဘဲ။ သူရက မင်းညီမစံပယ်ကို ကြိုက်တယ်။ မင်းက ဒါကို မကျေနပ်ဖို့ သူရကို ပြဿနာရှာတယ်။ ဒီတော့ ငါ ဝင်ပါရတယ်။

'မင်းမှာ နှမရှိသလို ငါ့မှာလည်း အစ်မနှစ်ယောက်





တောင်ရှိနေတာပဲ။ သူ့နှမ ကိုယ့်နှမတွေပဲကွာ။ ကျောတာမော တာမျိုး သူရ လုပ်ရင်တော့ တစ်မျိုးပေါ့။ သူတို့ချင်း ပြေလည် နေတာကို မင်းက ပြဿနာရှာတာကိုး'

'အေးကွာ… မင်းစိတ်ထဲမှာ ဘာမှမရှိတော့ဘူးမဟုတ်လား သတိုးဦး'

ထွန်းဇော်က သူနှင့် လက်ဝါးချင်းရိုက်ဖို့ဟန်ပြင်သည်။ ငြိမ်းချမ်းရေးယူလိုက်သည့်သဘောဖြင့် ပြောင်းခနဲမြည်အောင် လက်ဝါးချင်းရိုက်လိုက်သည်။

ဒီအခိုက်အတန့်မှာပဲပေါ့။ ဆိုင်ရှေ့မှာ အလင်းတန်းတစ်ခု ဖြတ်သွားသလိုမျိုး မက်မောတပ်မက်ဖွယ်ရာ အလှတစ်ပါးကို ရုတ်တရက်မြင်လိုက်ရသည်။

လူကြမ်း စိတ်ကြမ်းဖြင့် နေထိုင်လာခဲ့သော သူ့နှလုံးသား၏ ရုတ်တရက် တိမ်းညွတ်သွားမှုက အံ့သြလောက်ဖွယ်ကောင်း၏။

'သူရ… သူက ဘယ်သူလဲ'

'ငါလည်း မသိဘူး သတိုးဦး၊ ဒီရက်ပိုင်းမှာ မြင်တာတော့ နှစ်ခါ သုံးခါရှိပြီ။ အပြစ်ပြောစရာမရှိအောင်ကို လှတဲ့ အမျိုးသမီးပဲ'

သူ့ကိုတင် တိမ်းညွတ်စေတာတော့မဟုတ်။ ဆိုင်တွင်းရှိ လူရှိသတွေအားလုံး သမင်လည်ပြန်တွေ ဖြစ်ကုန်ကြ၏။

'ဒီမြို့ကို ပြောင်းလာတာ တစ်လမပြည့်တတ်သေးဘူး



www.burmeseclassic.com

www.burmeseclassic.com



သတိုးဦး။ ငါတို့ကျောင်းကို ပြောင်းလာတဲ့ ဆရာမကြီးရဲ့သမီး ပဲ။ မြို့ကအလှတွေအားလုံး သူရောက်လာတာနဲ့ နောက်ကောက် ကျကျန်ကုန်တာတော့ အမှန်ပဲ'

'ဒါဆို သူ့ကို မင်းသိတယ်ပေါ့၊ ဟုတ်လား ထွန်းဇော်'

'သူ့အမေ ဆရာမကတော့ မိသားစုလိုက် ပြောင်းလာ တာပဲ။ သူက တက္ကသိုလ်တက်နေတာ'

'နာမည်ကိုရော သိလား'

'သိတယ် သတိုးဦး၊ သဒ္ဒါချိုတဲ့။ ငါတို့ထက်ကြီးတော့ မမသဒ္ဒါချိုပေါ့ကွာ'

မမသဒ္ဒါချိုဟု သူနှုတ်မှ တီးတိုးရေရွတ်ဖြစ်သည်။ ဈေးမြင်ပြီး မျက်စိထဲမှာ မပျောက်မသွား။ အိမ်မက်ထဲ အထိပင် မမသဒ္ဒါချိုက ပြုံးတွယ်ဝါလာခဲ့သည်။

အချစ်ဆိုတာကို ပတ်ဝန်းကျင်မှာ ကြားဖူးကြုံဖူးပေမယ့် မမသဒ္ဒါချိုနှင့်ကျမှ နှလုံးသားက တောင့်တလာဖြစ်သည်။

မမသဒ္ဒါချိုအပေါ် သူချစ်မိသွားတာ အရှမ်းကို သေချာ သွား၏။

✣ ✣ ✣

## ၅။

မမသဒ္ဒါချိုက ထွန်းဇော်တို့အပိုင်းမှာနေသည်။ ဒီတော့ ထွန်းဇော်နှင့် မပေါင်းလို့မဖြစ်။ ကွယ်ရာမှာတော့ သူ့ကို မွှန်ပြီ ဟု အပေါင်းအသင်းတွေ ပြောကြမှာသေချာ၏။

ဒီအပတ်က ထွန်းဇော်တို့အပိုင်းမှာ ဆွမ်းလောင်းဖို့ ရှိသည်။ သူနှင့် သူ့ရတို့ကာလသားတွေနှင့်ရောပြီး ညလုံးပေါက် နေသည်။ မနက်အရုဏ်မတက်ခင် 'ဘွန်တော်'ပင် လိုက်အော် ပေးလိုက်သေးသည်။

ဆရာမနှင့်အတူတူ မမသဒ္ဒါချိုပါ အရုဏ်ဆွမ်းဆင်း လောင်း၏။ မိုးမသောက်ခင် တွေ့ရသောအလှက မှေ့ရက်စရာ မရှိ။ အိပ်ရေးပျက်ခံရကျိုးနပ်လေပြီ။

အားလုံးပြီးပြီးတော့မှ သူအိမ်ပြန်ဖို့ သတိရသည်။ တရေးတမောလောက်တော့ အိမ်ပြန်အိပ်ဖို့လိုသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ခြံဝင်းနားရောက်သွားတော့ အိမ်သားတွေ မနိုးသေး။ ခြံဝင်းတံခါး သော့ခတ်ထားသည်မို့ ကျော်ဝင်ဖို့ကြိုးစားရသည်။

လူရိပ်မြင်သောကြောင့် ဘိုဘို့တို့အုပ်စုက ဟောင်သေးသည်။ သူ့အနံ့ကို ရသွားသောကြောင့် အဟောင်ရပ်ပြီး အမြီးတနှံ့နှံ့လုပ်ကြသည်။

'ဟော့ကောင်… သတိုးဦး'

အိမ်ထဲသို့မဝင်ဘဲ ကားဂိုဒေါင်မှာပင် ကြုံသလိုအိပ်တော့မည်ဟု နေရာရှာနေဆဲမှာပင် ပြတင်းပေါက်ပွင့်လာပြီး အဖေ့ကို ဘွားခနဲတွေ့လိုက်ရသည်။

'အဖေ'

ဒေါသမျက်နှာကြောင့် စောစောစီးစီး လန့်ဖျပ်သွားမိသည်။ တိတ်တိတ်ခိုးဝင်ကာမှ အဖေနှင့် ပက်ပင်းကြီးတိုးတော့၏။ ခေါင်းကုပ်ပြီး ရယ်ကျဲကျဲလုပ်ပြလိုက်ရသည်။

'ဘယ်အချိန်ရှိပြီလဲ… ဒါအိမ်ပြန်ချိန်လား၊ တစ်ညလုံးမင်း ဘယ်လျှောက်သွားနေတာလဲ'

'ဘယ်မှမသွားပါဘူး အဖေ။ တောင်ပိုင်းက ဆွမ်းလောင်းဓမ္မာရုံမှာ ကုသိုလ်ဖြစ် အိပ်ရေးပျက်ခံခဲ့တာပါ။ နိဗ္ဗာန်ဆော်လုပ်ပြီး စားပြီးသောက်ပြီးလို့ ပြန်လာခဲ့တာပါ'

'တော်စမ်းပါ သတိုးဦး၊ ဘယ်အချိန်မှာ ငါ့ကို အရှက်ခွဲမလဲ။ ငါ့မျက်နှာကို ဖျက်မလဲလို့ အမြဲကြောင့်ကျနေရတာ





အလုပ်အကိုင်လုပ်ဖို့ မပြောနဲ့။ ဆယ်တန်းလေးတောင် မအောင်အောင် မဖြေနိုင်တဲ့ကောင်ကများ'

မင်္ဂလာယူသောအချိန်အခါမျိုးမှာ အဖေ့အသံကြောင့် တစ်အိမ်သားလုံး နိုးလာကြသည်။ မေမေနှင့် မမတို့က ထုံးစံအတိုင်း သူ့ဘက်ကနေ ကာပေးကြသည်။

'တဲ့ပါ ကိုရန်နိုင်ဦးရယ်၊ ရှင့်မလည်း စောစောစီးစီး ဒေါသထွက်ရတယ်လို့'

'မောင်လေးလည်း အိမ်ထဲဝင်တော့၊ အဖေကလည်း ဆူပြီးပြီပဲဥစ္စာ၊ လာ မောင်လေး'

'နင်တို့အား မင်းတို့မောင်ကို ဒီလိုမျိုးတွေ ကျပ်ကျပ်လုပ်ထားကြ။ မရှုနိုင်မကယ်နိုင်ဖြစ်တဲ့အချိန်ကျမှ မျက်ရည်လေး တစမ်းစမ်းမဖြစ်ကြနဲ့'

အဖေ့ရှေ့မှာတော့ စကားနှင့်တောင် စောဒကမတက်ရဲပေ။ လုပ်ချင်တာလုပ်ခွင့်ရဖို့အတွက် ဒီလောက်လေးတော့ သည်းခံနိုင်စွမ်းရှိရမည်လေ။

အိပ်ရာထဲ ပစ်လှဲလိုက်သည်နှင့် ပင်ပန်းပြီး အိပ်ပျော်သွားခဲ့သည်။ အိပ်မက်ထဲမှာ မမသဒ္ဒါချိုနှင့် တွေ့ရသည်။ အိပ်မက်လေးပြီးဆုံးသွားမှာကို သူ နှမြောနေဖြစ်ပြန်သည်လေ။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



အရင်တုန်းကတော့ အပေါင်းသင်းများကိစ္စ၊ အသောက်အစားကိစ္စများဖြင့်သာ အချိန်တွေကုန်ခဲ့သည်။

ပေလွှမ်း၊ တေလွှမ်းသောကြောင့်ပင် သက်တူရွယ်တူရော၊ သက်တူရွယ်တူမဟုတ်တာရော မိန်းကလေးမှန်သမျှသည် သူ့ကို အဖက်မလုပ်ကြ။ သူ့မျက်စိထဲမှာ တစ်ယောက်မှ ကြည့်ရတာ အချိုးမပြေ။

'မင်း ဒီလို အရူးအမူးဖြစ်တာကို ငါတို့တစ်သက်မှာ ဒီတစ်ခါပဲ တွေ့ဖူးသေးတယ် သတိုးဦး'

'တစ်သက်မှာ တစ်ခါ ချစ်မိသွားတဲ့အဖြစ်ပေါ့ကွာ။ ငါ့ဖူးစာရှင်ကို အခုမှတွေ့တော့ နှလုံးခုန်သံတွေ အရမ်းမြန်လာလို့ မင်းတို့အတွက် တူးဆန်းနေတာပါ။ မင်းတို့တုန်းကလည်း ဒီလိုပဲ။ အချစ်နဲ့တွေ့တဲ့လူတိုင်းဟာ အနည်းနဲ့အများတော့ သူ့နည်းသူ့ဟန်နဲ့ ရူးသွပ်ကြတာပဲမဟုတ်လား သူရ'

အခုတော့လည်း သူရနှင့် ထွန်းဇော်တို့ မတော်ရသေးသော ယောက်ဖနှစ်ယောက်က အဆင်ပြေနေ၏။

'ဒါပေမဲ့ တစ်ခုတော့ရှိတယ်နော် သူရ။ သတိုးဦးရဲ့ ကောင်းသတင်းက ခွေးတွေ ကြောင်တွေကအစ သိနေတော့ မမသဒ္ဒါချိုက အကာပ်ခံပါ့မလား မသိဘူး'

'ကြံရမှာပေါ့ကွာ... ကိုယ်က ချစ်ရတဲ့သူပဲ။ သူ အချိုကြိုက်ရင် အချိုဖြစ်ရစေမယ်။ သူ ချဉ်စပ်လေးကြိုက်ရင် ချဉ်စပ်ဖြစ်နေရမယ်။ အချစ်က အရာရာကို အကောင်းဆုံးဖြစ်အောင် ဖန်တီးနိုင်စွမ်းရှိပါတယ်'





သူကလည်း ဖတ်ထားမှတ်ထားသမျှ ဒိုင်ကြောင်တွေကို ...ရွက်တမ်း ကရားရေလွှတ်ပြောဖြစ်သည်။

'ဟာ... ဟိုမှာ မင်းမမလာနေပြီ သတိုးဦး'

'မြင်းလှည်းဂိတ်ကိုသွားနေတာ။ လက်ထဲမှာလည်း ...န်းတွေနဲ့ ဘုရားသွားမှာထင်တယ်'

ကံ့ကြိုက်တုန်းမှာ ဒီတိုင်းထိုင်နေလို့မဖြစ်။ မပြောမဆို ...င့် မြင်းလှည်းဂိတ်သို့ ထွက်လာခဲ့သည်။ ဒီမြို့မှာ သူ့အဖို့ ...အားလုံး ပွဲပြီးမီး‌သေပေသည်မဟုတ်လား။

'ဘုရားဘက်ကိုသွားချင်လို့ ဘယ်နှယောက်လောက် ...အောင့်ရဦးမလဲမသိဘူး'

ပထမဆုံးကြားရသော နားဝင်ချိုလှသောအသံ။ ဂိတ်စာ...သည့် မြင်းလှည်းဆရာဦးလေးကြီး၏ အပြောကို စောင့်မနေတော့...

'တက်ပါ ခင်ဗျာ... တစ်ယောက်တည်း ပို့ပေးပါ့မယ်'

...ပန်းသဏ္ဍာန်စိုကြည့်ပြီး မြင်းလှည်းသမားဟု ယုံကြည် ...းဟန်တူသည်။ မြင်းလှည်းပိုင်ရှင်ဦးလေးကြီး လက်ထဲသို့ ...ဂိုက်ဆံအိတ်ကို ထည့်ပေးလိုက်သည်။ ရုတ်တရက်ကြီးမို့ ...င်းလှည်းဂိတ်မှ လူတွေလည်း ကြောင်ကြည့်နေကြ၏။

ဤနေ့မပျက် မမသဒ္ဒါချိုအားတင်ပြီး ဘုရားဘက်သို့ ...ာင်းထွက်ဖြစ်ခဲ့သည်။

'ဘုရားဝတ်ပြုမှာ၊ ပန်းကပ် ရေကပ်မှာနဲ့ဆိုတော့ ...ရှိ



www.burmeseclassic.com

www.burmeseclassic.com



ဝက်လောက်တော့ ကြာရင်ကြာမှာ၊ မင်း စောင့်နေနိုင်ပါ့မလား' ဘုရားပေါ်သို့တက်ခါနီးမှာ မေးလိုက်သည်။ ရေတော် တုန်း ရေတွင်းထဲပြုတ်ကျသူမို့ အတော်ဖြစ်သွား၏။

'စောင့်ပါ့မယ်၊ လူပါးတော့ လက်လွှတ်ခဲ့လို့ ဘယ်ဖြစ် ပါ့မလဲ'

ယုတ္တိရှိအောင်တော့ သူပြောလိုက်ရသေး၏။ မြင်းလှည်း ပေါ်မှာပင် ဖိနပ်ထားခဲ့ပြီး ဘုရားပေါ်သို့ မမသဒ္ဒါချို တက်သွ သည်။ တစ်အောင့်ကြာမှ သူလိုက်တက်ဖြစ်သည်။ ပန်းကပ် ရေချမ်းကပ်ပြီး မမသဒ္ဒါချို ဘုရားဝတ်ပြု၏။

ခြေသံလုံအောင်နင်းပြီး မနီးမဝေးမှနေ သူကြည့်ေ လိုက်သည်။ လှပဖွံ့ထွားသူ၊ မက်မောဖွယ်ကောင်းလွန်းသူမို့ မျက် ထဲမှာ ကြည့်လို့မဝ။ စက္ကန့်တွေကပဲ အပြေးအလွှားမြန်နေလာ မသိ။

ခဏလေးမှာ စိတ်ထဲမှာ ထင်မိပြန်သည်။

'နာရီဝက်အတိပါပဲနော်။ ဈေး အရမ်းမတောင်းနဲ့ဦး' ဘယ်ရွှေဘယ်မျှတျမည်ကို သူလည်း အတိအကျမပြေ ပြတတ်ပေ။

'ယတြာချေတာများလား'

'မဟုတ်ဘူး··· ဒီနေ့ တို့မွေးနေ့လေ၊ ဒါကြောင့် ဘု လာတာ'

'ဒါဆိုရင်တော့ အတော်ပဲဗျာ··· ကျွန်တော်လည်





သိုလ်ယူချင်တယ်'

'ဘာအတွက်လဲ'

သူပြောလိုက်သောစကားကို အဓိပ္ပာယ်မဖွင့်တတ်သလို ဖြစ်သွားပုံရသည်။ မြင်းလှည်းပေါ်ရောက်မှ သူပြောလိုက်သည်။

'တခြား မဟုတ်ပါဘူး၊ မမသဒ္ဒါချိုရဲ့ မွေးနေ့ဆိုတော့ ကျွန်တော်ကလည်း အဖိုးအခမယူဘဲ ပါရမီဖြည့်ချင်တဲ့သဘောပါ'

ရုတ်တရက် ယောင်ပြီး နာမည်ထည့်ပြောလိုက်သော ကြောင့် မမသဒ္ဒါချို အံ့သြသွားပုံရသည်။

'မင်းတို့က နာမည်ကို သိနေတယ်၊ ဟုတ်လား'

သူ့အပေါ်မှာ နည်းနည်းတော့ သံသယဖြစ်သွားပုံရသည်။

'သိတာပေါ့··· ဆရာမကြီးရဲ့သမီး မဟုတ်လား'

'ဘာပဲဖြစ်ဖြစ် တန်ရာတန်ကြေးတော့ မင်းယူမှဖြစ် မယ်။ တို့က ဘယ်သူ့ဆီကမှ အလကားမယူချင်ဘူး'

'ဒါဆိုလည်း ကြိုက်သလောက်ပေးလေ။ ကျွန်တော် ာမှမပြောပါဘူး'

မြင်းလှည်းဂိတ်နား ရောက်ခါနီးမှာပင် နှစ်ရာတန် ထုတ်ပေး၏။ ဒီ နှစ်ရာတန် အသစ်စက်စက်လေးကို ာ့ အမှတ်တရ သူသိမ်းထားဖြစ်မှာ သေချာသည်ပဲ။

သူ့ကိုတော့ မမသဒ္ဒါချို ကောင်းကောင်းမှတ်မိသွားမှာ ချာနေ၏။

✢ ✢ ✢



www.burmeseclassic.com

www.burmeseclassic.com

## ၃။

မမသဒ္ဒါချိုက ချောမောလှပ ယဉ်ကျေးသူ။ ဝတ် စားပုံ စကားပြောဆိုပုံကအစ မိန်းမချင်းပင် ငေးယူအား လောက်စေသူ။

သူကတော့ ဆိုးသွမ်းပေတေနေသူလေး။ အတန်းပညာ မှာလည်း ဆယ်တန်းအောင်အောင် ဖြေနိုင်သူမဟုတ်။ လူ ကလည်း ဆံပင်ရှည်ရှည် ညှင်းသိုးသိုး။ ဝတ်ပုံစားပုံကလည် ခေတ်ရေစီးပြေးပြီး ဖရိုဖရဲနိုင်လွန်းလှသည်။

မိဘအသိုင်းအဝိုင်း၏ အရှိန်အဝါသာမရှိပါက ဆေး ကြောဖက်လုပ်မည့်သူ မရှိပေ။ သူနှင့် မမသဒ္ဒါချိုတို့နှစ်ယော မှာ အားလုံး ဆန့်ကျင်ဘက်တွေပဲဟု ထွန်းဇော်တို့၊ သူရတို့ ဝေဖန်ပြောဆိုသည်။

သူကတော့ ဒါတွေကို ဂရုမထား။ အရေးကြီးတာ မမသဒ္ဒါချိုနှင့် နီးစပ်ပြီး ရင်းနှီးမှုရယူဖို့ပဲဖြစ်သည်။





လူချင်း ရင်းနှီးရန်အကြောင်းကလည်း သူ့အလိုလို ဖန်လာခဲ့သည်။ သူတို့အိမ်မှာက မွေးနေ့ပွဲတွေ၊ ဘာအထိမ်းအမှတ် ညာအထိမ်းအမှတ်ပွဲတွေနှင့် တစ်နှစ်ပတ်လုံး မကြာခဏ ပြုလုပ် လေ့ရှိသည်။

ဒါကို သူက မကြိုက်ချင်။ ပိုက်ဆံပေါပြီး အကြောင်းမဲ့ ကြွားလုံးထုတ်ဟန်ပြခြင်းဟု ဝေဖန်သည်။

အခုလည်း သူ့အစ်မလတ် သန္တာဦး၏ မွေးနေ့ပွဲကို ကျင်းပသည်။ သူ့အပေါင်းအသင်းတွေကိုလည်း အစ်မလတ်က ဖိတ်ခွင့်ပြုသည်။ သူပိုင်သောစိတ်ချရသော သူရတို့၊ ထွန်းဇော် တို့လို လေးငါးဦးလောက်ကို ရွေးပြီး ဖိတ်ပေးဖြစ်သည်။

အစ်မလတ်မွေးနေ့ပွဲသို့ မမသဒ္ဒါချို ရောက်လာလိမ့် မည်ဟု လုံးဝ မထင်ထားခဲ့ပေ။

လူသံ သူသံတွေ။ ပြီးတော့ ဟန်ဆောင်ရယ်မောတာ တွေကြားမှာ အကြာကြီးဖိမ်ခံပြီး နေချင်စိတ်မရှိ။ စားပြီး သောက်ပြီးသည်နှင့် သူရတို့နှင့် အတူတူ အပြင်သွားဖို့ စိုင်းပြင်း ဖြစ်သည်။

'ဟော့ကောင်… သတိုးဦး၊ အခုဝင်လာတဲ့သူကို မင်း အသေအချာကြည့်စမ်း'

'ဟုတ်တယ် သတိုးဦး၊ မင်းရဲ့ မမသဒ္ဒါချိုပဲ'

သူရနှင့် ထွန်းဇော်တို့သာ အနားမှာရှိမနေပါက အိပ်မက် ဟုပင် ထင်မိမှာ သေချာ၏။ မမသဒ္ဒါချိုက တစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



လာသည်။ ဒီလိုအခွင့်အရေးမျိုးကိုတော့ လက်လွှတ်ခံလို့မဖြစ်ပေ။ မမသဒ္ဒါချိုနှင့် ရင်းနှီးခွင့်ရဖို့ သူ လှုတောတိုးလိုက်ရသည်

'တို့ပွဲကို တကူးတကလာတဲ့အတွက် သဒ္ဒါချိုကို အများကြီးကျေးဇူးတင်တယ်။ မမရေ… မမသဒ္ဒါချို ချောတာ လှတာကို မြင်ပြီမဟုတ်လား'

အစ်မကြီးနှင့် အစ်မလတ်တို့က မမသဒ္ဒါချိုအား အရေးတယူလုပ်နေကြသည်။ ရင်းနှီးချင်စောနှင့် သူပါ ဝင်ရောလိုက်သည်။

'အစ်မလတ်'

'ကဲ… ငါ့မောင် သတိုးဦး။ ဘာများပြောစရာ လုပ်စရာရှိလဲ။ အစ်မကို မွေးနေ့လက်ဆောင်ပေးဖို့ကျတော့ သတိမရဘူး။ ပိုက်ဆံတောင်းဦးမလို့လား'

ဒီပြင်အချိန် ဒီပြင်နေရာမျိုးမှာ အပြောခံရတာထက် မမသဒ္ဒါချိုရှေ့မှာ သူ နည်းနည်းရှက်သွားမိသည်။ သူ့ကို မမသဒ္ဒါချိုက သေချာအကဲခတ်ပြီး…

'တွေ့ဖူးတယ်လို့တော့ အောက်မေ့တာ။ လက်စသတ်တော့ မင်းက သန္တာဦးရဲ့မောင် ဖြစ်နေတာကိုး'

'ကြည့်စမ်း… သဒ္ဒါချိုက မင်းကို သိနေပါလား။ ဘာများ မဟုတ်က ဟုတ်ကတွေ လျှောက်လုပ်ခဲ့လဲ'

အစ်မကြီးက အားနာသလိုမျိုးဖြင့် ဝင်ငေါက်လိုက်သည်။





'စိတ်အနှောင့်အယှက်ဖြစ်အောင် ကျွန်တော် ဘာမှ မလုပ်ခဲ့ပါဘူး။ မယုံရင် မေးကြည့်လေ'

စကားရောဖောရောလုပ်ရင်း စားပွဲဝိုင်းမှာ ဝင်ထိုင်လိုက်သည်။

'သတိုးဦးပြောတာ ဟုတ်ရောဟုတ်ရဲ့လား သဒ္ဒါချို၊ တို့မောင်က တစ်ယောက်ဆိုတစ်ယောက် အော့ကြောလန်လောက်အောင် 'အရမ်းဆိုးတဲ့သူလေ'

သူ့ကျော်ဇောဂုဏ်ပုဒ်တွေကြောင့် မမသဒ္ဒါချိုတစ်ယောက် စိတ်ကသိကအောက် ဖြစ်သွားသည်လားမသိ။

'ပေါက်ကရတော့ မလုပ်ခဲ့ပါဘူး။ ဒါပေမဲ့ မြင်းလှည်းသမားအယောင်ဆောင်ပြီးတော့ ဘုရားကို လိုက်ပို့ပေးတာပဲ လုပ်ခဲ့တာပါ'

သူနှင့် မမသဒ္ဒါချိုတို့ သိနေကြတာကို အစ်မတွေက တအံ့တသြဖြစ်ကြသည်။ အစ်မနှစ်ယောက်စလုံး အခြားဧည့်သည်တွေကို လိုက်ဧည့်ခံ၏။ သူကတော့ မမသဒ္ဒါချိုအနားမှာပင် နေပေးဖြစ်ခဲ့သည်။

'မင်းက လူတွေပြောရလောက်အောင် တကယ်ပဲဆိုးသလား သတိုးဦး'

ရယ်ကျဲကျဲလုပ်ပြီး ခေါင်းညိတ်ပြဖြစ်သည်။ အချိန်မရွေး နိုင်တော့ဘဲ ရင်ထဲရှိဆန္ဒကို အကောင်ထည်ဖော်ဖြစ်သည်။

'ကျွန်တော် မမသဒ္ဒါချိုနဲ့ခင်ချင်တယ်၊ ရင်းနှီးချင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'တို့က လူဆိုးဆို တအားမုန်းတာကွ'

'မမသဒ္ဒါချိုနဲ့ပတ်သက်ရင်တော့ ကျွန်တော် ဘယ်တော့မှ မဆိုးပါဘူးလို့ အာမခံရဲပါတယ်'

'မင်းက စကားတော့ အတတ်သားပဲ'

'မမသဒ္ဒါချိုကလည်း ငေးယူလောက်အောင် လှတယ်။ ဟိုနေ့က အမှတ်မဲ့ ပထမဆုံးတွေ့ပြီး ကြဲမိကြဲရာ ကြဲလိုက်တာပါ။ ကျွန်တော် တမင်ဆိုးတာမဟုတ်ပါဘူး။ ပိုက်ဆံနှစ်ရာတန်အသစ်လေးကို ကျွန်တော် သိမ်းထားတယ်။ ဒီမှာတွေ့လား'

နှစ်ရာတန်အသစ်လေးကို သူထုတ်ပြလိုက်တော့ မမသဒ္ဒါချို မျက်လုံးလေး ဝိုင်းစက်သွားသည်။

'တို့ပြန်တော့မယ် သတိုးဦး။ မင်းမမတွေကို နှုတ်ဆက်သွားတယ်လို့ ပြောပေးပါကွာ'

'ကျွန်တော် လိုက်ပို့ချင်တယ်'

'အဲဒီလိုဆိုးတာကို တို့မကြိုက်ဘူးလေ။ အသိမိတ်ဆွေအဖြစ် အသိအမှတ်ပြုခံချင်ရင်တော့ တို့စကားကို နားထောင်။ တို့…သာတို့ပဲ ပြန်ချင်တယ် သတိုးဦး'

လှုပ်မရအောင်ချည်လိုက်သော စကားမို့ သူ အတွန့်မတက်ရဲတော့ပေ။ လိုက်ပို့ပေးချင်ပေမယ့် ရှေ့ရေးရှေ့ရာကို ငဲ့ပြီး ချန်နေရစ်ရသည်။ ခင်မင်ခွင့်ကိုတော့ မမသဒ္ဒါချို ပေးသွားခဲ့ပြီပဲ။

÷ ÷ ÷





'ဟော့… မြင်းလှည်းသမားလေး'

သူငယ်ချင်းများနှင့် မျက်ခြေပြတ်ပြီး သူတစ်ယောက်တည်း ယောင်ခြောက်ဆယ် လုပ်နေစဉ်မှာပင် မမသဒ္ဒါချိုနှင့် မှတ်မထင် ဆုံပြန်သည်။

'အခုလောလောဆယ်တော့ ကျွန်တော့်မှာ ခြေထောက်နှစ်ချောင်းပဲပိုင်တယ်၊ မမသဒ္ဒါချို ဘုရားသွားချင်လို့လား'

'မဟုတ်ပါဘူး… ဈေးလာဝယ်ရင်း မင်းကိုတွေ့လို့ လှမ်းခေါ်လိုက်တာ'

သူ အရဲကိုးပြီး ဆိုင်ထိုင်ရန် ခေါ်ကြည့်လိုက်သည်။

'ကြုံတုန်းကြုံခိုက်မှာ မမသဒ္ဒါချိုကို အအေးဖြစ်ဖြစ် အပူဖြစ်ဖြစ် တိုက်ချင်တယ်'

'မင်း သဒ္ဒါပေါက်တာနဲ့ တို့ ရေငတ်တာနဲ့ အတော်ပဲ။ ဒီအနီးနားက ဆိုင်တစ်ဆိုင်မှာ ခဏတဖြုတ် ထိုင်ကြတာပေါ့ သတိုးဦး'

သူ့ဖိတ်ခေါ်မှုကို ကြည်ဖြူစွာ လက်ခံသည့်အတွက် အတိုင်းမသိ ပျော်ရွှင်သွားမိသည်။ သူနှင့် မမသဒ္ဒါချိုတို့ တွဲဝင်လာသောကြောင့် လူတွေ၏ မျက်လုံးများက ဝိုင်းပြီးစူးစမ်းကြသည်။

'မင်းကိုမေးရဦးမယ် သတိုးဦး'

'မေးလေ'

'အခုအချိန်ထိ ဆယ်တန်းမအောင်သေးဘူးဆို'



www.burmeseclassic.com

www.burmeseclassic.com



'လူတွေတော်တော်များများကလည်း ဒီကိစ္စကိုပဲ ခလုတ်တိုက်တိုက်နေကြတာပဲ'

'ဘာလဲ… တို့မေးတာကို မင်းက စိတ်ဆိုးတဲ့သဘော လား။ မင်းက ခင်ချင် မင်ချင်တယ်လို့ တောင်းဆိုလို့ မိတ်ဆွေ တစ်ယောက်အနေနဲ့ မေးလိုက်မိတာ'

'စိတ်မဆိုးပါဘူး။ ကျွန်တော်သာ ဆယ်တန်းအောင် ထားရင် လူတွေကလည်း ဒီအကြောင်းကို အရေးတယူလုပ်ပြီး ပြောကြမှာ မဟုတ်ဘူး။ မမသဒ္ဒါချိုလည်း မေးစရာမလိုတော့ ဘူးလို့ ပြောချင်တဲ့သဘောပါ'

သူ့အဖြေစကားကြောင့် မမသဒ္ဒါချို လုပစ္စာပြုံးသည်။ ဒီအပြုံးတွေကို တစ်သက်လုံး ပိုင်ဆိုင်ချင်လိုက်တာဟု တောင့်တ နေဖြစ်ပြန်သည်။

'ပြောလက်စနဲ့တော့ ထပ်ပြောရဦးမယ်။ မင်း တို့ကို တကယ်ခင်တယ်ဆိုရင် တို့ အကြံပေးတာ၊ တို့ဖြစ်စေချင်တာကို မင်းလုပ်နိုင်ပါ့မလား'

'ပြောကြည့်လေ မမသဒ္ဒါချို'

မမသဒ္ဒါချို လိုလားစွာတောင်းဆိုလာလျှင် သူ့နှလုံးသား ကိုပေးဖို့ အဆင်သင့်ရှိနေသည်ပဲ။

'ပထမဆုံးအချက်က မင်းရဲ့ ဘုတ်သိုက်ဖြစ်နေတဲ့ ဆံပင်တွေပဲ။ အရှည်ထားချင်သပဆိုလည်း သပ်သပ်ရပ်ရပ် စည်းနှောင်ထား။ ဒါမှမဟုတ်ရင် ညှပ်လိုက်စေချင်တယ်။





လူတွေအမြင်မှာ ဆံပင်က ပထမဆုံး အရုပ်ဆိုးစေတဲ့အချက်ပဲ'

'နောက်တော့ရော'

'မင်းရဲ့ ဝတ်စားဆင်ယင်ပုံပဲ။ လူတစ်ယောက်ရဲ့ စိတ် ဟာ သူ့ရဲ့ ဝတ်စားနေထိုင်ပုံနဲ့လည်း အများကြီးပတ်သက်တယ်။ ပြီးတော့ကွာ… ဟန်းချိန်းဆိုလည်း ဟန်းချိန်း၊ ဆွဲကြိုးဆိုလည်း ဆွဲကြိုးကို သပ်သပ်ရပ်ရပ်လေးဆွဲပေါ့။ အခုတော့ မင်းဥစ္စာက မျက်စိကို ရှုပ်ယှက်ခတ်နေတော့တာပဲ'

'မမသဒ္ဒါချို ဖြစ်စေချင်တာတွေ နောက်ထပ် ဘာများ ကျန်သေးသလဲ'

'ရုန်ဖြစ်တာနဲ့ သတ္တိရှိတာနဲ့ဘာမှမဆိုင်ဘူး။ ယောကျ်ား တစ်ယောက်၊ အထူးသဖြင့် လူငယ်တစ်ယောက်ဟာ တန်ဖိုးရှိတဲ့ အချိန်တွေကို အလကား ဖြုန်းပစ်နေတာဟာ။ သူ့အတွက်ရော၊ သူ့ပတ်ဝန်းကျင်အတွက်ပါ ဘာတစ်ခုမှ အကျိုးရှိစေတဲ့လက္ခဏာ မဟုတ်ဘူး'

'ဒီတော့'

'တို့ကိုတကယ်ခင်ချင်တယ်ဆိုရင်တော့ ဒီနှစ် ဆယ်တန်း စာမေးပွဲကို အောင်အောင်ပြန်ဖြေကြည့်ပါလား သတိုးဦး'

မမသဒ္ဒါချို ဖြစ်စေချင်သော အရာများကို ဖြစ်အောင် လုပ်ဖို့ သူ့အတွက် အယန်းမကြီးပေ။

'ဟုတ်ပြီ မမသဒ္ဒါချို၊ အဲဒါတွေအားလုံးကို ကျွန်တော် ဖြစ်အောင်လုပ်ပြမယ်ဆိုရင် မမသဒ္ဒါချိုက တကယ်ပဲကျွန်တော့်

www.burmeseclassic.com



အပေါ် ခင်မင်မှာလား၊ အပေးအယူသဘောမျိုးတော့ မဟုတ်ဘူး မမသဒ္ဒါချို၊ မေးကြည့်တာပါ'

'အဲဒါတွေကိုသာ တကယ်လုပ်နိုင်မယ်ဆိုရင် မင်းနဲ့ တို့ တစ်ခါတွေ့တဲ့နေရာမှာ ဆယ်ခါမက ဖြစ်သွားနိုင်မယ်လေ'

ဒီစကားတစ်ခွန်းကို ကြားရသည်နှင့် မမသဒ္ဒါချိုအား ရဲရဲအာမခံ ကတိကဝတ်ပြုလိုက်မိသည်။

သူ့ကတိစကားကို ကြားရသည့်အတွက် မမသဒ္ဒါချို၏ မျက်နှာလေးလည်း ဝင်းပဝမ်းမြောက်သွားလေ၏။

✣ ✣ ✣



## ၉။

မျှော်လင့်ချက်ပေးသူကပေးတော့ ခင်တွယ်ချင်သူက လည်း အရာရာကို အကောင်းဆုံးဖြစ်အောင် ပြုခဲ့သည်။ မမ သဒ္ဒါချိုနှင့် ဆုံစည်းလိုက်ရခြင်းကိုက သူ့ဘဝ တစ်ဆစ်ချိုးခဲ့ သည်လား။

သူ့ဆံပင်တွေကို ညှပ်လိုက်သောနေ့မှာပင် တစ်အိမ်သား လုံးရော၊ ပတ်ဝန်းကျင်ကပါ တအံ့တသြဖြစ်ကုန်ကြ၏။

'ဟယ်... ကြည့်စမ်းပါဦး၊ အခုမှ ရုပ်ပေါ်တော့တယ်'

'ငါ့မောင်က ဒီလိုကျတော့လည်း တကယ့်လူချောလေး ပဲ'

အစ်မနှစ်ယောက် အံ့သြမြောက်ပင့်သည့်စကားများကို တော့ပြန်နိုင်သေးဘဲ ရေချိုးခန်းသို့ တန်းဝင်ဖြစ်သည်။

ရေမိုးချိုးလိုက်သည်။ သူ့လက်ပေါ်မှ သတ္တုပြားများ၊ လက်ကောက်များကို ချွတ်လိုက်သည်။ အမြင်ဆန်းရင် ပြီးရော ဆိုပြီး ဝတ်ဆင်ထားသော ဆွဲကြိုးများကိုလည်း ဖြုတ်လိုက် သည်။

www.burmeseclassic.com



အဖြူရောင်စပို့ရှပ်နှင့် စတိုင်ဘောင်းဘီကို ကျနသေသပ်စွာ ဝတ်ဆင်လိုက်သည်။ ပုဆိုးဝတ်လေ့မရှိသောကြောင့် ဇာတ်ဆန်ဆန် ဝတ်ဖို့ဆိုတာ မဖြစ်နိုင်။ ဒီအတွက်တော့ မမသဒ္ဒါချိုအား စျေးဆစ်ကြည့်ရဦးမည်။

'ကဲ… ရှင့်သားကို ကြည့်စမ်းပါဦး၊ ကျွန်မတို့တော့ ထီဆုကြီးကြီးများ ပေါက်လိမ့်ဦးမလား မသိဘူး'

အားလုံးက ဝမ်းပန်းတသာဖြစ်ကြပေမယ့် အဖေကတော့ ဣန္ဒြေရရပဲပြုံးကြည့်နေ၏။

'အပြင်သွားတော့မလို့လား သား၊ မင်းကို ကြည့်မဝသေးလို့ ခဏလေးဖြစ်ဖြစ် နေစမ်းပါဦးကွယ်'

မမသဒ္ဒါချိုအလိုကျ အရာရာကို ပြောင်းလဲပစ်လိုက်ပြီဆိုသော စကားကိုတော့ အိမ်သားတွေရှေ့မှာ သူမပြောဖြစ်ပေ။

တစ်နေ့မှာ မမသဒ္ဒါချို၏အချစ်ကို ရအောင်ယူပြမည်။ အဲဒီအခါကျမှ မေမေတို့အား မိန်းမတောင်းခိုင်းရမည်ဟု တေးထားဖြစ်သည်။

'သား… အရင်က ဝတ်တဲ့ပစ္စည်းတွေကို လိုချင်တဲ့ သူငယ်ချင်းအတွက် သွားပြီးဝေငှပေးမလို့ မေမေ၊ ဒါတွေကို အပြီးအပိုင် သားစွန့်လွှတ်လိုက်ပြီ'

သူ ဒီလို ပြောင်းလဲသွားတာ ဘယ်သူ့ကြောင့်ဆိုတာကို မေမေလည်း သိဦးမှာမဟုတ်။ အဖေလည်း သိမည်မထင်။ အစ်မနှစ်ယောက်လည်း ထိုနည်းနှယ်။





တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ မမသဒ္ဒါချိုကြောင့် စိတ်အမူအရာရော၊ ကိုယ်အမူအရာပါ ပြောင်းလဲသွားကြောင်းကို အိမ်သားတွေ သိကြမည်ပဲလေ။

✢ ✢ ✢

သူ ဆိုင်ထဲသို့ဝင်လာသည်ကို သူရတို့၊ ထွန်းဇော်တို့က မမှတ်မိပေ။ ဝိုင်းမှာ ဝင်ထိုင်သည့်တိုင်အောင် အားလုံးက ကြောင်တောင်တောင်ဖြစ်နေကြသေး၏။

သူ့ကို ပထမဆုံး သတိထားပြီး မှတ်မိသူမှာ သူရပင်ဖြစ်၏။

'ဟာ… ဟော့ကောင်၊ မင်း သတိုးဦး မဟုတ်လား'

'ဟုတ်ပါရဲ့ကွာ… ငါတို့က တခြားလူမှတ်လို့၊ ရုတ်တရက်ကြီးဆိုတော့ လုံးဝ မမှတ်မိတာ အမှန်ပဲ'

'ဘယ်ကနေ ဘယ်လို ချက်ချင်းကြီး ဘဝပြောင်းသွားတာတုန်း သတိုးဦး'

သူ့ကို မိုးကျရွှေကိုယ်အလား တအံ့တသြဖြင့် သူငယ်ချင်းတွေက ဝိုင်းမေးကြသည်။

'ဒါတွေ အားလုံးဟာ မမသဒ္ဒါချိုရဲ့အလိုကျ ဖြစ်ကုန်တာပဲ သူငယ်ချင်းတို့ရာ၊ ဟော့… ဒီမှာ၊ ငါ့ရဲ့ဘဝဟောင်းက ခင်မက်မောခဲ့တဲ့ အမွေပစ္စည်းတွေကို မင်းတို့ပဲ အမွေခွဲယူလိုက်ကြပေတော့'



www.burmeseclassic.com

www.burmeseclassic.com



သူ ရှူးသွပ်ခဲ့သော ပစ္စည်းထုပ်ကို ခုံပေါ်ပစ်တင်ပေး လိုက်သည်။

'နေစမ်းပါဦး… မင်းက ဘယ်သွားမှာတုန်း'

'မမသဒ္ဒါချိုဆီလေ ဒီပုံစံမျိုးနဲ့ ငါ အခစားဝင်ရင် သူ အရမ်းကျေနပ်သွားမှာ'

'မင်းတော့ အဲဒီမိန်းမရဲ့ ဖမ်းစားမှုကြောင့် ရူးသွပ်သွား တာမျိုးတော့ မဟုတ်လောက်ပါဘူးနော် သတိုးဦး'

'ထင်ချင်သလိုထင်နိုင်တယ်။ ငါ့ဘဝမှာ မမသဒ္ဒါချို အလိုကျဖြစ်ဖို့က အရေးကြီးဆုံးပဲ'

သူငယ်ချင်းတွေကရော၊ ပတ်ဝန်းကျင်ကလူတွေ အားလုံးကပါ သူ့ကို ထူးဆန်းသောသတ္တဝါတစ်ကောင်လို ဝိုင်း ကြည့်နေကြ၏။

ဒီအကြည့်တွေ၊ ဒီဝေဖန်သံတွေအားလုံးကို သူ လစ်လျူ ရှုခဲ့၏။

✣ ✣ ✣

မမသဒ္ဒါချိုတို့ ခြံဝင်းရှေ့မှာ ခြေစုံရပ်လိုက်သည်။ တိုက် တိုက်ဆိုင်ဆိုင် မမသဒ္ဒါချိုတစ်ယောက် အပြင်ထွက်ဖို့ အိမ်ပေါ် မှဆင်းလာသည်ကို တွေ့သည်။

ခြံစည်းရိုးများအကွယ်မှာပင် ခိုကပ်နေဖြစ်သည်။ သူ့ ကို ရုတ်တရက်တွေ့လိုက်ပါက ဝမ်းသာအံ့သြစေရန်အတွက် အသက်ပင် ပြင်းပြင်းမရှူဘဲနေဖြစ်သည်။

ခြံတံခါးဖွင့်သံနှင့်အတူ ခြေသံက သူနှင့်နီးကပ်လာ သည်။

'မမသဒ္ဒါချို'

'အမယ်လေး… ဟယ်… ကြည့်စမ်း'

အထိတ်တလန့်ဖြစ်မှု နောက်ကွယ်မှ အံ့သြဝမ်းသာသော မျက်နှာလေးအား ဖူးတွေ့ရလိုက်သည်။

'စိတ်တိုင်းကျဖြစ်ရဲ့လား၊ မမသဒ္ဒါချို'

'ပြောခဲ့တုန်းကတော့ မင်းအဲ့နေရဲ့ ခေါင်းညိတ်သဘော တူခဲ့ပေမယ့် ဒီလောက်ကြီး မြန်မြန်ဆန်ဆန်ဖြစ်လိမ့်မယ်လို့ မထင်ထားဖြစ်ခဲ့တာ အမှန်ပဲ'

'ကျွန်တော်နဲ့ တွေ့ရမှာ၊ အတူသွား အတူလာလုပ်ရမှာ ကို မမသဒ္ဒါချို လိပ်ပြာလုံပြီမဟုတ်လားဟင်'

ကလေးငယ်တစ်ယောက်လို စကားသံနွဲ့ပြီး ပြောဖြစ် လိုက်သည်။

'ရှေ့အပတ်ထဲ တို့တွေရဲ့ အောင်စာရင်းထွက်ပြီလေ။ သူငယ်ချင်းတွေအတွက် လက်ဆောင်ပစ္စည်းလေးတွေ သွားဝယ် မလို့'

'ကျွန်တော်ပါ လိုက်ခဲ့ပေးမယ်နော်'

'လိုက်ခဲ့ရမှာပေါ့၊ မင်းအတွက် တို့က အဝတ်အစား တွေ ဝယ်ပေးမယ်'

www.burmeseclassic.com



'မဟုတ်တာဘဲ၊ ကျွန်တော့်အတွက် မလိုပါဘူး'

'တို့စကားကို မြေဝယ်မကျနားထောင်တဲ့အတွက် ဂုဏ်ပြုတာလေ။ တို့ တတ်နိုင်သရွေ့ ပေးတဲ့ဟာကို မင်း မငြင်းနဲ့လေ'

စေတနာစကား၊ သံယောဇဉ်စကားတွေမို့ ရင်ထဲမှာ နွေးခနဲဖြစ်သွားရသည်။

'ဒီနှစ် စာမေးပွဲပြန်ဖြေဖို့ စာအုပ်စာတမ်းတွေတောင် ရနိုင်သရွေ့ စုထားပြီးပြီ မမသဒ္ဒါချို'

အရာရာအတွက် မြေဝယ်မကျ နာခံကြောင်းကို သိသာအောင် ပြောပြဖြစ်သည်။ မမသဒ္ဒါချို၏ အလှအပများအောက်မှာ နေပျော်ရင်း အချိန်များကို ကုန်ချင်တော့သည်လေ။

'တို့လည်း မင်းအတွက် စာအုပ်တွေ ဝယ်လာပေးပါဦးမယ်။ စာမေးပွဲက ငါးလလောက်ပဲ လိုတော့တာ။ ဒီကြားထဲ ကျူရှင်တွေ ဘာတွေ မင်းတက်ထားဖို့လိုမယ်နော်'

သူ ခေါင်းညိတ်ဖြစ်သည်။ သူ့အတွက်တော့ မမသဒ္ဒါချိုနှင့် ပတ်သက်ပြီး ခေါင်းခါရှောင်လွှဲဖို့ဆိုတာ ရှိကောင်းမည် မထင်ပါပေ။

✢ ✢ ✢



## ၁၂။

မမသဒ္ဒါချိုတစ်ယောက် အောင်စာရင်းသွားမကြည့်ခင် ...နှင့် သုံးလေးခါမက တွေ့သည်။ မမသဒ္ဒါချို၏ မိခင်ဖြစ်သူ ...ရာမနှင့်ပင် သူ ရင်းနှီးစပြုလာသည်။

သူတို့နှစ်ယောက်တွေ့ကြတာ၊ အတူသွား အတူလာ ...ပ်တာတွေကို ဆရာမက လိုလိုလားလားပုံသဏ္ဌာန်ရှိ၏။

ရင်းနှီးခွင့်ရပြီး အနားမှာနေရတာကို သူ့အဖို့ ပျော် ...ဆုံး၊ မော်မဆုံး။ မိုးမမြင် လေမမြင် ဖြစ်ရသည်။

'အစ်မကြီးနဲ့ အစ်မလတ်က ငါ့မောင် စာမေးပွဲပြန်ဖြေ ...ည်ဆိုတဲ့အတွက် နာရီတစ်လုံး ဝယ်လာပေးတယ်။ ကြိုက်ရဲ့ ...း သတိုးဦး'

အဖိုးတန်နာရီတစ်လုံး ကာလတန်ကြေး နည်းမှာမဟုတ် ... အစ်မတွေရှေ့မှာပင် နာရီအဟောင်းကိုချွတ်ပြီး ပတ်ပြလိုက် ...ည်။



www.burmeseclassic.com

www.burmeseclassic.com



'မေမေကလည်း မင်းအဖေကို ပြောပြီး သားသုံး ကိုင် တာသုံးဖို့ ဘဏ်စာအုပ်လုပ်ထားပေးတယ်။ သား ဘယ်အချိန် မှာပဲဖြစ်ဖြစ် လိုသလိုထုတ်သုံးဖို့ရအောင်ပေါ့'

သူသုံးတာ ဖြုန်းတာများသောကြောင့် ငွေရေးကြေးရေး နှင့်ပတ်သက်ပြီး မေမေကအစ စိတ်မချတာ နှစ်တွေကြာခဲ့ပြီ။ သူတောင်းသလောက်မပေးဘဲ ကြက်အစာချသလို နည်းနည်း ချင်း မဖြစ်စလောက်ပေးတာ သူအသိဆုံး။

'မေမေရယ်… ဖေဖေ ခွင့်ပြုတာတွေကိုလည်း မောင် လေးသိအောင် ပြောပြလိုက်ပါဦး'

'မင်းအဖေက အိမ်ကကားတွေကို မင်းစိတ်ကြိုက် သုံးခွင့်ပြုလိုက်ပြီ သား၊ တကယ်လို့ မင်း လိုချင်တယ်ဆိုရင် ဆိုင်ကယ်အသစ်တစ်စီး ဝယ်ပေးဖို့လည်း မေမေ့ကို မှာထား သေးတယ်'

ဟိုတုန်းက သူ့ကိုယ်ပိုင်ဆိုင်ကယ်ရှိသည်။ အိမ်ကကား တွေကိုလည်း ကြိုက်သည့်အချိန် တက်မောင်းနိုင်၏။

သူ ကြမ်းတာ ရမ်းတာများလွန်းလာတော့ သူ့ဆိုင်ကယ် ကို ရောင်းပစ်လိုက်ရုံမက ကားမောင်းခွင့်ကိုလည်း တစ်ချက် လွှတ်အမိန့်ဖြင့် ပိတ်ပင်တားမြစ်ခဲ့သည်။

သူ့အတွက်က ဒါတွေမလို။ အောင်စာရင်းကြည့်ဖို့ပြီး ခရီးထွက်သွားသော မမသန္တာချို ပြန်ရောက်လာဖို့ပဲ လိုအပ် နေသည်။





သူ့အဖို့ လွမ်းလွန်းလှပြီ။ ဒီတစ်ခါဆိုရင်တော့ တစ်နေ့ တခြား လွမ်းလွန်လွန်းလို့ ပိုပိုချစ်တတ်လာပြီဟု တရားဝင်ဖွင့် ပြောပြလိုက်ချင်တော့သည်။

✣ ✣ ✣

'နေပါဦး သတိုးဦး။ ဟိုရက်ပိုင်းက မင်းမမနဲ့ အဆောင် တွေပြေနေတာနဲ့ ငါတို့ဆီတောင် ခြေဦးလှည့်ဖို့ သတိမရဘူး ဟုတ်လား'

'ဟုတ်တယ်… နေစမ်းပါဦး၊ အခုရော မမသန္တာချို မြို့မှာ ရှိရော ရှိသေးရဲ့လား'

သူငယ်ချင်းတွေက ဝိုင်းပြီး စကားနာထိုးတော့ သူ့အဖို့ ခက်ရသည်။

'မရှိဘူးကွ… သူ အောင်စာရင်းသွားကြည့်မယ်ပြော ပြီး ထွက်သွားတာ နှစ်ရက်ရှိသွားပြီ။ ငါ လွမ်းလို့ မင်းတို့ဆီ စိတ်ပြေလက်ပျောက် ထွက်လာခဲ့တာ'

မင်း စာတွေကျက်၊ ကျူရှင်တွေတက်တာကို ငါတို့သိ တယ်ဟု သူရက ပြောသည်။

'မမသန္တာချိုက စာမေးပွဲအောင်စေချင်တာကိုး' ဟု သူ ပြန်ပြောတော့…

'မင်းကတော့ မ,ဘက်လိုက်ပြီး မိုက်ဘက်ပါနေတဲ့ ကောင်ပါ။ ငါတို့ကို အရေးတယူမလုပ်တော့ဘူး' ဟု ထွန်းအောင် ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



'မင်းတို့သတ်ရင်လည်း သေ၊ ထားရင်လည်းရှင်ရမယ့် ဘဝပါကွာ။ ငါ့ဘဝမှာ သုံ့ရှိနေရုံနဲ့ အရာရာ ပြည့်စုံချမ်းမြေ့နေလို့ပါ။ ငါ့ကို နားလည်ခွင့်လွှတ်ပေးကြပါ'

'ဒီအတိုင်းတော့ ခွင့်လွှတ်လို့မရဘူးလေ။ အရင်လို မဟုတ်တောင် တစ်ခေါက်တလေလောက်တော့ မင်း မျက်နှာလာပြပြီး ငါတို့ကို ဝတ္တရားမပျက် မင်းမြှုစုသင့်တာပေါ့'

'အေးပါကွာ… မင်းတို့ဖြစ်ချင်တာ ဖြစ်စေရပါစေမယ်'

သူ့လက်ထဲမှာ ပိုက်ဆံမရှိတုန်းကတောင် ရှာကြံပြီး သူငယ်ချင်းတွေအား အူစိုစေခဲ့သည်ပဲ။

'မင်းကို မေးရဦးမယ် သတိုးဦး၊ မမသဒ္ဒါချိုကို ဖွင့်ပြောပြီးပြီလား။ မင်းတို့ချင်း ချစ်သူတွေဖြစ်နေကြပြီလား'

'ရက်သိပ်မရှည်သေးတော့ အလောသုံးဆယ်ဖြစ်နေမှာစိုးတယ်။ ပြီးတော့ ချစ်တယ်ဆိုတာ ပြောဖို့အင်အားမရှိသေးဘူး။ သူ့သံယောဇဉ်တွေကိုပဲ ငါဖက်တွယ်ရင်း မိန်းမောနေတာလေ'

'တွန်းပို့တာတော့ မဟုတ်ဘူးနော်၊ မင်းရဲ့ မမသဒ္ဒါချိုက တစ်ရွာသူနော်၊ ပြီးတော့ တက္ကသိုလ်ကျောင်းသူ၊ တော်ကြာမင်း အညာခံနေရရင် လူတွေရဲ့တံတွေးခွက်မှာ မင်း မျောရမယ့်ကိန်းပဲနော်'

'သေချာအောင်တော့ မင်းအနေနဲ့ ကြိုးချည်ထားမှ





ဖြစ်မယ်။ လက်နေးတတ်တဲ့သူတွေအဖို့ ဘယ်တော့မှ စားဦးစားဖျားနဲ့ ကြုံကြိုက်ရမှာမဟုတ်ဘူး'

သူငယ်ချင်းတွေ ဝိုင်းပြောတော့မှ ရင်ထဲမှာ နည်းနည်းစိုးထိတ်သွားဖြစ်သည်။ မမသဒ္ဒါချို ပြန်လာရင်တော့ သေချာအောင် ဖွင့်ပြောတော့မည်ဟု ဆုံးဖြတ်လိုက်မိပြန်သည်။

✣ ✣ ✣

ငါးရက်လောက်ပဲကြာမည်ပြောပြီး ခြောက်ရက်မြောက်နေ့အထိ ပြန်မရောက်လာဖြစ်ပေ။

တစ်ရွာသူဆိုသောအသိ၊ ချောမောလှပလွန်းသောကြောင့် စိတ်မချနိုင်တော့ပေ။ သူသူငါငါတွေအတွက် မမသဒ္ဒါချိုမှာ မက်မောဖွယ်ရာ မိန်းမလှတစ်ဦး ဖြစ်နေသည်ပဲ။

သီတင်းတစ်ပတ်ပြည့်သောနေ့မှာတော့ သူ နေလို့ ထိုင်လို့မရတော့ပေ။ ငါးရက်မြောက်နေ့တုန်းကလည်း မမသဒ္ဒါချိုတို့အိမ်ဆီ ရောက်ခဲ့ပြီးပြီ။ ခြောက်ရက်မြောက်သောနေ့မှာတော့ တလွန်းသည်ဟု ထင်မည်စိုး၍ ဆရာမနှင့်မတွေ့ဖြစ်ဘဲ သုံးလေးခေါက်ထက်မနည်း အရိပ်အခြည်ကြည့်ဖြစ်ပြန်သည်။

ဒီနေ့မှာတော့ မမသဒ္ဒါချို၏မိခင် ဆရာမအား ပြန်မည့်ရက်ကို သေချာအောင်မေးတော့မည်ဟု စိတ်ပိုင်းဖြတ်ပြီး ဆိုင်ကယ်ဖြင့် ထွက်လာဖြစ်သည်။

မမသဒ္ဒါချိုတို့အိမ် လမ်းကွေ့နားမှာပင် မြင်းလှည်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဘာ်ပင်းတိုး၍ အရှိန်လျှော့ပြီး လမ်းဘေးချလိုက်ရသည်။

'မြင်းလှည်းဆရာ ခဏရပ်ဦး' ဆိုသော အသံကြောင့် သူ ၍ သို့ကြည့်ဖြစ်သည်။ သူ့ကို လက်လှမ်းပြသော မမသဒ္ဒါချို အား တွေ့လိုက်ရသည်။

သူ့အတွက် လက်ဆောင်ပစ္စည်းများကိုဆွဲရင်း မြင်းလှည်းပေါ်မှ မမသဒ္ဒါချို ဆင်းလိုက်သည်။

'တို့ဆီလာတာလား သတိုးဦး'

'ဟုတ်တယ်… ပြန်မယ်ဆိုတဲ့ရက်ထက် နောက်ကျနေတော့ စိတ်ပူပြီး ထွက်လာဖြစ်တာ'

ဆိုင်ကယ်နောက်ခုံမှာ မမသဒ္ဒါချို တက်ထိုင်သည်။ သူတို့နှစ်ယောက် ထိုင်နေကျဖြစ်သော မြို့အထွက်က အနားဆိုင်လေးသို့ ထွက်လာဖြစ်သည်။

✣ ✣ ✣

'တစ်ရွာသူက စကားလှလှလေးတွေပြောပြီး အပြီးပြန်သွားတာလားလို့ စိုးရိမ်လိုက်ရတာ၊ တကယ်ပါပဲ'

'ဘာလဲ… တို့ကို တစ်ရွာသူလို့ ပြောလိုက်တာပေါ့လေ'

'မဟုတ်လို့လား မမသဒ္ဒါချို'

ချိုမြသော မျက်စောင်းက သူ့ရင်ကို ထိုးဖောက်သွားသလိုမျိုးပင်။





'ဖေဖေပါ လိုက်မယ်ဆိုလို့ နှစ်ရက်ပိုကြာသွားတာ။ ဒီမြို့လေးကို မေမေရော ဖေဖေရော သဘောကျနေကြတာ။ မေမေကတောင် သတိုးဦးတို့မြို့မှာ အခြေချဖို့ ဖေဖေ့ကို နားချနေတာလေ။ တကယ်ဖြစ်ခဲ့ရင် တို့လည်း ဒီရွာသူဖြစ်တော့မှာပါနော်'

'ဒါတွေက ဘာတွေလဲ မမသဒ္ဒါချို'

'မင်း ပုဆိုးဝတ်လေ့မရှိဘူးဆိုတာကို သိတယ်။ ဒါပေမဲ့ ပုဆိုးဝတ်ရမယ့် အခမ်းအနားတွေ ပွဲလမ်းတွေက တစ်နေ့မဟုတ်တစ်နေ့ ကြုံမှာပဲမဟုတ်လား။ မင်း ကျင့်သားရအောင် ဝတ်ရအောင်ဆိုပြီး ငါးထည်ဝယ်လာပေးတာ'

'ဒါတွေမလိုပါဘူး။ မမသဒ္ဒါချို ပြန်ရောက်လာရင်ပဲ ဦးပြည့်စုံပါပြီ'

သူ့စကားတွေ အစွန်းမလွတ်တာကို ကိုယ်တိုင်သတိထားမိပြန်၏။

'ဟုတ်ပါပြီရှင်… တို့မျက်ကွယ်မှာ မင်း စည်းကမ်းဖောက်တာမျိုး ရှိသေးလား'

'မယုံတဲ့သဘောလား မမသဒ္ဒါချို'

'နောက်တာပါ သတိုးဦးရယ်၊ မင်း ကတိတည်မယ်ဆိုတာကို သိပါတယ်'

'မမသဒ္ဒါချို'

'ဘာပြောချင်လို့လဲ သတိုးဦး'



www.burmeseclassic.com

www.burmeseclassic.com



'ဟိုလေ… တပည့်တည့်ပဲ လိုရင်းကိုပြောမှဖြစ်တော့မယ်ထင်တယ်'

'ဒီကောင်လေး… ဘာဖြစ်နေတာလဲ၊ ပြောမယ့်စကားကိုပြောတာ မဟုတ်ဘူး'

ရင်ခုန်နှုန်းတွေမြန်တာကို သတိထားဖြစ်ခဲ့ပေမယ့် မျက်လုံးစုံမှိတ်ပြီး ပြောလိုက်ရသည်။

'မမသဒ္ဒါချိုကို ကျွန်တော် ချစ်မိနေပြီ'

မမသဒ္ဒါချိုမျက်နှာကို သေသေချာချာ ကြည့်လိုက်တော့ အံ့သြဟန်မပြသလို စိတ်ဆိုးသည့်အရိပ်အငွေ့တွေလည်း မတွေ့ရ…

'မင်း ဒီစကားမျိုး ပြောလာလိမ့်မယ်ဆိုတာကို … သိနေတယ်။ ဒါ့ပေမဲ့ ဒီလောက်မြန်မြန်ကြီး ပြောလာလိမ့်မ… လို့ မထင်ထားဖြစ်ဘူး'

'တကယ်တော့ ချစ်တယ်လို့ပြောတာ စောတ… နောက်ကျတယ်ဆိုတာထက် ရက်တရက် မြင်တွေ့လိုက်ကတည်… က ကျွန်တော့်ရင်ကို အပိုင်စီးသွားနိုင်ခဲ့တာပါ။ တစ်ရက်ထ… တစ်ရက်ဆိုသလိုပဲ ကျွန်တော့်ရင်ခုန်သံတွေဟာ မမသဒ္ဒါ… စေညွှန်ရာအတိုင်း ဖြစ်ခဲ့ရသူပါဗျာ'

'အချစ်ဆိုတာ အရွယ်မရွေး၊ အချိန်အခါမရွေး၊ အတ… အစားမရွေး ဖြစ်လွယ်တယ်ဆိုတဲ့ သဘောကို တို့သိတ… အချစ်ဆိုတာကို တို့က မြတ်နိုးပြီး အလေးအနက်ထားတ… မင်းကိုလည်း ဒီသဘောပဲဖြစ်စေချင်တယ်။ ဖြစ်လွယ်ပြီးပျ…





လွယ်တဲ့ စိတ်လှုပ်ရှားမှုတွေနဲ့ မရောထွေးစေချင်ဘူး'

'ကျွန်တော့်အချစ်ကို ယုံပါဗျာ။ မမသဒ္ဒါချိုရဲ့ စကားတွေအတိုင်း အားလုံးဖြစ်စေခဲ့တယ်ဆိုကတည်းက ကျွန်တော် ဘယ်လောက်အလေးအနက်ထားမှန်း မမသဒ္ဒါချိုသိသင့်ပါတယ်'

ချစ်တယ်ဆိုသော သူ့ပြောစကားကို မမသဒ္ဒါချို မငြင်းသလို ခေါင်းလည်း အလွယ်တကူမညိတ်ခဲ့ပေ။

'တို့အပေါ်ထားတဲ့ မင်းရဲ့လေးနက်မှုကို ပိုလို့အဓိပ္ပာယ်ရှိသွားအောင် တို့ တစ်ခုပြောမယ်။ အဲဒါကို မင်း လက်ခံနိုင်မလား'

'ပြောလေ… မမသဒ္ဒါချို'

'အခုချိန်ကစပြီး မင်း စာမေးပွဲဖြေပြီးလို့ အောင်စာရင်းထွက်တဲ့အထိ အခုလိုပဲ တို့တွေ နေသွားကြမယ်။ မင်း ဆယ်တန်းအောင်အောင်ကြိုးစား၊ တို့ဆီက အဖြေတစ်ခုခုကို မင်းလိုချင်တယ်မဟုတ်လား။ မင်း ဆယ်တန်းအောင်တဲ့နေ့မှာ မင်း လိုချင်တဲ့အဖြေကို တို့ပေးမယ်'

'တကယ်နော်… မမသဒ္ဒါချို'

ကလေးတစ်ယောက်ပမာ ထခုန်မတတ် သူ ဝမ်းသာမြူးတူးသွားရသည်။ သူ့ဖြစ်အင်ကိုကြည့်ပြီး မမသဒ္ဒါချို ပြုံးလေသည်။ ဒီစကားမျိုးကြားရတာ သူ့အတွက်တော့ စိတ်ချလက်ချဖြစ်ရသည်ပဲလေ။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

## (၆)

လူတွေကတော့ သူနှင့် မမသဒ္ဒါချိုတို့ အကျွမ်းတဝင် ဖြစ်ခြင်းအား အမျိုးမျိုးထင်ကြေးပေးကြသည်။

သူ့ကို မမသဒ္ဒါချိုက ကောင်းစွာထိန်းကျောင်းလိုက်သည်ဟု ဆိုသည်။ သူက မြင်းရိုင်းတစ်ကောင်ဆိုရင် မမသဒ္ဒါချိုက မာယာဖြင့် ယဉ်ပါးအောင်လုပ်ပြီး အသုံးချလိုက်ခြင်းဟု ပြောသည်။

တကယ်တမ်းမှာလည်း မမသဒ္ဒါချိုကြောင့် သူ့ကိုယ် စိတ်နှလုံး သုံးပါးစလုံး အပြောင်းလဲကြီး ပြောင်းလဲသွား၏။

'တကယ်တော့ မင်းခမျာ မမသဒ္ဒါချိုရဲ့ ထိန်းကျောင်းမှုအောက်က ကလေးငယ်တစ်ယောက်လိုပါပဲလား'

'ဟုတ်တယ် သတိုးဦး၊ အချစ်ဆိုတာထက် အဲဒီမိန်းမရဲ့ ဖြားယောင်းသိမ်းသွင်းမှုက ပိုလို့ တန်ခိုးသြဇာကြီးနေသလိုပါပဲ'



သူရတို့ ဖော်ထွန်းတို့က အများပြောစကားကို သံယောင်လိုက်ခြင်းလား။ ဒါမှမဟုတ် သူ့ကိုကြည့်ပြီး မလိုတမာဖြစ်နေကြလားဟု ဝေဝေဝါးဝါး။ သူ့အဖို့မှာတော့ မမသဒ္ဒါချို၏ သံယောဇဉ်အယုယအောက်မှာ ပျော်မွေ့လွန်းနေသော သိုးငယ်လေးဖြစ်နေရတာကိုပဲ ကျေနပ်ပီတိဖြစ်သည်။

'မင်းတို့ ဘာတွေပဲပြောပြော မမသဒ္ဒါချိုဟာ ငါချစ်ရတဲ့သူပဲ။ တစ်နေ့ထက်တစ်နေ့ သံယောဇဉ်ပိုပိုလာပြီး ငါတို့ နှစ်ယောက်ရဲ့ အနာဂတ်ဟာလည်း ချစ်ခြင်းတွေ ထုံလွှမ်းနေမှာသေချာတယ်'

'ပွဲပြီးပြီလို့ မင်းက တရားသေ သတ်မှတ်လိုက်တဲ့သဘောလား သတိုးဦး'

'လူနှစ်ယောက်ဟာ အကြင်နာတွေရှိတယ်။ သံယောဇဉ်တွေရှိတယ်ဆိုရင် အမုန်းတရားတို့ ဝမ်းနည်းဆို့နင့်ခြင်းတို့ဆိုတာ ဘယ်အခါမှ ဝင်ရောက်လာမှာမဟုတ်ဘူး။ အခုဆိုရင် စာမေးပွဲဖြေဖို့ ရက်ပိုင်းပဲလိုတော့တာ၊ ဒါပြီးရင် တို့နှစ်ယောက်ဟာ မင်းတို့တွေ အမြင်ကပ်လောက်အောင်ကို ပိုပြီးအကျွမ်းတဝင်ဖြစ်ကြတော့မှာ'

'အခုဆို မင်းကတော့ စာတွေကြည့်၊ မင်း မမသဒ္ဒါချိုကတော့ အဝေးကို ကျောင်းသွားတက်နေတာ၊ ရှေ့ဘာဖြစ်မယ်ဆိုတာထက် အခုလို မင်း ပြောင်းလဲသွားတာတွေအတွက်တော့ ငါတို့တွေအားလုံးက သူ့ကို ကျေးဇူးတင်ရမှာပဲ'

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသွားတက်သည်ဆိုပေမယ့် ဒီကြားထဲမှာ မေ
သဒ္ဒါချို နှစ်ခေါက်လောက်ပြန်လာသည်။

သူ စာမေးပွဲဖြေမည့်ရက်တွေမှာလည်း ပြန်လာဦးမည်
ဟု မမသဒ္ဒါချို မှာသွားသေး၏။

မမသဒ္ဒါချိုကို လွမ်းတိုင်း စာတွေဖိကြည့်ဖြစ်သည်။

သူ့စိတ်ထဲ အတွေးထဲမှာတော့ ကျန်တာတွေ ဘာမှမရှိ
စာမေးပွဲအောင်ဖို့နှင့် မမသဒ္ဒါချိုသာ ရှိသည်ပဲလေ။

✣ ✣ ✣

စာမေးပွဲဖြေဖို့ နောက်နှစ်ရက်သာ ကျန်တော့သည်
မမသဒ္ဒါချိုတစ်ယောက်ကတော့ သူ့ထံသို့ရောက်မလာသေး။

စာတွေကြည့်ရင်း လွမ်းသည်။ လွမ်းလေတိုင်း စာတွေ
ကြည့်ဖြစ်၏။ မမသဒ္ဒါချို၏မျက်နှာကို မြင်ချင်သည်။ အကြင်နာ
လွှမ်းသော စကားသံများကို ကြားချင်၏။

လူကိုယ်တိုင် ရောက်လာခဲ့ရင်တော့ စာမေးပွဲဖြေရမည့်
ကာလများမှာ ပိုအားရှိမည်ဟု တွေးသည်။

'ငါ့မောင်ကတော့ မျက်စိရှေ့မှာပဲ အရမ်းကို ပြောင်းလဲ
သွားတာပဲ'

'ဟုတ်တယ်… အပျော်အပါး အပြင်ထွက်တာ အရမ်း
ကိုနည်းသွားတယ်။ ကျူရှင်နဲ့အိမ် ကျောင်းစာတွေနဲ့ပဲ နပန်းလုံး
နေတော့တာ'





'ဒီနှစ်တော့ သားလေး စာမေးပွဲအောင်မှာ သေချာ
သလောက်ရှိနေပြီ။ ရှင့်သားစာမေးပွဲသာအောင်ခဲ့ရင် ရှင် ဘာများ
က်ပြုဖို့ အစီအစဉ်ရှိလဲ အဖေကြီး'

အစ်မတွေနှင့် အမေတို့ကတော့ ပျော်တပြုံးပြုံး။ သူ့ကို
ဘယ်တော့မှ အကောင်းမြင်လေ့မရှိသော အဖေသည်ပင် လေသံ
ပြောင်းနေပြီ။ သူ့ကိုယုံကြည်ဖို့ အိပ်မက်တောင်မက်လေ့မရှိ
သော ဖခင်၏စကားတွေကလည်း ကြည်နူးချင်စရာ။

'သားတစ်ယောက်ကို ဖခင်က အားကိုးအားထားပြုချင်
ာတော့ အမှန်ပဲ။ အရင်က ဖြစ်ရပ်တွေကို အားလုံး မေ့ပျောက်
်ပြီးပြီ။ သတိုးဦးသာ စာမေးပွဲအောင်ခဲ့ရင်တော့ သူဖြစ်ချင်
ာ တောင်းဆိုတာကို လိုက်လျောမယ်။ သားကလည်း စာမေးပွဲ
အောင်ခဲ့ရင် အဖေ့ဆီက ဘာတောင်းရမလဲဆိုတာကို ကြိုပြီး
ွး်စားထားပေါ့'

အဖေဖြစ်သူ၏ စကားကြောင့်ပင် ခေါင်းထဲမှာ လက်ခနဲ
အတွေးဝင်သည်။ သူဘာတောင်းဆိုမည်ဆိုတာတော့ မပြောမိ။
သဒ္ဒါချိုနှင့်ပတ်သက်သည်ဆိုတာလည်း စကားဦးမသန်းဖြစ်ပြန်။

'သေချာတယ်နော် အဖေ၊ စာမေးပွဲအောင်ခဲ့ရင် သား
့ တောင်းဆိုမှုကို တကယ်ဖြည့်စွမ်းလိုက်လျောမှာနော်၊ အဲဒါ
တော့ မဖြစ်နိုင်ဘူးလို့ မငြင်းရဘူးနော်'

သူ့တောင်းဆိုမှုအတွက် ပိုသေချာအောင် လုပ်လိုက်
သည်။



www.burmeseclassic.com

www.burmeseclassic.com



'စိတ်ချ သား၊ သား ဖြစ်ချင်တာ၊ သား တောင်းဆိုတာကို မလုပ်ပေးနိုင်ခဲ့ရင် ကြိုက်သလို စွဲချက်မျိုးတင်နိုင်တယ်သား'

'ကြိုက်သွားပြီ အဖေ၊ အားလုံးရှေ့မှာပဲ အဖေ ကတိပေးသလို သားကလည်း ကတိပြန်ပေးတယ်။ ဒီနှစ် စာမေးပွဲကို အောင်ကိုအောင်စေရမယ်။ အောင်စာရင်းထွက်တဲ့နေ့မှာ သား တောင်းဆိုမှာနော်'

သူ့တောင်းဆိုမှုသည် သူနှင့် မမသဒ္ဒါချိုတို့ အနာဂတ်နှင့် သက်ဆိုင်သည်။ စာမေးပွဲလည်းအောင်၊ မမသဒ္ဒါချိုဆီမှ အချစ်ကိုလည်းရ၊ ပြီးတော့ သူတို့နှစ်ယောက်လည်း တစ်သက်မခွဲ၊ နီးနီးကပ်ကပ်နေသွားနိုင်တော့မည်ဖြစ်၏။

✢ ✢ ✢

ကျူရှင်တက်တာ နောက်ဆုံးနေ့ရောက်ခဲ့ပြီ။ မနက်ဖြန်ဆို စာမေးပွဲစဖြေရတော့မည်ဖြစ်သည်။

ကျူရှင်ကဆင်းသည်နှင့် မမသဒ္ဒါချိုတို့ အိမ်မက်ဆီသို့ သွားမည်ဟု စိတ်ကူးထားဖြစ်သည်။

ကျူရှင်ကအထွက်မှာပင် သစ်ပင်ရိပ်အောက်မှာ စောင့်နေသော မမသဒ္ဒါချိုအား မြင်တွေ့လိုက်ရသည်။

လူတွေကို ဂရုမစိုက်အားတော့ဘဲ ကလေးငယ်တစ်ဦးပမာ လွတ်လပ်မြူးတူးစွာဖြင့် မမသဒ္ဒါချိုရှိရာသို့ အပြေးသွားလိုက်မိသည်။





'အခုလို ရုတ်တရက်တွေ့လိုက်ရလို့ အရမ်းဝမ်းသာသွားတာပဲ မမသဒ္ဒါချိုရယ်၊ ပြန်လာမယ်ဆိုတာကို ယုံပေမယ့် မျှော်ရတာ ပင်ပန်းလွန်းတယ်ဗျာ'

မမသဒ္ဒါချိုလက်ကို ဆုပ်ကိုင်ရင်း အလွမ်းသယ်ပြလိုက်သည်။

'လူတွေရှိနေတယ်လေ သတိုးဦး၊ လာပါ··· တို့နှစ်ယောက် ထိုင်နေကျ မြို့အထွက်ကဆိုင်လေးဆီ သွားလိုက်ကြရအောင်'

ညင်သာစွာဆို၍ ရှန်းဖယ်ခြင်းကြောင့် သူအပြစ်မမြင်ရက်ပြန်။ ဆိုင်ကယ်နောက်ခုံမှာ မမသဒ္ဒါချို ထိုင်သည်။ ပျော်ရွှင်ခြင်းများစွာဖြင့် ဆိုင်ကယ်ကို မောင်းထွက်လာဖြစ်သည်။

'စာမေးပွဲဖြေပြီးတဲ့အထိ မပြန်ဘဲ တို့ မင်းအနားနေပေးမယ် သတိုးဦး'

ဂရုစိုက်သောစကား၊ ကြင်နာသောမျက်ဝန်းတို့ကြောင့် နှလုံးသားမှာ နေပျော်၏။

'ဒါဆို မမသဒ္ဒါချို ကျောင်းပျက်မှာပေါ့'

'ရက်ပိုင်းပဲကွယ်··· စာမေးပွဲရက်ဆိုတော့ တို့အတွက် အများကြီးတာဝန်ရှိတာပေါ့။ မင်းကို တကယ်ပဲ စာမေးပွဲအောင်စေချင်တယ်။ ဒါက တို့ရဲ့ စေတနာ၊ တို့ရဲ့ ပီတိအစစ်အမှန်ပါပဲကွယ်'

'အောင်ကိုအောင်စေရမယ်ဗျာ။ အဲဒီအခါကျရင် အဖြေ



www.burmeseclassic.com

www.burmeseclassic.com



ပေးဖို့လည်း ရှောင်ဖယ်ရှောင်ဖယ် မလုပ်ကြေးနော်'

'ကတိတည်ပါတယ်၊ မင်းမှာသစ္စာ၊ လူမှာကတိတဲ့သတိုးဦး။ မင်းဆိုတာက သစ္စာတရားကို စောင့်ထိန်းအပ်တယ်။ လူမှန်ရင်တော့ ကတိတည်မှပဲ ပတ်ဝန်းကျင်မှာ တင့်တယ်ဂုဏ်ရှိမှာမဟုတ်လား'

'မပြောကောင်း ပြောကောင်းပေါ့ မမသဒ္ဒါချို၊ တကယ်လို့များ စာမေးပွဲမှာ အတိမ်းအစောင်းများ ရှိခဲ့ရင်ရော'

ဖြစ်နိုင်ခြေနည်းသော်လည်း မမသဒ္ဒါချို၏စိတ်ကို စမ်းကြည့်လိုက်သည်။

သူ့စကားကြောင့် မမသဒ္ဒါချို ယဲ့ယဲ့ပြုံးသည်။

'အောင်စာရင်းထွက်တဲ့နေ့မှာ အဖြေပေးမယ်လို့ပြောပြီးသားပဲ။ အဲဒီနေ့မှာ အဖြေပေးမှာပါ သတိုးဦး'

ကျေနပ်အားရသောကြောင့် မမသဒ္ဒါချို၏ ဆံစများကိုကောက်ယူပြီး နမ်းရှိုက်မိတော့သည်။

'အရမ်းချစ်ပြီး အရမ်းမြတ်နိုးရပါတယ်ဗျာ'

သူ့ကို သနားသည်လား၊ အပြစ်ပြောဖို့ ခက်သည်လားမသိ။ ကရုဏာမျက်ဝန်းလေးဖြင့် သူ့ကို စိမ်းစိမ်းကြည့်နေပြန်၏။

✣ ✣ ✣



တနင်္ဂနွေနေ့ရောက်ဖို့ကို စိတ်စောနေမိသည်။ စနေနေ့ညနေခင်းမှာ မမသဒ္ဒါချိုနှင့် ဆုံဖြစ်သေးသည်။ သူက ငြိမ်သက်စွာ စိတ်လှုပ်ရှားနေသလောက် မမသဒ္ဒါချိုကတော့ နောက်နောက်ပြောင်ပြောင်လုပ်သည်။

'ဒီကောင်လေး ထူးထူးခြားခြား ငြိမ်နေပြီး စကားတောင် ကောင်းကောင်းမပြောနိုင်ပါလား'

မနက်ဖြန် တနင်္ဂနွေနေ့ဆို အောင်စာရင်းတွေကပ်ပြီ။ မနက်ဖြန်ညနေဘက်ဆိုရင်လည်း မမသဒ္ဒါချိုတစ်ယောက် ပြန်သွားပေတော့မည်။

'ရင်တွေ အရမ်းခုန်လွန်းလို့ နေမရထိုင်မရဖြစ်နေတာ မမသဒ္ဒါချို။ အအောင်အရှုံးအတွက်ရော၊ မမသဒ္ဒါချိုပြောမယ့် အဖြေစကားအတွက်ရောပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'စိတ်ငြိမ်ငြိမ်ထားစမ်းပါကွာ၊ တော်ကြာ မနက်မလင်းခင် တစ်စုံတစ်ခုဖြစ်သွားလို့ တို့ ရင်ကျိုးနေပါဦးမယ်။ အောင်စာရင်းမှာ မင်းနာမည်ပါလာမှာပါ'

သူ့ဘဝအတွက်ရော သူ့နှလုံးသားအတွက်ပါ မနက်ဖြန်ဆို အဆုံးအဖြတ်တွေပေးတော့မည်ပဲ။

ကြိုးစားပမ်းစား ဖြေဆိုထားသော စာမေးပွဲကိုလည်း အောင်ချင်သည်။ မမသဒ္ဒါချိုနှုတ်မှ ပြောလာမည့် မင်းကိုချစ်ပါတယ်ဆိုသော စကားကိုလည်း ကြားချင်၏။

'စာမေးပွဲလည်းအောင်၊ ကြားချင်ဆုံးစကားလည်း ကြားလိုက်ရရင် အရမ်းပျော်စရာကောင်းမှာပဲ မမသဒ္ဒါချို'

သူ့စကား သူ့အပြုအမူတွေကိုကြည့်ပြီး ကရုဏာသက်သွားလေသည်လား။ မမသဒ္ဒါချိုမျက်နှာလေး မဆိုသလောက် ညှိုးကျသွားသည်။

'လူတစ်ယောက်ဟာ အခိုးကိုလည်း ရင်ဆိုင်ရဲရတယ်။ အကောင်းကိုလည်း ရင်ဆိုင်ရဲရတယ်။ ပြီးတော့ ဝေဖန်ပိုင်းခြားနိုင်တဲ့ သတ္တိလည်းရှိရတယ်။ လောကရဲ့ အတွေ့အကြုံ အတက်အကျတွေကို သင်ယူရင်း လူလားမြောက်နိုင်ရမယ် သတိုးဦး'

မမသဒ္ဒါချိုကတော့ သူ့ကို အဘိဓမ္မာတွေပြောပြီး နှစ်သိမ့်သည်။

'ကျွန်တော်အကြောက်ဆုံးတစ်ခုပဲ ရှိတယ် မမသဒ္ဒါချို'

'ဘာများလဲ သတိုးဦး'



မျက်နှာကို ယုယစွာကြည့်သည်။ နှလုံးသားထဲမှ ...ဆင်းလာသည့်အတိုင်း ပြောပြဖြစ်သည်။

'မမသဒ္ဒါချို မုန်းသွားမှာကိုပဲ'

'မင်းကို ဘယ်တော့မှမမုန်းပါဘူး သတိုးဦးရာ။ မင်းရဲ့ ...အကြောက်ဆုံးအရာကို ဘယ်တော့မှ မဖန်တီးဘူး၊ ကျေနပ်ပြီ ...ား'

ဝမ်းမြောက်ဝမ်းသာဖြင့် သူ့ရင်ဖွင့်ထွက်လေပြီ။ မမ ...ဒ္ဒါချို၏ လက်ဖျားလေးများကို ယုယစွာ ဖမ်းဆုပ်လိုက်သည်။

'ဟိုး... ဆရာလေး၊ ကိုယ်သိုရာကို ကောက်ချက်မဆွဲ ...ဦးလေ။ မင်းကို ဘာပြောထားလဲ၊ မေ့သွားပြီလဲ'

'ဟုတ်ပါပြီ... မမသဒ္ဒါချိုရယ်၊ မနက်ဖြန်ကျမှ ...တော် အပြည့်အဝပျော်တော့မယ်နော်'

ဆုပ်တွယ်ထားသည်ကို ဖြေလျှော့ပေးလိုက်၏။ ဝင်းစို ...သော နှုတ်ခမ်းအစုံကို မကြာခင်မှာ သူပိုင်ဆိုင်ရတော့မည်ပဲ။ ...တွက်တော့ သူစိတ်ရှည်ရမည်လေ။

'ပြန်ကြရအောင် သတိုးဦး၊ နေတောင်ဝင်စပြုပြီ'

ဆည်းဆာ၏ အနောက်ဘက်ကောင်းကင်အား အကြည့် ...တ်ဖြစ်သည်။ တိမ်တောက်သည့်အရောင်တွေမှာ ခပ်ဖျော့ ...။ ငှက်တို့သည်ပင် အိပ်တန်းဆီသို့ ပျံကြလေပြီး ရေ့တည့် ...မှ ကုက္ကိုပင်၏ အရွက်တို့သည်လည်း ညှိုးကုပ်ကျနေကြော ...ဦး

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်ကတော့ ပြန်ချင်စိတ်မရှိသေးဘူး။ မမသဒ္ဓါ
ချို ပြန်ချင်လို့သာ ပြန်ရမှာ'

'မနက်ဖြန် မနက်အစောကြီး တွေ့ကြမှာပဲ မဟုတ်လ
ကွယ်၊ ဒီည ကောင်းကောင်းအိပ်ဦးနော်။ တော်ကြာ အော
စာရင်းကိုစောင့်ရင်း အိပ်ရေးပျက်လို့ စိတ်မကြည်မလင်ဖြစ်
ဦးမယ်'

စိုးရိမ်ပူပန်သည့်စကားကြောင့်ပင် သူခေါင်းညိတ်
၏။

✣ ✣ ✣

တကယ်တမ်းကျတော့ မမသဒ္ဓါချို စိုးရိမ်သည့်အတ
ပင်ဖြစ်ခဲ့ရ၏။ အောင်စာရင်းကပ်သည့်နေရာက သူတို့အိမ်
နီးသည်။ သူတို့ခြံထဲမှာပင် ဝိုင်းဖွဲ့ပြီး အောင်စာရင်းကို စော
သည်။

သူရတို့လူစုကတော့ အောင်သေအောင်သားဟ
ဆိုသောစကားဖြင့် ပုလင်းထောင်ကြသည်။

သူက အားလုံးကို ဒကာခံသော်လည်း မဝါတို့
ယမကာ၏ အနံ့သက်က မနက်ထိအောင် စွဲကပ်နေမှာ
ချဉ်ခြင်းမတက်ဖြစ်။

အမြည်းတွေစားရင်း မိုးတလင်းနေဖြစ်ခဲ့၏။

'ဒီကောင်လေးတွေတော့ မူးမူးရူးရူးနဲ့ အိပ်နေလိုက်





တာ။ အောင်စာရင်းကြည့်မယ်ဆိုပြီး မနက်ခြောက်နာရီတောင်
ကျော်နေပြီ'

သူရ မေမေ့စကားကြောင့်ပင် သူ လူးလဲထဖြစ်တော့
သည်။ သုံးနာရီထိုးခါနီးအထိ သူ အိပ်မပျော်သေးပေ။ မေ့ခနဲ
အိပ်ပျော်သွားတာကို အလိုလိုက်မိသောကြောင့် မနိုးတော့ဘဲ
အိပ်ပျော်သွားခြင်းဖြစ်၏။

'ဟေ့ကောင်တွေ… ထကြစမ်း၊ သူရ… ထွန်းဇော်'

ရိုက်မောင်းပုတ်မောင်းဖြင့် နိုးတော့မှ အားလုံး ပြူးပြဲ
ဖြစ်ကုန်တော့၏။

'ဟာ… မိုးလင်းနေပြီ'

'သတိုးဦး… မင်းအောင်လား'

'ငါလည်း အိပ်ပျော်သွားတယ်။ မင်း မေမေလာနှိုးမှ
နိုးတာ။ သွားကြရအောင်'

သူတို့အုပ်စုလိုက် မျက်နှာမသစ်နိုင်ကြတော့ဘဲ အောင်
စာရင်းကပ်ရာသို့ ထွက်လာကြသည်။ ဟိုရောက်တော့ လူအုပ်
ကြီးက တိုးမပေါက်။ ခရိုင်တစ်ခုလုံးအတွက် ကပ်သည်မို့ နေရာ
တွေကလည်း အများကြီး။

သူတို့သူငယ်ချင်းတွေ နေရာခွဲပြီး ရှာလိုက်ကြသည်။

သူရှာဖြစ်သည့် ကျောက်သင်ပုန်းပေါ်မှာတော့ သူ့နာမည်
နှင့် ခုံနံပါတ်မပါ။ လူကြားထဲမှ ထိုးထွက်ခိုက်မှာပင် သူရ၏
အသံပြဲကြီးကို ကြားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒီမှာတွေ့ပြီ သတိုးဦးရေ၊ မင်း အောင်တယ်ကွ၊ မင်း အောင်တယ်'

ဘယ်ကနေဘယ်လို လူကြားထဲတိုးဝင်ပြီး သူ့ရှေ့သို့ တစ်ခဏချင်း ရောက်သွားခဲ့သည်ကို ပြန်မပြောပြတတ်တော့ပေ။

'ဒီမှာတွေ့လား သတိုးဦး'

အကြည့်မမှားအောင် သတိထားပြီးဖတ်လိုက်သည်။ နာမည်ရော၊ ခုံနံပါတ်ရော ဘာတစ်ခုမှမလွဲ။

'ငါ အောင်ပြီကွ' ဟု အော်ဟစ်ပြီး လူအုပ်ကြားထဲမှ အတင်းတိုးထွက်လိုက်သည်။ သူ့ရတို့၊ ထွန်းဇော်တို့ကိုပင် သတိမရအားတော့။ မမသန္တါချိုရှေ့သို့ အမြန်ဆုံးရောက်အောင် ပြေးလာဖြစ်တော့သည်။

✢ ✢ ✢

ခြံဝရောက်တော့မှ သူ တော်တော်မောနေတာကို သတိရသည်။ ဆိုင်ကယ်ဖြင့်လာလို့ရပါလျက် ပြေးလာခဲ့ခြင်းကိုလည်း အခုမှ သတိထားဖြစ်သည်။

'ဘယ်လိုဖြစ်တာလဲ သတိုးဦးရယ်၊ အရမ်းမောနေပါလား'

'ဟုတ်ပါတယ်... ဆိုင်ကယ်စီးဖို့ မေ့သွားတယ်'

'ရေသောက်လိုက်ဦး'

'မမသန္တါချို ကျွန်တော် အောင်တယ်ဗျ'





ရေမသောက်သေးဘဲ အမောတကော သူပြောလိုက်သည်။

'အေးပါ... ရေသောက်လိုက်ပါဦး၊ ဖြည်းဖြည်းချင်း သောက်ဦးနော်၊ တို့ပဲ တိုက်ပါ့မယ်'

မမသန္တါချို၏ လက်ကလေးကို အသာဆုပ်ကိုင်လိုက်သည်။ ရေတစ်ငုံ နှစ်ငုံစာသောက်ပြီးမှ...

'ရေသောက်တာထက် မမသန္တါချိုပြောမယ့်စကားကို ကြားရမှာက ပိုအမောပြေမှာ။ နေဦး... အခုမပြောနဲ့ဦး။ ကျွန်တော်တို့ ထိုင်နေကျဆိုင်လေးကို သွားရအောင်'

'မသွားနဲ့တော့ သတိုးဦး၊ အိမ်မှာ မေမေမရှိဘူး၊ ဒီမှာပဲ အေးအေးဆေးဆေးပြောကြတာပေါ့'

သူက ရုပ်ပျက်ဆင်းပျက်ပျော်နေသလောက် မမသန္တါချို၏အမူအရာတွေက လေးကန်လွန်းသည်ဟု စိတ်က ထင်မိသည်။

'ဒါဆိုရင်လည်း ပြောတော့လေ၊ ကျွန်တော် ကြားချင်လှပြီ'

သက်ပြင်းရှည်ချသည်။ ဦးခေါင်းကို ညင်သာစွာ ပွတ်သပ်ပေးနေ၏။

'မနေ့က တို့ပြောခဲ့ပါသေးတယ်။ အကောင်းကိုလည်း ရင်ဆိုင်ရဲရမယ်၊ အဆိုးကိုလည်း ရင်ဆိုင်ရဲရမယ်ဆိုတာလေ။ ပြီးတော့ လောကဓံရဲ့ အတက်အကျကို သင်ယူရမယ်ဆိုတာလေ'



www.burmeseclassic.com

www.burmeseclassic.com



'မမသဒ္ဒါချိုကလည်းဗျာ၊ အခုပြောမယ့်စကားက အဲဒီစကားနဲ့ ဘာများအဆက်အစပ်ရှိလို့တုန်း'

မမသဒ္ဒါချို၏စကား၊ အမူအရာတွေကြောင့် စိတ်ထဲမှာ ကသိကအောက်ဖြစ်သွားမိသည်။

'မင်းကို သံယောဇဉ်ရှိသလို သနားလည်း သနားနေဖြစ်တယ် သတိုးဦးရယ်'

'မမသဒ္ဒါချို… ကျန်တဲ့အချိန်မှာ နောက်တာပြောင်တာကို ကျွန်တော် ခံနိုင်ရည်ရှိတယ်။ အခုချိန်မှာ အခုလိုပုံစံမျိုးကြီးနဲ့တော့ မနောက်ချင်ပါနဲ့ဗျာ'

'မနောက်ပါဘူး သတိုးဦးရယ်၊ ပြောမထွက်ရက်တာပါ။ ဒါပေမဲ့ ဇာတ်လမ်းအစအဆုံးကိုလည်း မပြောလို့ မဖြစ်ပြန်ဘူး'

အိပ်မက်မဟုတ်မှန်းလည်း သူ ကောင်းကောင်းကြီးသိသည်။ သူ့ရင်တွေ ကပြောင်းကပြန်ဖြစ်အောင် လုပ်လေပြီလားမသိ။

'ဘာတွေလဲဗျာ… ဝမ်းသာရမယ့်အချိန်မှာ ဘာတွေပြောလို့ မမသဒ္ဒါချို ဘာတွေဖြစ်နေရတာလဲ'

'ဒီလို သတိုးဦး၊ တို့ဟာ လူတစ်ယောက်နဲ့ပတ်သက်ပြီး မင်းအစ်မလတ် သန္တာဦးနဲ့ သိခဲ့တယ်။ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ၊ မင်းတို့ရှိတဲ့မြို့ကိုမှ မေမေက အလုပ်ပြောင်းဖြစ်တယ်။ မင်းနဲ့တို့ ဆုံတယ်။ တို့အပေါ် မင်း အရူးအမူးဖြစ်တာ သန္တာဦးနဲ့



မင်းမိဘတွေသိတော့ အကူအညီတောင်းတယ်။ တို့ ပထမတော့ သဘောမတူချင်ပါဘူး။ နောက်တော့ သဘောတူဖြစ်ခဲ့တယ်'

သူ လုံးဝမသိသေးသော ဇာတ်ဖဲများကို မမသဒ္ဒါချိုက တစ်ချပ်ချင်း လှပ်ပြနေသည့်အလား။

'ဘာတွေလဲဗျာ… တစ်ခုမှ ကျွန်တော် နားမလည်နိုင်တော့ဘူး'

'အငိုလွယ်ပြီး အရိုက်ခက်တယ်ဆိုသလိုပါပဲ သတိုးဦး၊ တို့အတွက် တို့ဆုံးရပြီ။ မင်းကို လိမ္မာအောင် ဖြားယောင်းသလိုဖြစ်ခဲ့ရတယ်။ သန္တာဦးနဲ့ပတ်သက်ခဲ့တဲ့ လူတစ်ယောက်ဟာ အခြားသူတော့ မဟုတ်ဘူး။ တို့ရဲ့ချစ်သူပဲ သတိုးဦး'

'ဗျာ… ဘာပြောလိုက်တယ်'

'ဟုတ်တယ်… မင်းကို လိမ္မာစေချင်တဲ့ စေတနာ၊ ဆယ်တန်းအောင်စေချင်တဲ့စိတ်နဲ့ လက်ပွန်းတတီးနေဖြစ်ခဲ့တယ်။ မင်းရဲ့တစ်မိသားစုလုံး ဒီအကြော င်းကို သိနေတယ်။ တို့ လိမ်ညာသလို ပြုခဲ့တဲ့အတွက် မင်းကြိုက်သလို ပေါက်ကွဲစမ်းပါ။ တို့ ခံရပါတယ်'

မျှော်လင့်ချက်တွေ ပြိုကျခဲ့ပြီ။ ဘာဆိုဘာမှ မမြင်နိုင်အောင် မီးဝင်းဝင်းတောက်ခဲ့ရပြီ။

'ခင်ဗျား ကျွန်တော့်ကို မုန်းတယ်လို့ပဲ ပြောလိုက်စမ်းပါတော့'

'မပြောနိုင်ဘူး သတိုးဦး၊ မင်းကို တို့ မုန်းမှမမုန်းဘဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆိုရင် ချစ်တယ်လို့ပြောဗျာ'

'ဒါလည်း မပြောနိုင်ဘူး၊ တို့မှာ ချစ်သူရှိပြီးသား။ တို့ သစ္စာမမှဲချင်ဘူး'

သူ ရူးသွပ်သွားရပြီ။ အလှအပ အလိမ်အညာများကြား မှာ သူ ဘာကောင်ဖြစ်သွားခဲ့ရမှန်းမသိအောင် ဖြစ်ရသည်။

'ခင်ဗျားလည်း ရက်စက်တယ်၊ ကျွန်တော့်အစ်မတွေ ကျွန်တော့်အဖေ အမေတွေလည်း ရက်စက်တယ်'

'မင်းကို အားလုံးက ကောင်းစေချင်တဲ့ ဆန္ဒတွေနဲ့ လုပ်ခဲ့၊ စီစဉ်ခဲ့ကြတာပါ။ မင်း အခု ဆယ်တန်းအောင်ပြီလေ။ မင်း ဘဝလေးကို အခုအတိုင်းလေးပဲ ဆက်သွားစမ်းပါ သတိုးဦး ရယ်။ တို့အချစ်ကို မရရုံနဲ့တော့…'

'တော်ဗျာ… ကျုပ် ဘာလုပ်ရမှာလဲ၊ ကျုပ်ဘာသာ ကျုပ် မူးမယ်၊ မိုက်မယ် နေချင်သလိုနေမယ်။ အဲဒီဘဝတွေမှာ ဘာအပူပင်မှမရှိဘူး။ အချစ်ဆိုတာလည်း မရှိဘူး။ ခံစားမှုဆိုတာ လည်း နတ္ထိပဲ။ ကျုပ်ကို ဝိုင်းပြီးရက်စက်ကြတယ်။ အမြင့်ကို ပို့ပေးကြတယ်ဆိုပြီး ခင်ဗျားတို့အားလုံးအပေါ်ရောက်မှ ကျွမ်းထိုး မှောက်ခုံဖြစ်အောင် တွန်းချလိုက်တာနဲ့ ဘာများထူးသေးလို့တုန်း။ အခုမှ ကျုပ်ဘဝပျက်တာ၊ ကျုပ်မာနတွေ၊ အတ္တတွေ ကောင်း ကောင်းကြီး ကျဆုံးရတာ။ ဒါတွေကို ခင်ဗျားတို့ ကိုယ်ချင်းစာ တတ်ကြလား'

ထင်မှတ်မထားသော ချုံနိုတိုက်ခိုက်မှုကြောင့် သူ့နှလုံး



သားတို့ သွေးချင်းချင်းရဲပြီး တစ်စစီဖြစ်ရလေပြီ။

'တို့အချစ်ကိုမရလည်း မင်းရဲ့ဘဝက အရှည်ကြီး လျှောက်စရာရှိသေးတယ်။ ထားပါတော့ကွာ။ တို့က ကိုအောင်ဆွေ ကို မျက်ကွယ်ပြုပြီး မင်းအချစ်နဲ့ ပျော်ပါးဝံ့တယ်ပဲထားတော့။ အခုမှ မင်းက ဆယ်တန်းအောင်သေးတာ။ တို့မှ မဟုတ်ပါဘူး။ ဘယ်မိန်းကလေးမဆို ကိုယ့်ချစ်သူကို အားကိုးအားထားပြုချင် ကြတာချည်းပဲ။ မင်းမှာ ပညာရှိရမယ်၊ လူရှိသေ ရှင်ရိုသေ အလုပ်ရှိရမယ်'

'ကောင်းပြီလေ… ခင်ဗျားဘဝ လုံးဝတင့်ကောင်း တင့်တယ် ဖြစ်စေရမယ်။ အဲဒီ အောင်ဆွေဆိုတဲ့လူကို ခင်ဗျား လုံးဝလှည့်မကြည့်နဲ့တော့။ ကျုပ်မိဘ ဘိုးဘွား အစဉ်အဆက် ပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာတစ်ဝက်ကို ခင်ဗျားလက်ထဲထည့်ပေး မယ်။ ခင်ဗျား ကျွန်တော့်ကို ချစ်ရဲလား၊ လက်ထပ်မလား'

'တို့လိုချင်တာ မင်းတို့ပိုင်တဲ့ ပစ္စည်းဥစ္စာတွေမဟုတ် ဘူး။ မင်းအသိုင်းအဝိုင်းက အကူညီတောင်းတုန်းကလည်း ရိုးသားစွာ ကူညီခဲ့တာ။ တို့ ဒါတွေ မမက်ဘူး သတိုးဦး။ တို့ ခက်မောတာ အချစ်နဲ့ သစ္စာတရားပဲ'

အဖြေကတော့ ရှင်းသွားခဲ့ပြီ။ ဒီမြို့မှာ အသိုင်းအဝိုင်း တွေကြားမှာ သူ ဘယ်လိုမျက်နှာပြရမှန်း မသိတော့ပေ။ မာယာ များသော လှည့်စားတတ်သော မိန်းမတစ်ယောက်ရှေ့မှာလည်း ဆက်ပြီးမနေချင်တော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



'သတိုးဦး… မင်း ဘာတွေလျှောက်လုပ်မှာတုန်း' လှည့်ပင်မကြည့်ဖြစ်။ အဆိပ်တွေ မာယာတွေ ပြည့်လျှံနေသော နှုတ်ခမ်းမှ စကားတို့ကိုလည်း သူ မယုံရဲတော့ပေ။ သူ့အိပ်မက်တို့ ပြိုကျပြီး ဇာတ်လမ်းက ပြီးဆုံးသွားခဲ့ပြီပဲလေ။

✣ ✣ ✣

သင်္ဘောင်ပေါ်က ငြေရာတွေ…
ဟိုတုန်းဆီက ကမ်းပါးတွေဟာ
မေ့လျော့တတ်သူတွေအတွက်
ကွယ်ပျောက် အရာမထင်ပေမယ့်
အမှတ်ရှိသူများမှာတော့
"ကမ္ဘာကြေ" သော်လည်း
မပြေနိုင်တဲ့ အထိမ်းအမှတ်တွေပါပဲ။



www.burmeseclassic.com

တကယ်တမ်း ပြန်တွေးကြည့်ရင်တော့ သူမနှင့် ထင်လင်းမောင်တို့ အဖြစ်အပျက်။ ကိုကိုနှင့် သဒ္ဒါချိုတို့၏ အဖြစ်အပျက်များသည် မိုးကောင်းကင်အောက်မှာ သီးခြားစီဖြစ်ပျက်ခဲ့ကြသည်။

ထင်လင်းမောင်က သူမအား သံယောဇဉ်ကြီးသည်။ အချစ်ကြီးချစ်ခဲ့သည်။ သူမကတော့ ထင်လင်းမောင်၏အချစ်ကို နားမလည်ဖြစ်ခဲ့။ အစ်ကိုတစ်ယောက်လို ဆိုးနွဲ့၍ကောင်းသော သူငယ်ချင်းတစ်ယောက်လိုသာ ခင်တွယ်ခဲ့၏။

ကိုကိုကတော့ သဒ္ဒါချိုအပေါ် သံယောဇဉ်ကြီးသည်။ အရူးအမူးချစ်ခဲ့သည်။ နောက်ဆုံးမှာတော့ အလိမ်ညာခံ လှည့်စားခံရ၍ အားလုံးနှင့်ဝေးရာသို့ ကိုကို ပြေးထွက်ခဲ့သည်။

ဒီမှာပင် သူမနှင့် ကိုကိုတို့ တွေ့ဆုံဖြစ်ကြသည်။

အရင့်အရင်ဘဝများစွာက ဆုတောင်းတွေကြောင့်ပင် သူမနှင့် ကိုကိုတို့မှာ သံယောဇဉ်ဖြစ်သည်။ သတိုးဦးဆိုသော ကိုကိုသည် သူမ၏ချစ်သူတစ်ယောက် ဖြစ်ခဲ့လေ၏။

✣ ✣ ✣



လူ့လောကသည် ကံကြမ္မာတို့၏ အလှည့်အပြောင်းများစွာဖြင့် မရပ်မနားဖြစ်တည်လျက်ရှိသည်။ လောကစက်ဝန်းထဲမှာ လှည့်လည်ရင်း ကံကြမ္မာ၏ မျက်နှာသာပေးမှု၊ လှည့်စားမှုများကို ကိုယ်စီခံစား ခံစားရင်း နေပျော်ရစ်ကြရသည်ပဲ။

သူမနှင့် ကိုကိုတို့ ချစ်သူတွေဖြစ်ပြီး ခြောက်လလောက်အကြာမှာတော့ ထင်လင်းမောင်တစ်ယောက် တာဝန်ဖြင့် ရန်ကုန်သို့ ပြောင်းရွှေ့လာဖြစ်သည်။

ဒီအချိန်အထိတော့ သူမတို့ကြားထဲသို့ သဒ္ဒါချိုက ဝင်ရောက်လာခဲ့ခြင်းမရှိ။ သဒ္ဒါချိုဆိုတာ ကိုကိုပြောပြသောကြောင့် နာမည်သာ ကြားဖူးထား၏။ ဆက်စပ်ပတ်သက်လာသိမ့်မည်ဟုလည်း မျှော်လင့်မထားခဲ့ပေ။

'အေးဗျာ··· တာဝန်အရသာ ရောက်လာခဲ့ရတာ။ နေခြည်အေးသာ ရန်ကုန်မှာရှိမနေရင်တော့ အခုလို နေရထိုင်ရတာရော အစစအရာရာ အဆင်ပြေမှာ မဟုတ်ဘူး'

ထင်လင်းမောင် ရန်ကုန်ရောက်လာကတည်းက သူမတို့သုံးယောက် မကြာခဏဆုံဖြစ်ခဲ့ကြသည်။

'ငါတစ်ယောက်တည်း ရှိနေရင်လည်း ဖြစ်မှာမဟုတ်ဘူး ထင်လင်းမောင်။ ကိုကိုရှိနေရင်တော့ အားလုံးအဆင်ပြေသွားတာ။ ကျေးဇူးတင်ကြေးဆိုရင် ကိုကို့ကိုသာ ကျေးဇူးတင်စွာ။ ထားပါဟာ··· အဲဒီအတွက် ငါနဲ့ ကိုကို့ကို ဒီနေ့ ညနေစာ နင်လိုက်ကျွေးပေတော့ ထင်လင်းမောင်'

www.burmeseclassic.com



သူနှင့် ထင်လင်းမောင်တို့အကြောင်းကို အစမှအဆုံ
ကိုကို သိထား၏။ ထင်လင်းမောင်၏ အခက်အခဲမှန်သမျှ
လိုက်ကူညီ၏။ ပြီးတော့လည်း ငယ်ပေါင်းကြီးဖော်ပမာ ကို
ဆက်ဆံသည်။

'ကျေးပဲ့မယ်ဟာ၊ ကိုသုံ့တိုးဦး စီစဉ်ပေးလို့ ငါအိမ်
ရတာ အတော်အဆင်ပြေတယ်။ နင့်အပြင် ကိုသတိုးဦးပါ ရှိ
တော့ ပိုအားရှိတယ်'

'ကြားလား ကိုကို၊ ထင်လင်းမောင်အတွက် အ
ရအောင် ကိုကိုပဲ ရှာပေးလိုက်တော့။ ကိုကိုရှာလို့တွေ့ရင် သူ
အရင်မပြောလိုက်နဲ့ဦး။ နေခြည်ကို အရင်ပြော။ ထင်လင်းမော
စိတ်ကိုလည်း နေခြည်သိတယ်။ အကြိုက်တိုလည်း သိ
တယ်။ နောက်မို့ဆိုရင် ကိုကို အောင်သွယ်ကောင်းမဖြစ်ဘဲနေ
မယ်'

ကိုကိုနှင့် ထင်လင်းမောင်တို့ ရင်းရင်းနှီးနှီးဖြစ်တာ
တွေ့ရတော့ ပီတိဖြစ်မိသည်။

'နေပါစေ နေခြည်အေးရယ်၊ ငါတို့က တောသား
ရန်ကုန်သူတွေနဲ့တော့ ဖြစ်မယ်မထင်ပါဘူးဟာ။ အသည်းလ
ငယ်တတ်တော့ သူတို့ရဲ့မာယာတွေကို ခံနိုင်ရည်မရှိဘူး'

'အပြောမကြီးနဲ့ ထင်လင်းမောင်၊ နင် ရန်ကုန်မှာ အ
ကြာသွားရင် ကြာသွားမှာ။ ရန်ကုန်သူနဲ့ အကြောင်းပါပြီး အ
အမေဆီတောင် မပြန်အားဘဲဖြစ်နေပါဦးမယ်ဟာ'





'ကဲပါ… ကိုထင်လင်းမောင်လည်း ပြောင်းတာရွှေ့တာ
နဲ့ အကုန်အကျတွေများနေမှာပေါ့။ ကိုကိုကပဲ ညစာကျွေးပါ့မယ်
နေခြည်ရာ'

'ဘယ်သူပဲကျွေးကျွေး ဒီနေ့တော့ နေခြည်က ကပ်စား
တဲ့သူပဲလုပ်မှာနော်'

သူငယ်ချင်းနှင့် ချစ်သူကြားမှာ ရင်းနှီးနွေးထွေးစွာ
ရသောကြောင့် သူမဘဝပေးကုသိုလ်ကံမှာ ထူးခြားနေပြန်၏။

✣ ✣ ✣

'နင်နဲ့ ကိုသတိုးဦးတို့က ဒီတိုင်းပဲနေကြတော့မှာလား
နေခြည်အေး'

နှစ်ယောက်တည်း ဆုံခိုက်မှာပင် ကြောင့်ကျသည့်စိတ်
ဖြင့် ထင်လင်းမောင် ပြောသည်။ သူမ၏ ငယ်အိပ်မက်တွေမှာ
ထင်လင်းမောင်သာရှိခဲ့၏။ ကိုကို၏ အတိတ်က ရင်ခုန်ခြင်းတွေ
မှာလည်း သဒ္ဒါချိုတစ်ယောက်သာရှိခဲ့၏။

'ကိုကို့အပေါ် ဘာများ သံသယရှိလို့ ဒီမေးခွန်းမေးရ
တာလဲ ထင်လင်းမောင်'

'သူက နယ်က သူဌေးသား၊ ထားပါတော့ မိန်းမ
တစ်ယောက်ကြောင့် ခြေသလုံးအိမ်တိုင် လုပ်လာခဲ့တယ်။ အခု
ချိန်မှာ သူ့စိတ်ရော၊ ဘဝပါ တည်တည်ငြိမ်ငြိမ်ပါပဲ'

'နင်ပြောချင်တာက'



www.burmeseclassic.com

www.burmeseclassic.com



'နှင်တို့နှစ်ယောက် လက်ထပ်သင့်ပြီဆိုတာပဲ နေခြည်အေး။ နှင်က မိန်းကလေး။ တစ်စုံတစ်ခုဖြစ်လို့ ကျန်ခဲ့ရကြေး ဆိုရင် နှင်ပဲ နစ်နာမှာမဟုတ်လား'

'ဖွ··· လွဲပါစေ ဖယ်ပါစေဟာ၊ နင့်ပါးစပ်ပုပ်ကြီးကို သွားတိုက်ဆေးကောင်းကောင်းနဲ့ သန့်စင်ပစ်လိုက်ဦး ထင်လင်း မောင်။ ကိုကိုက ဒီတစ်သက် ငါ့ကို ခွဲသွားမယ့်လူစားမျိုး မဟုတ်ဘူး'

'နှင့်အပေါ်ထားတဲ့ ကိုသတိုးဦးရဲ့မေတ္တာကို စော်ကား မော်ကားစိတ်နဲ့ ပြောလိုက်တာ မဟုတ်ဘူး နေခြည်အေး။ နှင့် အတွက် ငါပြောရတယ်ဆိုတာကို နားလည်ပေးပါ'

ကိုကို့ကို ထိပါးသောကြောင့် မခံချင်၍သာ ပြောလိုက် ရသည်။ ထင်လင်းမောင်၏စေတနာနှင့် ကြောင့်ကြစကား တော့ ပစ်ပယ်ထားလို့မရ။

'ကိုကို နယ်ကထွက်လာတာ ကြာပြီ၊ မိဘတွေ အသို အဝိုင်းတွေနဲ့ အဆက်ပြတ်နေတာလည်း ကြာပြီဟ။ ကို ကလည်း ငါ့ကို လက်ထပ်ချင်နေပါပြီ။ နင် ငါ့အနားကို ရော လာတာ အတော်ပဲ။ နင်အားတဲ့အခါ နှစ်ရက် သုံးရက်လော အချိန်ယူပြီး ငါတို့သုံးယောက် အိမ်ခဏပြန်မယ်။ ငါနဲ့ ကို အကြောင်းကို ငါ့မိဘတွေ နားပေါက်အောင် နင်ပဲ လူကြီး ပြီး ပြောပေးရမှာနော် ထင်လင်းမောင်။ ငါ့မိဘတွေကို ပ ဆုံး အသိပေးမယ်။ ပြီးမှ ငါတို့သုံးယောက်ပဲ ကိုကို့မိဘတွေ





သွားကြမယ်လေ။ အဲဒီ အစီအစဉ် မကောင်းဘူးလား သင်လင်း မောင်။ ကိုကို့ကိုလည်း ဒီအတိုင်းပဲ ငါပြောပြလိုက်မယ်နော်'

ထင်လင်းမောင်ကို ကျေးဇူးတင်ရမည်။ ထင်လင်း မောင် ရောက်လာမှ စကားပြောဖြစ်ကြပြီး ကိုကိုနှင့် တစ်ဘဝ ဆုံး အတူတူနေရဖို့ စိတ်ကူးသစ်တွေ ဖြစ်လာရသည်ပဲ။

'ကောင်းတယ်··· နေခြည်အေး။ ငါ့ဘက်ကတော့ ဒီကိစ္စနဲ့ ပတ်သက်ပြီး လုံးဝအဆင်သင့်ပဲ။ နင်သာ ဒီအစီအစဉ် ကို အမြန်ဆုံး အကောင်အထည်ဖော်ဖို့ပဲ လိုတာ'

ဒီအကြောင်းတွေကို ကိုကိုသိရတော့ ကိုကိုက သဘော ကျကြည်ဖြူသည်။ ထင်လင်းမောင်ကိုလည်း အားနာစရာကောင်း သည်ဟု သူမတွေးသလို ပြောသေး၏။

သူမတို့သုံးယောက် ထပ်ဆုံပြီး ဒီကိစ္စကို ပိုကောင်းမွန် သော အစီစဉ်ဖြစ်အောင် ဆွေးနွေးဖြစ်ကြသေး၏။

မတောင့်တသို့ ပြန်ဖို့ရက်ကို သုံးယောက်သား ခေါင်း ချင်းဆိုင် ညှိနှိုင်းပြီး ရွေးဖြစ်ခဲ့ကြသည်။

အစီစဉ်တွေအားလုံးဆွဲပြီးမှ မထင်မှတ်သော ကိစ္စတစ်ခု အရေးပေါ်ဖြစ်လာခဲ့တော့သည်။

သတင်းစာကိုင်ပြီး ကိုကို့မျက်နှာမှာ ခါတိုင်းနှယ် မရွှင် အလိုက်မသိတတ်စွာဖြင့် ကိုကို့အား နောက်ပြောင်မိလိုက် သည်။

'သတင်းစာကိုင်ပြီး မှိုင်နေလိုက်တာ၊ ဘာလဲ အဆက်



www.burmeseclassic.com

www.burmeseclassic.com



ဟောင်းသဒ္ဒါချုံကြီးရဲ့ မင်္ဂလာသတင်း ပါလာလို့လား'

'မဟုတ်ဘူး နေခြည်၊ မေမေဆုံးပြီ၊ ဒီမှာ ဖတ်ကြည့်'

ကိုကိုပြောလိုက်မှ အထိတ်တလန့်ဖြစ်သွားရသည်။ မိခင်တစ်ယောက်၏ အသက်ကိုပင် ကိုကို မမီနိုင်တော့ပြီ။

'ဆောရီးပဲ ကိုကိုရယ်၊ နေခြည် စိတ်မကောင်းပါဘူး။ ကိုကို ဘယ်လိုလုပ်မလဲဟင်'

'ကုမ္ပဏီကို အကျိုးအကြောင်းပြောပြီး ညနေ သင်္ဘော ဆိပ်ဆင်းမလားလို့။ အသက်မမီတာတောင်မှ မေမေ့မျက်နှာကို တစ်ဝကြည့်ပြီး ကန်တော့ခွင့်ကိုတော့ ရချင်တယ် နေခြည်'

'နေခြည်ပါ လိုက်ခဲ့ရမလား ကိုကို'

'နေခြည် ပင်ပန်းနေပါ့မယ်။ ကိစ္စတွေပြီးတာနဲ့ ကိုကို ပြန်လာခဲ့မယ် နေခြည်'

နေရပ်ကို ပြန်တော့မည်ဆိုသောအသိကြောင့် သူမ ခေါင်းထဲသို့ သဒ္ဒါချုံက အလိုလိုဝင်ရောက်လာဖြစ်သည်။

'နေခြည် အခုပြောမယ့်စကားက အလိုက်မသိသော များ ဖြစ်နေမလား။ ကိုကို့အတွက် စိတ်အနှောင့်အယှက်များ ဖြစ်မလားမသိဘူး'

'ဘာစကားမို့လဲ နေခြည်'

မပြောသင့်မှန်းသိပေမယ့် သူမစိတ်ထဲမှာ စိုးရိမ်ပူပန် နေကြောင်းကိုတော့ ကိုကို သိစေချင်၏။

'တခြားမဟုတ်ဘူး ကိုကို၊ အိမ်ပြန်ရောက်သွားတဲ့အခါ





ကိုလေ... မမသဒ္ဒါချုံနဲ့ ပြန်တွေ့ဖြစ်ကြမှာပဲနော်'

စကားပြောရင်း ဝမ်းနည်းပူပန်မှုကြောင့် ငိုမဲ့မဲ့လေး ဖြစ်သွားမိသည်လား ကိုယ်တိုင်မဝေခွဲနိုင်။ ကိုကိုကတော့ သူမ ခေါင်းကို တယုတယပွေ့ဖက်ပြီး နှစ်သိမ့်စကားပြော၏။

'ကိုကိုနယ်မပြန်ဖြစ်တဲ့ အကြောင်းတွေထဲမှာ သူနဲ့ မျက်နှာချင်းဆိုင်ရမှာက အဓိကအချက်ပဲ။ အခုလည်း မေမေ ဆုံးလို့သာ အလောသုံးဆယ်သွားဖြစ်တာ။ ထားလိုက်ပါလေ။ အဲဒီမှာ ရှိချင်မှ ရှိနေမှာပါ။ ပြီးတော့လည်း အိမ်ထောင်တွေ ဘာတွေကျရင် ကျနေလောက်ရောပေါ့။ စိတ်မပူပါနဲ့ကွာ။ ကိုကို့ ရင်ထဲမှာ နေခြည်တစ်ယောက်လုံး ရှိနေတာပဲ'

ကြံ့ကြောက် လှည်းအောက်မနေသာဆိုသလိုပဲ စိုးရိမ် နေတာပေါ့ ကိုကိုရယ်ဟု တီးတိုး ညည်းတွားဖြစ်ခဲ့သည်ပဲ။

✢ ✢ ✢

ကိုကိုတစ်ယောက် အခုချိန်လောက်ဆို မြို့သို့ ဆိုက် ဆိုက်မြိုက်မြိုက်ကြီး ရောက်သွားလောက်ပြီ။

စိတ်ထဲစွဲနေလို့လားမသိ။ ညတုန်းဆီက အိပ်မက်မက် ဖြစ်သည်။ ကိုကိုနှင့်အတူတူ အမျိုးသမီးတစ်ဦးကို တွဲပြီးတွေ့ရ သည်။ တွေ့ရသည်ဆိုသည်ထက် ကိုကိုနှင့် လက်ချင်းတွဲပြီး သူမဆီသို့လာသည်ဟု မြင်မက်သည်။

အိပ်မက်ထဲမှာ ဝမ်းနည်းပြီး ငိုယိုသည်။ ကိုယ့်ကိုရော၊



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးကိုပါ ရစရာမရှိအောင် ပြောဖြစ်သည်။

ထိုအမျိုးသမီးမှာ သဒ္ဒါချိုဟု စိတ်ထဲက သိနေပြန်၏။

အိပ်မက်က ခြောက်လှန့်နေသောကြောင့် စိုးရိမ်စိတ်တို့ ဝိုဝိုလာခဲ့သည်။ တကယ်များဖြစ်ခဲ့ရင်ဆိုသော အတွေးကြောင့် ဘယ်လိုမှ နေလို့ထိုင်လို့မရတော့ပေ။

နောက်ဆုံးမှာတော့ ထင်လင်းမောင်ရှိရာသို့သွားပြီး ရင်ဖွင့်လိုက်ရတော့သည်။

'နင် စိတ်စွဲလွန်းလို့ မက်တာမျိုးနေမှာပါ နေခြည်အေး ရယ်။ အဲဒီလောက်ကြီး စိုးရိမ်မနေပါနဲ့။ တကယ်ဖြစ်တာမှ မဟုတ်ဘဲဟာ'

ထင်လင်းမောင်ကတော့ သူမ ထိတ်လန့်နေပုံကိုကြည့် ပြီး ပြေရာပြေကြောင်း နှစ်သိမ့်သည်။

ထင်လင်းမောင်စကားကို နားမဝင်နိုင်။ စိုးရိမ်စိတ်က ကြီးထွားနေဆဲပင်။

'အိပ်မက်ထဲကအတိုင်း တကယ်ဖြစ်ခဲ့ရင်ရော ထင် လင်းမောင်'

ရုတ်တရက် အမေးခံရသောကြောင့် ထင်လင်းမောင် နှုတ်တို့ ဆွံ့အသွားလေသလား။ ဒါမှမဟုတ် တစ်စုံတစ်ခုကို ပြောဖို့ စဉ်းစားနေခြင်းများလား။

'ငါမေးတာကို နင်ဖြေပါဦး ထင်လင်းမောင်ရယ်'

'ကာယကံရှင်မဟုတ်ဘဲ ပြောတာမျိုးလည်း မဟုတ်





ဘူး နေခြည်အေး။ အဲဒီလောက်ထိ ကိုသတိုးဦးကို ငါ မတွေးရဲ တာ အမှန်ပဲ။ နင်ပြောသလို တကယ်ဖြစ်လာခဲ့တယ်ဆိုရင်တော့'

လိုရင်းရောက်အောင်ဆက်မပြောဘဲ တစ်ဝက်တစ်ပျက် မှာ ထင်လင်းမောင် ရပ်ထားလိုက်၏။

'ပြောလေ ထင်လင်းမောင်၊ တကယ်ဖြစ်လာခဲ့မယ်ဆို ရင် ဘာဖြစ်မလဲ၊ ပြောစမ်းပါဟာ··· စဉ်းစားကြည့်စမ်းပါ။ ငါ့အနားမှာ အကြံပေးနိုင်တာဆိုလို့ နင်တစ်ယောက်ပဲ အနီးဆုံး ရှိတာမဟုတ်လား'

'ငါပြောမယ် နေခြည်အေး၊ အဲဒီလို တကယ်ဖြစ်လာ ရင်တော့ နင့်ထက်ပိုပြီး သဒ္ဒါချိုဆိုတဲ့မိန်းမကို သူချစ်လို့ပဲ။ အဲဒီလိုဖြစ်ရင် ဒီလိုတွေးတာက သဘာဝအကျဆုံးကိစ္စပဲ'

ထင်လင်းမောင် တွေးလိုက်ပုံက တကယ့်ကို ထိထိ ရောက်ရောက် ဖြစ်နိုင်စွမ်း၏။

'ဟုတ်မယ်··· အဲဒီလိုသာဖြစ်ရင်တော့ ငါ ရင်ကျိုး ရမယ့်ကိန်းပဲ။ ငါ အရမ်းစိုးရိမ်တယ် ထင်လင်းမောင်။ အခု တောင် ပြောရင်းဆိုရင်း ငါထလိုက်သွားချင်တော့တယ်'

'ဖြစ်နိုင်ဖို့ အရမ်းနည်းပါတယ် နေခြည်အေးရာ။ နင့် ကို သူလည်း ချစ်တာ ငါအသိပဲ။ ဖြစ်ခဲ့ရင် ငါတွေးလိုက်တဲ့ သဘောပဲ။ ငါ ဒီလိုပြောလိုက်လို့ နင့်အတွက် မြေပူရာကင်း မှောင့်သလိုမျိုးဖြစ်သွားပြီထင်တယ်'

'ကိုကို့ကို အဲဒီမိန်းမက တစ်ချိန်တုန်းက အရမ်းစွမ်းနိုး



www.burmeseclassic.com

www.burmeseclassic.com



နိုင်ခဲ့တာပဲ။ ကိုကို သူ့စိတ်ကို သုံနိုင်ပါ့မလား။ အဲဒီ မိန်းမကရော ကိုကို့ကိုပြန်တွေ့ပြီး မျက်နှာသာပေးရင် ကိုကို ခံနိုင်ရည်ရှိပါ့မလား'

'မဖြစ်သေးတာကို အဲဒီလိုမျိုး လျှောက်တွေးနေရင်နင်ပဲ စိတ်ပင်ပန်းပြီး ဒုက္ခရောက်မှာပေါ့ နေခြည်အေးရယ်'

သူမစိတ်တို့ အစိုးမရချင်တော့။

ကိုကိုတစ်ယောက် သဒ္ဒါချိုနှင့် လွတ်ကင်းပါစေ။ သဒ္ဒါချို၏ မာယာများကို လျစ်လျူရှုနိုင်ပါစေဟု ဆုတောင်းရုံသာရှိတော့သည်ပဲ။

✣ ✣ ✣



# အပိုင်း (သုံး)

www.burmeseclassic.com

www.burmeseclassic.com

## ၁၀

ပထမတစ်ရက်တော့ ကိုယ်လက်မအီမသာဖြစ်တာပဲဟု စိတ်မှာထင်ပြီး အလုပ်သွားဖြစ်သည်။ အလုပ်မှနေ အဆောင် ပြန်ရောက်တော့ ရင်တွေ အရမ်းတုန်ပြီး မောဟိုက်နေဖြစ်သည်။

'နေခြည်အေးကိုကြည့်ရတာ ဒီရက်ပိုင်းမှာ ချောင်ကျ သွားသလိုပဲ'

'အခုရော ဘာဖြစ်နေလဲ၊ ဆေးခန်းသွားပြမလား'

တစ်ဆောင်တည်းနေသူ မိန်းမဖော်များက စိုးရိမ်စိတ် ဖြင့် မေးစမ်းကြသည်။ စိတ်ထောင်းလို့ ကိုယ်ကြေတာကို သူမ ဘာသာ အသိဆုံးမို့ ဆေးခန်းမပြဖြစ်။ ဆေးသောက်ပြီး အိပ် ပစ်လိုက်သည်။

တစ်ရေးနိုးတော့ ကိုယ်ပူသည်။ အာခေါင်တွေခြောက် ပြီး ရင်ထဲမှာ တလှပ်လှပ်နှင့် ကောင်းကောင်းအိပ်မရတော့ပေ။





မနက်ခင်းမှာ ဘေးခန်းမှ မသီတာက တံခါးခေါက်ပြီး လှမ်းမေးသည်။

'နေခြည်အေး ဘာဖြစ်နေလဲ။ ညဘက်မှာလည်း ကောင်းကောင်းအိပ်မပျော်ဘူးထင်တယ်။ ကိုယ်သတိထားဖြစ်တာ သုံးလေးညမကတော့ဘူး'

'ဖျားပြီလို့ ထင်တာပဲ၊ ဒီနေ့တော့ အလုပ်သွားနိုင်မယ် မထင်ဘူး။ မသီတာပဲ ကုမ္ပဏီကို ဖုန်းလှမ်းဆက်ပြီး ခွင့်တိုင် ပေးပါနော်'

'ကိုယ်တွေပူနေပါလား နေခြည်အေးရယ်၊ အလုပ်သွား ရင်းနဲ့ ဆေးခန်းလိုက်ပို့ပေးမယ်လေ၊ မနက်ခင်းဖွင့်တတ်တဲ့ ဆေးခန်းတစ်ခုခုတော့ ရှိတန်ကောင်းပါရဲ့'

'ရပါတယ် မသီတာ၊ ဆေးသောက်ပြီး နားလိုက်ရင် သက်သာသွားမှာပါ'

အလုပ်မဆင်းနိုင်လောက်အောင် အိပ်ရာထဲလဲပြီး စိတ် ထောင်းကိုယ်ကြေဖြစ်ရတော့သည်။ ဒါတွေကို ကိုကိုတစ်ယောက် သိမည်မထင်။

ကိုကို့မေမေဆုံးတာ ခြောက်ရက်မြောက်သွားပြီဟု ပြက္ခဒိန်ကို လှမ်းကြည့်ရင်း တွေးမိပြန်သည်။

သဒ္ဓါချိန်နှင့်တွေ့ပြီး သူမအား မေ့နေပြီလားဟု အချိန် တိုင်း မှုယန်စိတ်က လူကို ဒုက္ခပေးလေပြီ။

တစ်ဆောင်လုံးမှာ အသံတွေ တဖြည်းဖြည်း ငြိမ်ကျ

www.burmeseclassic.com



သွားသည်။ သူမတစ်ယောက်တည်းလိုလို ရှိနေတာကို သတိထားဖြစ်တော့ အားငယ်စိတ်ဝင်မိပြန်သည်။

သောက်ထားသော ဆေးအရှိန်ကြောင့်လား၊ အိပ်ရေးပျက်တာများလားလို့ မသိ။ မေးခနဲ အိပ်ပျော်သွားခဲ့သည်။

အချိန်တော်တော်ကြာ အိပ်ပျော်သွားဟန်တူသည်။ သူမနိုးလာတော့ နေ့လယ်နှစ်နာရီထိုးနေပြီ။ သေသေချာချာသတိထားဖြစ်တော့မှ တစ်စုံတစ်ယောက်က သူမ အိပ်ပျော်နေခြင်းအား လာနှိုးနေတာပဲဟု သိလိုက်ရသည်။

'နေခြည်အေး… နိုးပြီလား၊ အောက်မှာ ဧည့်သည်ရောက်နေတယ်'

အဆောင်ပိုင်ရှင်အဒေါ်ကြီး၏အသံမှန်း သိသည်နှင့် 'နိုးနေပြီ အဒေါ်ရေ'ဟု အသံပြုလိုက်သည်။ သူမအသံမှာ တိုးနေမှန်း သတိထားဖြစ်သည်။ ဧည့်သည်ဆိုသောကြောင့် ကိုကို့အား ပြေးမြင်ဖြစ်သည်။ သူမ နေမကောင်း၍ ခွင့်ယူထားမှန်းသိသောကြောင့် အဆောင်သို့ ကိုကို လိုက်လာလေသလားဟူသော မျှော်လင့်စိတ်ဖြင့် အားယူပြီးထသည်။

ခုတင်ပေါ်မှ အထမှာပင် ခေါင်းထဲမှာ ချာချာလည်နေ၏။

ကိုင်စရာကို အားပြုရင်း ထသည်။ ဒယီးဒယိုင်ဖြစ်နေသော်လည်း အောက်ကိုရောက်ချင်ဇောဖြင့် မာန်တင်းဖြစ်သည်။

အမြင်မှာလည်း ဝေဝေဝါးဝါး။ ပတ်ဝန်းကျင်ကို သဲကွဲ





စွာမမြင်ရတော့ပေ။

'နေခြည်အေး သတိထားပြီးဆင်း'

သူမရှိရာသို့ ပြေးလာသော သဏ္ဍာန်ကို ရိပ်ခနဲမြင်သည်။ လှမ်းသတိပေးသံကို ကြားရသည်။

ကိုကိုမဟုတ်ဘဲ ထင်လင်းမောင်ဆိုတာကိုသာ သိလိုက်ရသည်။ ဒီနောက်ပိုင်း အဖြစ်အပျက်များကိုတော့ ဘာဆိုဘာမှ မသိလိုက်တော့ပေ။

✢ ✢ ✢

သူမ သတိပြန်ရချိန်မှာတော့ သူမ လက်မှာ ပိုက်တန်းလန်းနှင့် ဆေးသွင်းထားတာကို ပထမဆုံးမြင်သည်။ ပတ်ဝန်းကျင်ကို ငဲ့ကြည့်ဖြစ်သည်။ ဆေးရုံ၊ ဆေးခန်းပေါ်ရောက်နေတာ မဟုတ်မှန်း ချက်ချင်းသိသည်။

ပြတင်းမှတစ်ဆင့် ဝင်လာသော အလင်းတန်းကိုပင် ကြာကြာအာရုံစိုက်လို့မရမှန်း သိလိုက်သည်။

သူမ လဲလျောင်းနေရာ ခုတင်ဆီသို့ လျှောက်လာသော ခြေသံသဲ့သဲ့ကို ကြားရသည်။

'မလှုပ်နဲ့လေ နေခြည်အေး'

သူမ သတိမလစ်ခင် ထင်လင်းမောင်အား နောက်ဆုံးမြင်တွေ့တာကို အမှတ်ရသည်။ လှေကားပေါ်မှအဆင်း ထင်လင်းမောင်၏ ရင်ခွင်ထဲမှာ မေ့မျောသွားဟန်တူသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပဲ ဖြစ်နိုင်ခြေအရှိဆုံးဟု ဆက်စပ်စဉ်းစားလို့ရ၏။

သူမ လဲလျောင်းနေသော ခုတင်နှင့် အသုံးအဆောင်ပစ္စည်းများက ဆေးရုံ၊ ဆေးခန်းနှင့် လုံးဝမပတ်သက်တာ သေချာ၏။

'ငါ ဘယ်ကနေ ဘယ်လိုဖြစ်ပြီး ဘယ်ကိုရောက်နေတာလဲ ထင်လင်းမောင်'

'နင့်ကုမ္ပဏီကို ဆယ်နာရီလောက်က ဖုန်းဆက်ကြည့်တော့ နင် နေမကောင်းလို့ အလုပ်မလာဘူးဆိုတာ သိတယ်။ ငါ့အလုပ်တွေ ပြီးအောင်လုပ်ပြီး နင့်အဆောင်ကိုလာခဲ့တယ်။ ငါ့ကိုတွေ့ဖို့ ဆင်းလာတုန်း လှေကားမှာပဲ နင် မူးလဲသွားတာ။ ငါအရောက်မြန်လို့ နင်သက်သာတာ၊ မတွေးဝံ့စရာပဲ နေခြည်အေးရယ်'

'ငါရောက်နေတဲ့ နေရာကရော'

'ငါ့တိုက်ခန်းပဲလေ နေခြည်အေး'

ထင်လင်းမောင် တစ်ယောက်တည်း ငှားနေသော တိုက်ခန်းကို သူမ ရောက်ဖူးသော်လည်း အိပ်ခန်းထဲကိုတော့ တစ်ခါမှ ဝင်မကြည့်တာလည်း ပါမည်။ ဒီအခန်းကိုလည်း ကိုကို့မိတ်ဆွေတစ်ယောက်ဆီမှနေပြီး ကိုကိုက ထင်လင်းမောင်အတွက် ငှားပေးထားခြင်းဖြစ်သည်။

ကိုကိုကလည်း သူမကို ယောကျ်ားလေးဆောင်မှာပဲ အခန်းငှားနေ၏။





'ငါ ဘာဖြစ်တာလဲ ထင်လင်းမောင်'

လူနာများနှင့် အကျွမ်းတဝင်ရှိသော ထင်လင်းမောင်အား မေးစမ်းဖြစ်သည်။ သူမ ဘာရောဂါဖြစ်နေသည်ကို ထင်လင်းမောင်က ရေရေရာရာသိနိုင်သည်ပဲ။

'နင် အိပ်ပျက်တာများတာရယ်၊ အရမ်းတွေးပူပြီး စိတ်ပင်ပန်းခံလွန်းလို့ ဖြစ်တာပဲ။ နင် သွေးပေါင်တွေ အရမ်းကျနေတာပဲ နေခြည်အေး။ ငါလည်း တတ်နိုင်သလောက်တော့ အခန်းကိုခေါ်လာပြီး အားချင်းကုပါတယ်။ ပိုသေချာအောင်ဆိုပြီး ငါ့မိတ်ဆွေ ဆရာဝန်ကိုပါ ခေါ်လိုက်တယ်။ စောစောက နင် တစ်ယောက်တည်းဖြစ်နေတာ ပြန်လိုက်ပို့ပေးနေလို့ပဲ'

ထင်လင်းမောင် ရှင်းပြနေဆဲမှာပင် အိပ်ခန်းအတွင်းသို့ ဆေးဖက်ဝန်ထမ်းဝတ်စုံ ဝတ်ထားသော အမျိုးသမီးငယ်တစ်ယောက် ဝင်လာ၏။

'ကြက်စွပ်ပြုတ်ဝယ်လာပြီး အဆင်သင့်နွေးထားတယ် ဆရာ၊ ဆေးတိုက်ချိန်ရောက်ရင် တိုက်ဖို့ရော အိုဗာတင်းဖျော်ဖို့ရော ရေနွေးလည်းအဆင်သင့်ပါပဲ ဆရာ'

'ဒါဆို ဆရာ အလုပ်ကို ပြန်မသွားတော့ဘူး။ သီသီပဲ ပြန်လိုက်တော့။ ညနေပိုင်းရောက်ရင် ဒေါ်ဖွားမေကို ဒီမှာ ညလာအိပ်ပေးဖို့ ပြောလိုက်နော်။ သီသီက နေ့ပိုင်း၊ ဒေါ်ဖွားမေက ညပိုင်း တာဝန်ယူရမယ်။ လူနာကို တစ်ပတ်လောက် နားအားနေနေ နေဖို့ ဆရာဝန် မှာသွားတယ်'



www.burmeseclassic.com

www.burmeseclassic.com



သီသီဆိုသော အမျိုးသမီးလေးအား ဆက်ရှင်းပြသော ဆေးပညာဆိုင်ရာ ဝေါဟာရများကိုတော့ သူမ ကောင်းကောင်း နားလည်နိုင်စွမ်းမရှိပေ။ အမျိုးသမီးလေး ပြန်သွားတော့မှ ထင် လင်းမောင်အား မေးဖြစ်လိုက်သည်။

'ဒါဆို ငါက အဆောင်မပြန်၊ အလုပ်မဆင်းရဘဲ ခုမှ ရက်လောက် ဒီမှာပဲနေရတော့မယ့်သဘောလား ထင်လင်းမောင်'

'ဆရာဝန် ညွှန်ကြားတဲ့အတိုင်း နင် လိုက်နာမှဖြစ်မယ်။ နင်ဖြစ်တာက စိတ်ကြောင့်ဖြစ်တာ။ နင့်ကို ဆေးထိုး ဆေးသွင်း ပြီး ပြန်လွှတ်လို့မဖြစ်ဘူး။ နင်တစ်ယောက်တည်း ငါ စိတ်မချ ဘူး နေခြည်အေး။ တစ်ပတ်မဟုတ်တောင် ငါးရက်လောက်တော့ ငါ့ရဲ့ အပြုစုအောက်မှာ နင်ရှိနေမှဖြစ်မယ်။ နေ့ပိုင်းမှာ သီသီ ရှိမယ်။ ငါလည်းရှိရင်ရှိမယ်။ ညပိုင်းမှာ ဒေါ်ဖွားမေ အဖော် အဖြစ် လာအိပ်ပေးမယ်'

'ငါ့ကြောင့် နင်ရော ဒီပြင်လူတွေပါ အလကား အလုပ် ရှုပ်ပြီး ပင်ပန်းကြတော့မှာပဲ'

ကိုယ့်ကိုယ့်ကိုယ် ဂရုမစိုက်ဘဲ ပေတေနေခဲ့သော ကြောင့် လူမမာလုံးလုံးဖြစ်နေရပြီပဲ။

'ငါ ရန်ကုန်ရှိမနေရင်တော့ တစ်မျိုးပေါ့ နေခြည်အေး ငါ ရှိနေပါလျက်နဲ့ နင့်ကို လက်လွှတ်စပယ် ပစ်မထားနိုင်ဘူး ဆေးထိုး ဆေးသွင်းရုံနဲ့ မပြီးဘူး။ နင့်စိတ်တွေ ဘာဖြစ်နေလဲ ဆိုတာကို ငါ အသိဆုံးပဲ'





'တကယ်ဆိုရင် သူ ကုမ္ပဏီကို ဖုန်းလေး ဘာလေး လှမ်းဆက်သင့်တယ်။ သူဆက်ရင် ငါ နေမကောင်းဖြစ်တာကို သိမှာပဲ။ ဒါဆို နင့်အလုပ်ကို သူဖုန်းဆက်မှာ။ နင်မရှိတဲ့အခါ ငါ့အနေအထားကို ပြောပြဖို့တော့ နင်မှာထားဦးနော်'

'အခုချိန်မှာ နင် ဘာမှမတွေးတာ အကောင်းဆုံးပဲ နေခြည်အေး။ တစ်ရက် နှစ်ရက်နေရင် နှင့်နှလုံးကို အီးစီဂျီ ရိုက်ကြည့်မယ်လို့ ဆရာဝန်က ပြောတယ်။ နင် နေမြန်မြန် ကောင်းအောင် ငါ့ပြောစကားကို နားထောင်။ သူ့ခမျာလည်း အပူနဲ့ ရင်ဆိုင်နေရတာလေ။ ကိစ္စတွေပြီးရင် နင့်ဆီကို ပြန်မလာ ဘဲနေပါ့မလားဟာ'

ထင်လင်းမောင်စကားတွေကို နားထောင်ရင်းကပင် သူမမျက်ခွံတို့ လေးလံလာတာကို သတိထားဖြစ်၏။

စိတ်ကို အတတ်နိုင်ဆုံး ငြိမ်အောင်ထားပေမယ့် ကိုကို့ မျက်နှာကိုပဲ မြင်ယောင်နေဖြစ်ပြန်သည်လေ။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

## ၂။

သူမနှလုံးကို အီးစီဂျီရိုက်ကြည့်တော့ စက္ကူလေးပေါ်က မျဉ်းကွေးလေးတွေကိုသာ မြင်ရသည်။ ဘာဖြစ်သည်ကိုတော့ ရေ ... ာရာမသိ• စိုးရိမ်စရာမရှိပါဘူးဟုသာ ထင်လင်းမောင် ပြောသည်။

သူမအဖို့မှာလည်း ရောဂါဝေဒနာနှင့် ပတ်သက်ပြီး သိပ်ပြီးတော့ အပူပင် အကြောင့်ကြမရှိပေ။

တစ်နယ်တစ်ကျေးမှာ သဒ္ဒါချိုနှင့်တွေ့နိုင်သော ကိုထင်အတွက်သာ ပူပန်ဖြစ်းသည်။ ဘာလိုလိုနှင့် ထင်လင်းမောင်ဆီမှာနေတာ နှစ်ရက်တောင်ပြည့်တော့မည်ပဲ။

ဆေးသွင်းတာတွေ ဖြုတ်ပစ်လိုက်ကတည်းက စိတ်ထဲမှာ များစွာလွတ်လပ်မှုရှိသွားသည်။ ထင်လင်းမောင်မရှိသည့် အခါများမှာတော့ မလာမှန်းသိနေပါလျက် ဝရန်တာထွက်ပြီး မျှော်တတ်သေး၏။





'နှင့်ကို အဖတ်စားလို့ရလို့ မြူစွမ်နဲ့ ကြက်သားပြုတ်ပေးထားတာ၊ မနက်က တို့ကနန်း ဆိတ်ကနန်းပဲစားတယ်ဆို နေခြည်အေး'

အငွေ့တွေထွက်နေသော ပန်းကန်ကြီးကို ယူလာပေးပြီး ထင်လင်းမောင် ဆူတော့သည်။ ထင်လင်းမောင်ကို မြင်နေတွေ့နေရတော့ နည်းနည်းအားရှိသလိုလို ခံစားရသည်။ ထင်လင်းမောင်ကလည်း သူမအရိုပ်အခြည်ကို အသေအချာစောင့်ကြည့်ပြီး ယုယလွန်းအားကြီးသည်။

'နေကောင်းချင်လာလို့လားမသိဘူး။ ငါ ခံတွင်းမတွေ့ဘူးဖြစ်နေတယ်။ ငါ့ခံတွင်းက ချဉ်ချဉ်ငံငံ၊ စပ်စပ်တွေကိုပဲတောင့်တမိတယ် ထင်လင်းမောင်'

'နှင်က လုံးလုံးကောင်းသေးတာမဟုတ်ဘူး နေခြည်အေး။ နှင် အားရှိလာအောင် စားလိုက်ပါ။ ငါကိုယ်တိုင် တိုက်မယ်'

အတင်းငြင်းနေရင်လည်း တုတ်နှင့်ရိုက်ပြီး ကျွေးမည့်ပုံစံပေါက်နေ၏။

'အေးပါ ... နှင်ကျေနပ်အောင် ကြိတ်မှိတ်ပြီးစားပါ့မယ် ထင်လင်းမောင်ရယ်'

'များများစားပါ နေခြည်အေးရယ်၊ ဒါမှ နှင် အားပြန်ပြည့်လာမယ်။ မနက်ဖြန်ဆိုရင် နှင် ထမင်းစားလို့ရပြီ။ ငါကိုယ်တိုင် နှင် ခံတွင်းတွေ့အောင်ချက်ကျွေးမယ်၊ သိလား'



www.burmeseclassic.com

www.burmeseclassic.com



နည်းအမျိုးမျိုးသုံးပြီး ထင်လင်းမောင် ကျွေးတော့သည်။ သူမသဘောနှင့် သူမဆိုရင်တော့ တစ်ဇွန်းနှစ်ဇွန်းသောက်ပြီး ပစ်ထားလိုက်မှာ သေချာ၏။

'တော်ပြီ ထင်လင်းမောင်၊ ပန်းကန်တစ်ဝက်ကျိုးသွားပြီပဲ'

'အချိုတည်းတဲ့အနေနဲ့ အချိုရည်လေး တစ်ကျိုက်နှစ်ကျိုက်သောက်၊ ပန်းသီးလေးနှစ်စိတ်လောက် စားလိုက်ပါဦးလား နေခြည်အေး'

လှုနှာတွေပြုစုတာရော၊ စိတ်ရှည်တတ်တာရော ကြားဖူးနားဝရှိထားဖူးသည်။ သူမ နာမကျန်းဖြစ်တော့ အများထက်ပိုပြီး ထင်လင်းမောင် စိတ်ရှည်ရှည်ပြုစုတာ၊ အဆန်းတကြယ်တော့ မဟုတ်ပါလေ။

'ရက်လည်ပြီးတာတောင် ကိုကိုက ဘာလို့ ပြန်ရောက်မလာသေးတာလဲ ထင်လင်းမောင်ရယ်'

'နင်ကလည်း မေ့လည်းခဏတဖြုတ်ပဲ။ နင့်စိတ်ကနောက်ဆုံးတော့ ဒီဘူတာပဲ ပြန်ပြန်ဆိုက်တာပါပဲလား နေခြည်အေးရယ်။ ကလေးဆိုရင်လည်း ရိုက်နှက်ဆုံးမရအလွယ်သား'

အခုချိန်မှာ ကိုကိုနှင့်ပတ်သက်ပြီး ပူပင်သောကဖြစ်တာတွေကို ထင်လင်းမောင် မကြိုက်မှန်းသိသည်။ ဒါပေမဲ့ ပြောပြစရာလူဆိုလို့ ထင်လင်းမောင်တစ်ယောက်သာရှိသည်မဟုတ်လား။





သူမအနားမှာ စောင့်ရှောက်ဖို့ထားပေးသော သူများမှာ
မိန်းမချင်းဆိုပေမယ့် အကျွမ်းတဝင်မဖြစ်တော့ ပြောပြလို့ကောင်းပေ။

'ငါ့မှာ ပြောပြစရာလူဆိုလို့ နင်ပဲရှိတာ။ စိတ်ထဲမှာ
ကြိတ်ပြီး တောင်တွေး မြောက်တွေးလုပ်တာထက်စာရင် နင်နဲ့ပြောရဆိုရတော့ စိတ်သက်သာရာရတာပေါ့ ထင်လင်းမောင်'

'ကံ၊ စိတ်၊ ဥတု၊ အာဟာရ မညီညွတ်လို့ ရောဂါဘယ
ဖြစ်ရတယ်ဆိုတာ စိတ်ကြောင့်ပဲ ရောဂါဖြစ်တာ အများဆုံးပဲနေခြည်အေး။ ကိုယ့်စိတ်ကိုယ် တည်ငြိမ်အောင် ဗျာပါဒမဖြစ်အောင် နှလုံးသွင်းပြီးနေစမ်းပါ'

'အေးပါဟယ်… နည်းနည်းလောက်တော့ သတိရတဲ့
ခါ ပြောတာမျိုးပါပဲ'

'ရောဂါတော်တော်များများကို ဆေးထိုး၊ ဆေးသောက်
ာနဲ့ ပျောက်အောင်ကုလို့ရပေမယ့် စိတ်ကြောင့်ဖြစ်တဲ့ရောဂါ
ိုတော့ တော်တော်ကုရခက်တယ်ဟာ'

'ဘာလဲ… နင့်က ငါ့ကို စိတ်မရှည်ချင်တဲ့ အရိပ်
ကွဏာပြတာလား ထင်လင်းမောင်။ ဒါဆိုလည်း ငါ့ကို
ဆောင်ပြန်ပို့ပေး'

'အေး… ပို့မယ်ပို့ရင်တော့ အဆောင်ပြန်မပို့တော့ဘူး
ခြည်အေး။ အရမ်းပြောမကောင်း ဆိုမကောင်းဖြစ်လာရင်တော့
ကို နင့်မိဘတွေဆီ ပြန်ပို့ပေးမှာ သိလား'

www.burmeseclassic.com

www.burmeseclassic.com



ထင်လင်းမောင်ပြောလိုက်သောစကားကြောင့် လန့်သွားမိသည်။

‘ငါ နေမကောင်းဖြစ်ပြီး အိပ်ရာထဲလဲတာကို သတင်းပို့လိုက်ပြီလား ထင်လင်းမောင်’

‘ပြောမရ ဆိုမရဘူးလို့ ငါဆုံးဖြတ်မိတဲ့နေ့မှာတော့ လှမ်းပြီးအကြောင်းကြားရလိမ့်မယ် နေခြည်အေး’

မေမေတို့ လိုက်လာဖြစ်ကြရင်တော့ သူမကို အတင်းပြန်ခေါ်သွားကြမှာ သေချာသည်။ အခုချိန်ခါမျိုးမှာ ရန်ကုန်မှာ သူမ မရှိလို့ မဖြစ်ပေ။ ကိုကို့အား မျက်ခြေမပြတ် စောင့်ကြည့်နေရမည့် အရေးပေါ်ကာလဖြစ်နေ၏။

‘နင့်စကားကို ငါနားထောင်ပါ့မယ် ထင်လင်းမောင်ရယ်’

‘နင်တို့ ငါတို့အရွယ်က ငယ်တော့တာမဟုတ်ဘူး သစ်ရွက်လှုပ်တာ၊ လေတိုက်တာမြင်တိုင်း စိတ်ကစားစရာအရွယ်မဟုတ်ဘူး။ နင်တတ်ထားတဲ့ပညာ၊ နင်သိထားတဲ့ အသိတွေနဲ့တော့ ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်ဦးမှပေါ့။ အစွန်းရောက်သွားရင် ဘယ်အရာမဆို ဒုက္ခတွေ့စေတတ်တာပဲ။ တကယ်ဖြစ်လာသေးတာလည်း မဟုတ်ဘဲနဲ့ နင့်စိတ်က ပျော့ညံ့လွန်းအားကြီးတယ်’

ထင်လင်းမောင် ပြောတာတွေက ဟုတ်သင့်သလောက်ဟုတ်သည်။ ဒီလိုသိတာကတခြား၊ ကိုကို့အတွက် ပူပန်ကြောင့်ကြရတာ တခြားဖြစ်၏။ ကိုကိုနှင့် မြန်မြန်တွေ့ချင်လှပြီ။ သိချင်



တာတွေမေးပြီး နောက်ဆံတင်းရသည့် ရင်အမောကို အဆုံးသတ်စေချင်တော့၏။

+ + +

ဆေးတိုက်တာကအစ အအိပ်အနေ အစားအသောက်အဆုံး ကလေးလေးတစ်ယောက်လို သဘောထားပြီး သူမအပေါ် ယုယရှာလွန်းသည်။

အကယ်၍များ အခုလို အခြေအနေမျိုးကို သူမ တစ်ယောက်တည်းသာ ရင်ဆိုင်ရမည်ဆိုပါက ဘယ်လိုအကျိုးဆက်တွေ ဖြစ်လာမည်ကို မတွေးရဲ။

‘ဆေးတွေသာ တိုက်နေရတယ်။ နင့်စိတ်တွေက အဆိုးမရှုဖြစ်နေတော့ ထင်သလောက် အာနိသင်ဖြစ်မှာမဟုတ်ဘူး’

‘ဖြစ်လို့ပဲ တစ်ရက်ထက်တစ်ရက် ငါသက်သာလာပြီ မဟုတ်လား ထင်လင်းမောင်’

‘ကဲ… အခုပဲကြည့်၊ ဘယ်အချိန်ရှိနေပြီလဲ။ ဒေါ်ဖွားမေတောင် နင့်ကိုစောင့်ရင်းကပဲ အိပ်ပျော်သွားပြီ။ နင်က အခုချိန်ထိ မအိပ်နိုင်သေးဘဲ ဘာလုပ်နေတာတုန်း နေခြည်အေး’

‘သီချင်းနားထောင်နေတာလေ’

ထင်လင်းမောင်တစ်ယောက် အလုပ်တွေကပင်ပန်း။ ဒီကြားထဲ သူမကို ပြုစုစောင့်ရှောက်ရတာကြောင့် အရမ်းပင်ပန်းပြီး အိပ်ပျော်လောက်ပြီ အထင်ရှိ၍ ဒေါ်ဖွားမေအား သီချင်းတိုးတိုးလေး ဖွင့်ခိုင်းမိသည်။

www.burmeseclassic.com

www.burmeseclassic.com



'နင် အိပ်မပျော်ဘူးဆိုရင် ငယ်ငယ်တုန်းကလိုပဲ ပဒုမ္မဒေဝီအကြောင်းပြောပြီး ငါ ချော့သိပ်ရမလား နေခြည်အေး'

'တိုက်ဆိုင်လိုက်တာဟယ်… ပဒုမ္မဒေဝီအကြောင်း နင်ပြောလိုက်မှ စန္ဒကိန္နရီသီချင်းက လာတော့တယ်။ ငါတို့ နှစ်ယောက်စလုံး အတူတူနားထောင်လိုက်ကြရအောင်'

'စန္ဒကိန္နရီ'သီချင်းက ဂန္ဓဝင်ခေတ်ဟောင်းတေးတစ်ပုဒ်။ သူမတို့ငယ်စဉ်အခါကပင် ဒီသီချင်းကို ရိုးအီနေအောင် နယ်မှာ နားထောင်ခဲ့ရဖူးသည်။

တောတောင်စိမ့်စမ်း၊ ရေတံခွန်တွေကြားမှာ ကိန္နရာမောင်နှံ ချစ်တင်းအနှော တောလည်ထွက်တဲ့ ဘုရင်က ကိန္နရာမလေး၏အလှကို ရုတ်ခြည်းမက်မောသွားသည်။ လင်ကိုမြားနှင့်ခွင်း၊ ကိန္နရာမလေးဆီအသွား ကိန္နရာမလေးကတော့ သည်းခိုက်မတတ်ငိုကြွေး၏။

ဘုရင်က ချစ်ခင်စုံမက်ပြီး မိဖုရားအရာမြှောက်မည့်အကြောင်းပြောတော့ သူမ၏လင်တော်မောင်မှလွဲလို့ ဘယ်သူ့ကိုမှ မချစ်ခင် မစုံမက်နိုင်ကြောင်း သစ္စာဆိုလေတော့သည်။

တကယ်တော့ 'စန္ဒကိန္နရီ'မှာ အချစ်နှင့်သစ္စာဆိုတော့ လွမ်းမော မက်မောဖွယ်ရာ သီချင်းတစ်ပုဒ်ဖြစ်၏။ အဆိုအားအတီးအားမှာလည်း နှလုံးသားတွေကို ညှို့ယူထားနိုင်စွမ်းလည်း ရှိသည်။

'ဘာလဲ နေခြည်အေး၊ စန္ဒကိန္နရီဇာတ်ကို ခုတုံးလုပ်ပြီး နင် ရောဂါထဦးမလို့လား'





'နင် သေသေချာချာစဉ်းစားကြည့်စမ်း ထင်လင်းမောင်။ ကိန္နရာမလေးက ဘယ်လောက်အချစ်ကြီးပြီး သစ္စာရှိလိုက်လဲလို့'

ကိုကို့ကိုလည်း ကိန္နရာမလေးအချစ်ကဲ့သို့ တည်တံ့ခိုင်မြဲစေချင်တော့သည်။

'အေး… ငါ ပြောရဦးမယ် နေခြည်အေး။ လေးနဲ့ခွင်းတဲ့သူက ဘုရင်မဟုတ်ဘဲ မိဖုရားဖြစ်မယ်။ မြားမှန်ခံရတာကလည်း ကိန္နရာအဖိုမဟုတ်ဘဲ ကိန္နရာအမဖြစ်မယ်ဆိုရင် အဲဒီဇာတ်ဟာ ဘယ်လိုသိမ်းမယ်လို့ နင်ထင်လဲ နေခြည်အေး'

ထင်လင်းမောင်ကတော့ ရှာရှာဖွေဖွေပြောလေ၏။

'နင်ပဲ ပြောင်းပြန်လှန်ပြီး တွေးရတယ်လို့။ နင့်မှာ အဖြေရှိပြီးသားမဟုတ်လား။ နင်ပဲပြောပြတော့ ထင်လင်းမောင်'

'နင် သေသေချာချာမှတ်ထား နေခြည်အေး။ ကိန္နရာဖိုက ကိန္နရာမအတွက် မျက်ရည်တစ်စက်တောင်မကျဘဲ ကျိုးတိုးတိုး၊ ခွေးဆွဲဆွဲ ဒီတိုင်း ပစ်ထားခဲ့ပြီး မိဖုရားခေါ်တဲ့နောက်ကို ကောက်ကောက်ပါအောင် လိုက်သွားမှာ သေချာတယ်'

'ကြံကြံဖန်ဖန် ပြောတတ်လိုက်တာ ထင်လင်းမောင်ရယ်'ဟု ပြောဖြစ်ရင်း အူတက်အောင် ရယ်မောရသေး၏။

သူမ ရောဂါဝေဒနာ ပျောက်ကင်းအောင် ပြုစုပေးရုံမက စိတ်ပျော်အောင်လည်း ထင်လင်းမောင်တစ်ယောက် လုပ်ကြံဖန်တီးတတ်သည်ပဲ။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

## ၁၈

ကိုကို့မေမေဆုံးတာ ဆယ်ရက်ပြည့်သွားခဲ့ပြီ။ သူ
မှုးလဲခဲ့ပြီး ထင်လင်းမောင်အိမ်သို့ ရောက်လာလည်း လေးရ
တိတိရှိပြီ။ ကိုကိုက နေနိုင်လွန်းသည်။ သဒ္ဒါချိုနှင့် ပျော်မြူ
သူမကို မေ့လျော့ထားပြီလားမသိ။

ထင်လင်းမောင်၏ ယုယစောင့်ရှောက်မှုကြောင့် အဖေ
ပင် နာလံထခဲ့ပြီ။ သူမအတွက် ညဘက် အဖော်အဖြစ်ခေါ်ထ
ပေးသော ဒေါ်ဖွားမေကို ထင်လင်းမောင် မနိုးခင် ပြန်လွှတ်လို
သည်။

ဒေါ်ဖွားမေ ဝယ်ထားပေးသော စားစရာ သောက်
များကို ထင်လင်းမောင် နိုးလာရင် စားဖို့ ကိုယ်တိုင်ပြင်ဆ
ထားသည်။

ထင်လင်းမောင် သောက်ဖို့ ကော်ဖီဖျော်နေစဉ်မှာ
နောက်ဆီမှ ခြေသံသဲ့သဲ့ကြားရသည်။





'နင် အစောကြီးနိုးပြီး ဘာတွေလျှောက်လုပ်နေတာတုန်း
နေခြည်အေး'

'နင်သောက်ဖို့ ကော်ဖီဖျော်နေတာ။ အားလုံးအဆင်သင့်
ပဲ။ နင် မျက်နှာသစ်လိုက်။ အတူတူစားရ သောက်ရအောင်'

'နေပါဦး... ဒေါ်ဖွားမေက ဘယ်ရောက်သွားလို့လဲ'

'သူ့ကို ငါ ပြန်လွှတ်လိုက်တာ ထင်လင်းမောင်'

'ဒါတွေကို နင်ကိုယ်တိုင် ထွက်ဝယ်တာလား'

'ဒေါ်ဖွားမေ ဝယ်ပေးခဲ့တာပါဟာ၊ သွားပါ... ငါ
ဆာလှပြီ၊ လုပ်စရာရှိတာ နင် မြန်မြန်သွားလုပ်'

ထင်လင်းမောင် အလုပ်သွားခါနီးရင်တော့ သူမအတွက်
အဖော်ရရန် သီသီရောက်လာတော့မည်။

ထင်လင်းမောင်ရော ဒီပြင်လူတွေပါ အလုပ်ပိုနေရ
သည်။ အဆောင်ပြန်နေဖို့ ထင်လင်းမောင်အား ချော့မော့ပြော
ဖို့ စိတ်ကူးလိုက်သည်။

'ငါလည်း သက်သာနေပြီ ထင်လင်းမောင်၊ အဆောင်
ပြန်နေလိုက်တော့မယ်။ အလုပ်ဆင်းဖို့လည်း ရှိသေးတာမဟုတ်
လား'

မုန့်တီသုပ်စားပြီး၍ ကော်ဖီတစ်ငုံ ထင်လင်းမောင်
သောက်သည်။

'ကောင်းတာတော့ ဟုတ်ပြီ။ ဒီတစ်ရက်တော့ နင့်
အခြေအနေကို စောင့်ကြည့်ချင်သေးတယ်။ ညနေကျရင် ငါ့အသိ



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်လည်း တစ်ခေါက်လာကြည့်စရာရှိသေးတယ်။ မနက်ဖြန်ကျရင် ငါ ပြန်လိုက်ပို့ပေးမယ် နေခြည်အေး'

'ကိုကိုက နေနိုင်လွန်းတယ်ဟာ။ ဘာသတင်းအစအနမှ မကြားရဘူး။ ငါတို့နှစ်ယောက် လိုက်သွားကြရင် ကောင်းမလား ထင်လင်းမောင်'

သူမ အရိပ်အခြည်ကိုကြည့်ပြီး ထင်လင်းမောင် သက်ပြင်းချသည်။

'နင်က နေကောင်းစပဲရှိသေးတယ်။ သူ့မှာလည်း ကိစ္စတွေမပြတ်သေးလို့ နေမှာပါ။ လိုက်သွားလို့ လမ်းမှာလွဲမှာလည်း စိုးရသေးတယ်။ နောက်နှစ်ရက်လောက်စောင့်ကြည့်ကြတာပေါ့ နေခြည်အေး'

'နင့်မှာ ဘာစိတ်ကူးများရှိလို့လဲ'

'နောက်နှစ်ရက်စောင့်လို့မှ ပြန်မလာရင် ငါ တစ်ယောက်တည်း လိုက်သွားပေးမယ်။ နင်ကတော့ ဒီမှာပဲစောင့်နေပါ'

သီသီရောက်လာမှ ထင်လင်းမောင် အလုပ်သွားသည်။ သွားခါနီးစိတ်မချသောကြောင့် သီသီအား အသေအချာမှာသည်။

'ဆေးတိုက်ဖို့လည်း အချိန်မှန်ပစေ သီသီ။ ပြီးတော့ နေခြည်အေးကိုလည်း အသေအချာကြည့်။ အပြင်တွေဘာတွေ လုံးဝပေးမထွက်နဲ့နော်'

'စိတ်ချပါ ဆရာ'

'ငါလည်း စောစောပြန်လာခဲ့မယ် နေခြည်အေး၊ နင့်အတွက် ကြေးအိုးပါ ဝင်ဝယ်လာခဲ့မယ်'





ထင်လင်းမောင်တစ်ယောက် စိတ်ချလက်မချမသွားနိုင်။ သူမအတွက် ဂရုတစိုက်နှင့် နောက်ဆံတင်းနေရရှာသည်။

ထင်လင်းမောင် ထွက်သွားသည်နှင့် စန္ဒကူနံ့ရီသီချင်းကို ဖွင့်ပြီးနားထောင်သည်။ သီသီကတော့ မလှမ်းမကမ်းမှာ ထိုင်ပြီး မဂ္ဂဇင်းတစ်စောင် လှန်ဖတ်နေ၏။

'စိတ်မရှိနဲ့နော် မမနေခြည်အေး၊ သီသီ တစ်ခုလောက် မေးချင်လို့ပါ'

သုံးလေးရက်မက သီသီတစ်ယောက် မျိုသိပ်ထားဟန်တူသည်။ ဒေါ်ဖွားမေကတော့ လူကြီးမို့ ဘာဆိုဘာမှ စပ်စုခြင်းမရှိပေ။

သီသီကတော့ သူမနှင့် ထင်လင်းမောင်တို့၏ အနေအထားကို ဇဝေဇဝါဖြစ်နေပုံရသည်။

'မေးလေ သီသီ'

'တခြားမဟုတ်ပါဘူး မမ၊ ဆရာက မမကို အရမ်းဂရုစိုက်လွန်းတယ်။ မမတို့နှစ်ယောက်က မောင်နှမတွေတော်ကြလို့လားဟင်။ သီသီ ဒီလိုစပ်စုတာကို ဆရာ မသိပါစေနဲ့နော်'

'သွေးသားတော့ မတော်ကြပါဘူး။ ထင်လင်းမောင်နဲ့ မမက ငါးမိနှစ်ကြီး ငါးမိနှစ်ငယ်လေ။ မောင်နှမလို့ ပြောလို့လည်း ရတယ်။ သူငယ်ချင်းတွေလည်းဖြစ်တယ် သီသီ။ တခြားပတ်သက်ဆက်စပ်မှုတော့ မရှိပါဘူးကွယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဩော်'ဟု တအံ့တသြဟန်ပြုပြီး သီသီတစ်ယောက်တည်း ဘာတွေဆက်စဉ်းစားနေသည်မသိ။

သူမကတော့ အညောင်းဆန့်ချင်သောကြောင့် အိပ်ခန်းအတွင်းသို့ ဝင်လာဖြစ်သည်။

✣ ✣ ✣

သူမ ရေချိုးချင်သည်ဆိုတော့ သီသီက ချိုးတန်ကောင်းလေးဖြစ်အောင် ရေနွေးစပ်ပေးသည်။ ရေချိုးပြီး သနပ်ခါးလိမ်းဖို့အဆင်သင့်။ သူမ၏ဆံများကိုလည်း သီသီက စနစ်တကျဖြီးသင်ပေးသည်။

'တံခါးခေါက်သံထင်တယ် သီသီ။ ထင်လင်းမောင်အစောကြီးပြန်လာတာပဲနေမှာ'

သူမကိုထားခဲ့ပြီး သီသီ တံခါးထဖွင့်ပေးသည်။

ထင်လင်းမောင်၏ စကားကြောင့်ပင် အမြန်လှမ်းကြည့်ဖြစ်လိုက်၏။

'နှာလံထစ လူမမာအတွက် အကောင်းဆုံးအားဆေးပါလာတယ်ဟေ့'

'ကိုကို'ဟု လှမ်းဆွတ်စွာခေါ်လိုက်မိသည်။ ကရုဏာမျက်လုံးများဖြင့် သူမအနားသို့ ကိုကိုရောက်လာသည်။

ကိုကို့လက်မောင်းကို ညင်သာစွာကိုင်ရင်း မျက်ရည်မတတ် ဖြစ်မိပြန်သည်။





'ကိုကို ပြန်ရောက်လာပြီပဲ နေခြည်ရယ်'

သူမခေါင်းကို ဖြည်းညင်းစွာပွတ်သပ်ပြီး ကိုကို နှစ်သိမ့်သည်။ အလွမ်းပြေအောင် တစ်ဝကြီး ကိုကို့မျက်နှာအား မော်ကြည့်ဖြစ်သည်။

'ကဲ… နင်တို့ အေးအေးဆေးဆေး စကားပြောကြဦး။ သီသီ့ကိုလိုက်ပို့ပေးပြီး ဆရာဝန်ကို ဝင်ခေါ်လိုက်ဦးမယ်။ တကယ်ဆို ဆရာဝန်တောင် ခေါ်ဖို့မလိုတော့ဘူးထင်တယ်နော်'

ထင်လင်းမောင်ကတော့ နောက်နောက်ပြောင်ပြောင်တွေပြောပြီး အလိုက်တသိ ရှောင်ထွက်ပေးသွားသည်။

လူတွေမရှိသောအခါမှ ကိုကို့အား သိမ်းကျုံးပြီးဖက်ထားဖြစ်လိုက်သည်။

'လွမ်းလိုက်တာ ကိုကိုရယ်၊ ဒီထက်ပိုပြီး ရက်တွေကြာရင်တော့ နေခြည် သေလိမ့်မယ်ထင်တယ်'

'ရက်လည်ပြီးပြီးချင်း ကိုကိုလည်း ပြန်လာချင်တာပါပဲနေခြည်။ သိတဲ့အတိုင်းပဲ ပြန်ဖို့တော်တော်ခက်တယ်။ အလုပ်ကရှိနေတော့ သူတို့လည်း ခွဲမထားကြတော့တာ နေခြည် ဒီလိုဖြစ်မှန်းမသိတာလည်း ပါတာပေါ့။ သိရင်တော့ အားချင်းပြန်လာဖြစ်မှာပဲ'

ကိုကိုပြန်ရောက်လာတော့ သူမ၏ စိုးရိမ်ပူပန်မှုတွေကကြက်ပျောက်ငှက်ပျောက် ဖြစ်သွားကြသည်။

'ဒီည အဆောင်မပြန်နဲ့တော့နော်။ ဒီမှာပဲအိပ် မနက်



www.burmeseclassic.com

www.burmeseclassic.com



ကျရင် ထင်လင်းမောင်နဲ့ အတူတူ နေခြည့်ကို အဆောင်ပြန်လိုက်ပို့ပေးမယ်နော်'

ခရီးပန်းလာ၍လား၊ စိတ်မကောင်းစရာတွေ ကပ်ငြိပါလာလေသလားမသိ။ ကိုကိုတစ်ယောက် အရင်လို မသွက်လက်တာတော့ အမှန်ပင်။

'ဒီရက်ပိုင်းမှာ စိတ်ရော လူရော အရမ်းပန်းတာပဲ နေခြည်ရယ်။ ဒီပြန်ရောက်ရောက်ချင်းမှာ နေခြည် အိပ်ရာထဲလဲတယ်ဆိုတဲ့သတင်းကြားတော့ ရင်ဆို့သွားတာပဲ'

ကိုကို့မျက်နှာလေးလည်း အရင်လိုမဟုတ်ဘဲ ချောင်ကျသွားတာကို သတိထားဖြစ်သည်။

မိခင်တစ်ယောက်လုံး ဆုံးရှုံးသွားသော အပူဗျာပါဒတို့ကိုယ်ချင်းစာမိသည်။

'ကိုကိုနားချင်ရင် အိပ်ခန်းထဲဝင်နား၊ ဒါမှမဟုတ် ရေချိုးပြီး အဝတ်အစားလဲလိုက်ပါလား။ ဘာစားပြီးပြီလဲ။ ဒီမှာရှိတာလေးတွေကို ပြင်လိုက်မယ်လေ'

တကယ်တော့ သူမက လူမမာ။ ကိုကိုက လူကောင်း။

'နေခြည်ပဲ ငြိမ်ငြိမ်လေးနားနေပါ။ ကိုကို ရေချိုးလိုက်ဦးမယ်။ တစ်ညလုံး သင်္ဘောစီးလာရတာဆိုတော့ ငြီးစီစီကြီးဖြစ်နေလို့'

'ကိုကို ရေနွေးရှိတယ်၊ ရေနွေးစပ်ချိုးနော်၊ ပိုလန်းသွားတာပေါ့'





အခုအချိန်အထိတော့ သဒ္ဒါချိုနှင့်ပတ်သက်ပြီး ကိုကိုက ဘာမှမပြောသေးသလို သူမကလည်း အရေးတယူလုပ်ပြီး မမေးဖြစ်သော သူမဆီသို့ ကိုကို ပြန်ရောက်လာပြီဆိုတော့ ကျန်သည့်ကိစ္စတွေက တကယ့်ကို သေးသေးမွှားမွှားလေးတွေ ဖြစ်ကုန်တော့၏။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

## ၅။

ချစ်သူတွေကြားမှာ လွှမ်းစရာလေးတွေ ရှိရမည်။ ချစ်ရ သူနှင့်ပတ်သက်ပြီး အသေးအဖွဲလေးကအစ စိုးရိမ်ကြောင့်ကြ မှုလည်း ရှိတတ်ကြောင်းကို သိရှိနားလည်ခဲ့သည်။

ကိုကို့မျက်နှာကို မြင်ရ၍ အရာရာသည် ရှင်လန်း ဝမ်းမြောက်ဖွယ်ရာပင်။ နှစ်ကိုယ်ကြားမှာ ကြားလေသွေး၍ မဝေးတော့ပြီဟု ရဲရဲယုံကြည်ဖြစ်သည်။

သူမဘက်က တက်ကြွရှင်လန်းနေသလောက် ကိုကို ကတော့ နယ်မှပြန်ရောက်လာပြီး တစ်နေ့ထက်တစ်နေ့ ရှင်ရှင် ပျပျမရှိ။ အလုပ်ထဲမှာဆိုရင် အမြဲလိုလို ရယ်ရယ်ပြုံးပြုံးနှင့် ဖော်ရွေတတ်သူ။ ကိုကို့အပြုံးတွေက မှေးမှိန်သွားသလား မပြော တတ်။





ကိုကိုတစ်ယောက် အလုပ်ထဲမှာပင် စိတ်မပါလေ လား။ ထုံထုံထိုင်းထိုင်းဖြစ်နေလွန်းသော ကိုကို့အမူအရာများ ဘဝင်မကျချင်စရာကောင်းသည်။

'ကိုကို'

သူမအနားရောက်လာတာကို တကယ်မသိသလိုနေ တတ်တာမျိုးလား။ သူမခေါ်သံကပင် တီးတိုးနိုင်လွန်းနေသလား။

'နေခြည်ခေါ်နေတာ မကြားဘူးလား ကိုကို'

ကိုကို နယ်မှပြန်ရောက်ပြီး အလုပ်အတူတူဆင်းဖြစ်တာ ရက်သာရှိသေး၏။

'ဪ...'

အသံမြှင့်ပြီး ခေါ်သံကြောင့်ပင်။ ကိုကို့ကိုယ်လေး တွန့် ဖြစ်သွားသည်။

'ဘာတွေများတွေးနေတာလဲ ကိုကို၊ နေခြည် သတိထား တယ်။ ကိုကို့နေပုံထိုင်ပုံက အရင်နဲ့ ဘာမှမဆိုင်သလိုမျိုးပဲ'

'ဒီရက်ပိုင်းတွေမှာ မေမေ့မျက်နှာကိုပဲ မြင်နေဖြစ်တယ်။ မေ့အကြောင်းကိုပဲ တွေးနေဖြစ်တယ်။ မေမေ မသေခင် ကို့ကို အရမ်းတွေ့ချင်တာပဲလို့ တဖွဖွပြောရှာတယ် နေခြည်။ က်ထွက်သွားပေမယ့် ကိုကို့မျက်နှာကို မေမေ မမြင်သွား ဘူး နေခြည်ရာ'

ဆွေးမြေ့ကြေကွဲဖွယ်ကောင်းသော စကားသံက သူမ သုံးသားရှိရာသို့ ဖြတ်ပြီး စီးဆင်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့အတွက် မေတ္တာအဆောက်အဦကြီးတစ်ခု ပြိုကျ
ခြင်းပဲ။ ဒီဘဝမှာ အစားထိုးလို့မရသော ဆုံးရှုံးမှုကြီးဟု ကို
ချင်းစာမိသည်။

'စိတ်မကောင်းဖြစ်တာလည်း ဖြစ်ပေါ့ ကိုကိုရယ်
ကိုကို့အနားမှာ နေခြည်တစ်ယောက်လုံး ရှိနေသေးတာပဲ။ နေ
ထိုင်လို့ ကောင်းရောကောင်းရဲ့လား'

ကိုကို့နှဖူးကို တယုတယစမ်းဖြစ်သည်။

'နေကောင်းပါတယ် နေခြည်၊ စိတ်ကသာ ဖြေ
လို့မရ ဖြစ်နေတာပါ'

'ထင်လင်းမောင်နဲ့ တိုင်ပင်ပြီး ဆရာဝန်ပြကြည့်လို
ပါလား ကိုကို'

'ရပါတယ် နေခြည်၊ ခဏတဖြုတ် သဘောလော
ပဲ။ ကပါလေ... နေခြည့်ကို တစ်ခုခုလိုက်ကျွေးမယ်'

ပထမတော့ ထင်လင်းမောင်အား ဖုန်းဆက်ပြီးလှမ်း
ရင် ကောင်းမလားဟု စိတ်ကူးဖြစ်သေး၏။

သူမတို့နှစ်ယောက်တည်း သွားချင်သည်မို့ မခေါ်
တော့ပြန်။

'ခံတွင်းမတွေ့တာလား ကိုကို၊ သေချာပါတယ်၊ အ
မဖြစ်ခင် ဆရာဝန်နဲ့ပြရင်ကောင်းမယ်'

'မစိုးရိမ်ပါနဲ့ နေခြည်ရယ်။ ကိုကိုက အလတ်ကြီး
သေးတယ်'





'စိုးရိမ်ရတာပေါ့၊ နေခြည်ဘဝမှာ ပြေးကြည့်မှ ကိုကို
တစ်ယောက်ပဲရှိတဲ့ဥစ္စာ'

သူမ မျက်စောင်းကြောင့် ကိုကို ပြုံးသည်။ ဒီလို
အရယ်အပြုံးတွေကို အမြဲတမ်းမြင်ချင် တွေ့ချင်သူပါလေ။

'ကိုထင်လင်းမောင်က နေခြည်အတွက် တကယ့်အဖော်
ကောင်းတစ်ယောက်ပဲ၊ သူလည်း အနားမှာမရှိ၊ ကိုကိုကလည်း
အဝေးရောက်နေဆိုတော့ မတွေးဝံ့စရာပါပဲကွာ'

'အဲဒါ ကိုကို့ကို လွမ်းတဲ့စိတ်၊ ပူပန်ကြောင့်ကြရတဲ့စိတ်
ကြောင့် အိပ်ရာထဲလဲတာ သိလား'

'လွမ်းတာကတော့ ဟုတ်ပါပြီ။ ဘာအတွက်များ ပူပန်
ကြောင့်ကြရတာလဲ နေခြည်'

ပြန်ရောက်လာကတည်းက သဒ္ဒါချိုအကြောင်းကို
စကားမဟဖြစ်။ အခုတော့ တိုက်ဆိုင်လာ၍ ပြောရမည်ဟု
တွေးသည်။

'ကြောင့်ကြရတာပေါ့ ကိုကို၊ အဲဒီမှာ ကိုကိုက သဒ္ဒါ
ချိုဆိုတဲ့ မိန်းမနဲ့ ပြန်ဆုံမှာမဟုတ်လား'

ပထမတော့ ကိုကို့မျက်နှာ ပျက်သွားသလိုလိုရှိသည်။
ပြီးမှ ရယ်မောပြီး...

'ဒီအတွက်များ နေခြည်ရယ်'

'ပေါ့ပျက်ပျက်မလုပ်လိုက်နဲ့ ကိုကို။ နေခြည်က တကယ်
စိုးရိမ်တာ၊ ကိုကိုတို့ တွေ့ဖြစ်ကြသေးလား၊ သူရော အဲဒီမှာရှိလား'



www.burmeseclassic.com

www.burmeseclassic.com



သူမ မေးခွန်းများကို တစ်ခုချင်း နှုတ်ဖြင့်မပြော ရောတွေးပြီး ကိုကို ခေါင်းညိတ်လိုက်၏။

မကျေနပ်နိုင်သေးဘဲ နောက် မေးခွန်းတစ်ခု ထပ်မေး ဖြစ်ပြန်သည်။

'သူရော အိမ်ထောင်တွေဘာတွေ ကျနေပြီလား ကိုကို'

'မကျသေးပါဘူး နေခြည်'

ကိုကို့အဖြေက မပြည့်စုံဟု စိတ်ထဲမှာ အလိုလိုသိ ပြန်သည်။

'ကိုကို့ကိုပြန်တွေ့တော့ သူဘာပြောလဲ။ ကိုကိုတို့ နေ့တိုင်းတွေဖြစ်ကြလား'

'ခဏတဖြုတ် မျက်နှာချင်းဆိုင်ဖြစ်တဲ့ သဘောလော ပါပဲ နေခြည်။ မိတ်ဟောင်းဆွေဟောင်းတွေအနေနဲ့ပေါ့'

'ဒါဆိုလည်း ပြီးတာပါပဲ ကိုကိုရယ်'

ကိုကိုကလည်း သဒ္ဓါချိုနှင့်ပတ်သက်ပြီး အရေးတယူ ပြောချင်စိတ်ရှိပုံမရပေ။ သူမကလည်း အလိုက်တသိဖြင့် ထပ် မမေးဖြစ်။ ရုတ်တရက်ဆိုသလို အနားနားတိုးကပ်လာပြီး သူမ ပါးပြင်ကို နမ်းလိုက်သည်။

ဘေးပတ်ဝန်းကျင်ကိုကြည့်ပြီး 'ကိုကိုကလည်းကွာ' ဟု ရှက်စနိုးဖြင့် ပြောဖြစ်လိုက်သည်။ ရင်ထဲမှာတော့ ချမ်းမြေ့ သွားခဲ့သည်ပဲလေ။

✣ ✣ ✣





အလုပ်ပြန်ဆင်းပြီး သုံးရက်မြောက်သောနေ့မှာတော့ မသက်ာစရာအဖြစ်အပျက်နှင့် ကြုံတွေ့ရတော့သည်။ မနေ့က တင် ညနေပိုင်းမှာ ဆုံဖြစ်ကြသေး၏။

အရင့်အရင်ကဆိုရင် သူမထက်စောစီးစွာ အလုပ်သို့ ကိုကို ရောက်နေကျ။

အခုတော့ သူမရောက်ပြီး ကိုကို့အား မမြင်မတွေ့ရပေ။ ကိစ္စနှင့် အပြင်များသွားသလားဟု မန်နေဂျာအား မေးကြည့်တော့ မှ ကိုကို မရောက်သေးကြောင်း သိရသည်။

စိုးရိမ်သွားပြီး ကိုကို့အဆောင်သို့ ဖုန်းလှမ်းဆက်ကြည့် သည်။ နေထိုင်မကောင်းများဖြစ်ပြီလားဟု ပူပန်နေဆဲမှာပင် အဆောင်မှ ကိုကို့သူငယ်ချင်းတစ်ယောက် ဖုန်းလာကိုင်၏။

'မနေ့ညကတည်းက သတိုးဦး အဆောင်ပြန်မအိပ်ဘူး'

'ဘယ်များသွားလဲ မသိဘူးနော်'

'အဲဒါတော့ ကျွန်တော်လည်း တိတိကျကျ မပြောတတ် ဘူး'

စကားပြောခွက်ကို ချထားလိုက်ရပေမယ့် ရင်ထဲမှာ တင်းကျပ်ကျပ်ကြီးဖြစ်လို့နေသည်။ ဒီလိုမျိုး ညအိပ်ညနေမျိုး သွားလာဖူးတာမရှိပေ။ သွားနိုင်စရာနေရာကိုလည်း ခေါင်းထဲမှ စဉ်းစားလို့မရဖြစ်နေ၏။

နေ့လယ်စာစားသော်လည်း တစ်လုပ်နှစ်လုပ်သာစားနိုင် ၏။ ထင်လင်းမောင်ဆီ ဖုန်းဆက်ကြည့်ရင်ကောင်းမလားဟု



www.burmeseclassic.com

www.burmeseclassic.com



တွေးနေဆဲမှာပင် မှန်တံခါးရွက်ကို တွန်းဖွင့်ပြီး ကိုကိုဝင်လာသည်ကို တွေ့၏။

ကိုကို့ကိုယ်ပေါ်မှ အဝတ်အစားများက သစ်လွင်တောက်ပနေသည်။ မနေ့ညနေက ဝတ်ဆင်ထားတာတွေမဟုတ်။ ဒီလို အရောင်အသွေးအဆင်မျိုးလည်း ကိုကို့ထံမှာ မရှိပေ။

'ဘာလို့များ နောက်ကျရတာလဲ ကိုကို၊ မနေ့ညက လည်း အဆောင်ပြန်မအိပ်ဘူးဆို၊ ကိုကို ဘယ်များသွားနေတာလဲ'

သူမစကားကုန်ပြောလိုက်ခြင်းက မှားသွားမှန်း နောင်တရမိသည်။ အခုတော့ ကိုကို လိမ်နိုင်၊ ညာနိုင်ရန် အခွင့်အရေး ပေးလိုက်သလိုမျိုးပင် ဖြစ်သွားတော့သည်။

'ရန်ကုန်က အမေ့အမျိုးတွေဆီသွားရင်း စကားကောင်းနေတာနဲ့ အဆောင်ပြန်မအိပ်ဖြစ်တာပါ။ ပြီးတော့ အဲဒီအိမ်မှာ ကိုကို့အဒေါ်တစ်ယောက်လည်း ရောက်နေတာလေ။ သူတို့က ဈေးဝယ်တာ လိုက်ခဲ့ပေးပါဆိုလို့ အလုပ်နောက်ကျသွားတာ'

'ဒီအဝတ်အစားတွေကရော၊ ပြီးတော့ နေခြည်နဲ့ လမ်းခွဲတော့ အဲဒီကိုသွားမှာလို့ ဘာလို့မပြောတာတုန်း'

'အဲဒီအိမ်က ကိုကို့ညီအစ်ကိုတော်ရဲ့ အဝတ်အစားတွေလေ။ နေခြည်ကို မပြောဘူးဆိုတာက ညအိပ်ဖြစ်မယ်မထင်လို့ပါ'

'ကိုကိုနော်… ခြေလှမ်းတွေပျက်နေပြီ၊ သတိထားဦး'





'ကဲပါ… နေခြည်ရယ်၊ ညနေကျရင် ရေခဲမုန့် အတူတူ သွားစားမယ်။ အဲဒီကျမှ နေခြည်ကို ချော့တော့မယ်ကွာ'

အလုပ်ကိစ္စတွေကို အကြောင်းပြပြီး သူမရှေ့မှ ကိုကို လစ်ထွက်သွားတော့သည်။ ညနေတွေ့တော့မှ ကောင်းကောင်း စိတ်ကောက်ပြမည်ဟု တေးထားမိလိုက်သည်။

✢ ✢ ✢



www.burmeseclassic.com

www.burmeseclassic.com

## ၃။

ကိုကို့အပေါ် အသက်တမျှ ချစ်ခင်စုံမက်ခဲ့သည်။ ချစ်ခဲ့မိသည့်အပေါ် နောင်တရခြင်းမရှိနိုင်ဟု တစ်ကိုယ်တည်း တွေးထင်ခဲ့၏။ အချစ်တွင် ပျော်ရွှင်ဝမ်းမြောက်ဖွယ်ရာများသာရှိပြီး ပူဆွေးမှုသောကများ မကြုံကြိုက်နိုင်ဟူသော အတွေးတို့၏ လမ်းဆုံလမ်းခွ ရပ်မိနေမှန်း မရိပ်စားမိခဲ့ပေ။

ကိုကို့ကိုသာချစ်ခဲ့ပြီး တစ်သက်မခွဲ ရာသက်ပန်ရိုးမြေကျဖို့ ဆုတောင်းဖြစ်သည်ကလည်း အကြိမ်ကြိမ်။

ထင်လင်းမောင်၏ အကြံပေးချက်များကို အကောင်းအထည်ဖော်ခါနီးဆဲဆဲမှာပင် မထင်မှတ်တာတွေ ဆက်တိုက်ဖြစ်ခဲ့ရ၏။

မနေ့ညဘက်ကတည်းက တစ်ဆောင်လုံး လှုပ်လှုပ်ရှားရှားဖြစ်နေတာကို သတိမထားဖြစ်ပေ။





မနက်လင်းတော့ ခရီးဆောင်အိတ်ကိုယ်စီဖြင့် အလျိုလျို ထွက်သွားကြတာကို မြင်၏။

သူမနှင့် ရင်းနှီးနေသော မသီတာတစ်ယောက် လာနှုတ်ဆက်တော့မှ ပိတ်ရက် သုံးရက်ဆက်တိုက်ဖြစ်တာကို သတိထားဖြစ်တော့၏။

'ဒီပိတ်ရက်မှာ နေခြည်အေး အိမ်မပြန်ဖြစ်ဘူးလား။ တို့တော့ အမေ့ကိုလွမ်းလို့ ပြန်လိုက်ဦးမယ်'

'မသီတာပြောမှပဲ ပိတ်ရက်ကိုသိတော့တာ။ ကိုယ့်ကိစ္စနဲ့ကိုယ် ရှုပ်ယှက်ခတ်နေတာနဲ့ ပိတ်ရက်ကို မေ့နေခဲ့တာလေ'

'အပြန်ကျရင် လက်ဆောင်ကောင်းကောင်း ဝယ်လာပေးမယ်' ဟုပြောပြီး မသီတာတစ်ယောက် ထွက်သွားလေသည်။

အခန်းထဲရောက်တော့ မူလစီစဉ်ထားသည့်အတိုင်း ဒီလိုရက်မျိုးမှာ 'မတောင့်တ' သို့ ပြန်ဖို့ကောင်းသည်ဟု တွေးဖြစ်ပြန်သည်။

ပိတ်ရက်ကို ကြိုပြီး သတိထားဖြစ်ခဲ့ရင်တောင် ကိုကို့မေမေဆီးတာ ပူပူနွေးနွေးမို့ ပူဆာဖို့ သင့်လျော်မည်မဟုတ်ပေ။

'နေခြည်အေးရေ၊ ဧည့်သည်ရောက်နေတယ်'

အပေါ်ထပ်သို့ တက်လာသူတစ်ယောက်က လှမ်းပြီး အသံပြုသည်။ ကိုကိုပဲနေမှာဟုတွေးပြီး အဝတ်အစားလဲလိုက်သည်။ အောက်ရောက်တော့ ကိုကို့အရိပ်အယောင်ကို မမြင်တွေ့ရဘဲ ထင်လင်းမောင် စောင့်နေသည်ကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



'ငါက ကိုကိုများလားဆိုပြီး အလှအပတွေနဲ့ ဆင်းလာခဲ့တာ'

'ဒီနေ့ ငါတို့မွေးနေ့လေ နေခြည်အေး။ ရွှေတိဂုံဘုရားသွားရအောင်ဆိုပြီး နင့်ကို တကူးတကလာခေါ်တာလေ'

ပထမတော့ ကိုကိုရောက်လာရင် လွှဲမှာစိုး၍ ငြင်းဖို့စိတ်ကူးမိသေး၏။ ထင်လင်းမောင်ကို အားနာပြီး စိတ်မပါ့တပါဖြင့် ထလိုက်ခဲ့ဖြစ်သည်။

အငှားကားပေါ်ရောက်တော့ ဒီနေ့ အစီအစဉ်ကို မေးဖြစ်သည်။

'ဘုရားတက်ပြီးရင် နောက်ထပ် ဘာအစီအစဉ်များရှိသေးလဲ ထင်လင်းမောင်'

ဘုရားတက်သည့်နေရာမှာ ကိုကိုမပါနိုင်တော့သော်လည်း ဘုရားမှအဆင်း ကိုကို့ဆီ ဖုန်းလှမ်းဆက်ဖို့ စိတ်ကူးရ၍ မေးလိုက်ခြင်းဖြစ်သည်။

'ဘုရားမှာ ပန်းဆီမီး ရေကပ်မယ်၊ ဆုတောင်းမယ်။ ဒီလောက်ပါပဲ၊ ပြီးရင် နင့်ကို တစ်ခုခုကျွေးရင် ငါတို့နှစ်ယောက်အေးအေးဆေးဆေး စကားပြောကြမယ်လေ'

မွေးနေ့ဒကာရှင် ထင်လင်းမောင်၏ဆန္ဒမှာတော့ ကိုကိုမပါတာ သေချာသလောက် ရှိသွား၏။ ကိုကို အဆောင်ရောက်လာခဲ့ရင် ဒီနေ့အဖို့ လွဲရုံသာရှိတော့၏။ ဒီတစ်နေ့တာအတွက်တော့ ထင်လင်းမောင်အလိုကျနေပေးဖို့ ဆုံးဖြတ်မိသည်။

✢ ✢ ✢



ထင်လင်းမောင်လုပ်သလိုပင် ပန်း၊ ဆီမီး၊ ရေလှူသည်။ ထင်လင်းမောင်ကတော့ မွေးနေ့ရှင်မို့ တစ်ကိုယ်စာ ကုသိုလ်ပြုသည်။ သူမကတော့ ကိုကို့အတွက်ပါရည်စူးပြီး နှစ်ယောက်စာကုသိုလ်ပြုဖြစ်သည်။

ဆုတွေကိုလည်း နှစ်ယောက်စာတောင်းဖြစ်တော့ အချိန်နည်းနည်းလေးပိုကြာသွား၏။

ဘုရားရှေ့မှာ သူမ ဝတ်ပြုဆုတောင်းသည်ကို ထင်လင်းမောင်က ထိုင်စောင့်ပေးရ၏။

'ငါက နင့်လောက်အကြာကြီး ဆုမတောင်းဖြစ်ဘူး။ ဘုရားလာပြီး ဘုရားနားညည်းအောင် ဆုတွေနင်းကန်တောင်းနေတာများလား နေခြည်အေး'

အပြောင်အနောက်စကားကြောင့် ရယ်နေလိုက်သည်။

အရှေ့ဘက်စောင်းတန်းမှပင် ခြေလျင်ဆင်းဖြစ်ကြသည်။ ခြေတော်ရင်းရောက်တော့။

'ဘာရယ်တော့မဟုတ်ဘူး ထင်လင်းမောင်၊ နင်နဲ့ ငါတို့ရဲ့ မွေးနေ့အထိမ်းအမှတ်အနေနဲ့ ငှက်ဆယ့်တစ်ကောင် ငါလွှတ်မယ်'

ပိုက်ဆံအိတ်ဖွင့်ပြီး ဈေးမေးကာ ကျသင့်ငွေကို ရှင်းလိုက်သည်။

'ငါက ခြောက်ကောင်လွှတ်မယ်၊ နင်က ငါးကောင်လွှတ် ထင်လင်းမောင်'

www.burmeseclassic.com

www.burmeseclassic.com



ငှက်ကလေးများ အနှောင်အဖွဲ့မှ လွတ်မြောက်သလို သူမတို့မှာလည်း မမြင်ရသောဒုက္ခ၊ မြင်ရ ကြုံတွေ့နေရသော အနှောင်အဖွဲ့မှ လွတ်မြောက်ပါစေဟု စိတ်မှာ ရည်ရွယ်ဖြစ်သည်။

✢ ✢ ✢

စားသောက်ဆိုင်ထဲရောက်တော့ တယ်လီဖုန်းကို မျက်စိက မြင်ဖြစ်အောင်မြင်မိသည်။ နှစ်ယောက်စလုံး၏ မွေးနေ့မွေးရက်မို့ ကိုကို့အား လှမ်းခေါ်ချင်စိတ်ဖြစ်သွားမိသည်။

'ငါ ကိုကို့ဆီ ဖုန်းလှမ်းဆက်မယ်။ ဒီနေ့ဟာ ငါတို့ နှစ်ယောက်စလုံးရဲ့ မွေးနေ့ဆိုတာကို သူသိချင်မှသိမှာ ထင်လင်းမောင်'

'မဆက်ပါနဲ့ နေခြည်အေးရာ'

'ဘာဖြစ်လို့လဲ ထင်လင်းမောင်၊ ကိုကို့ကိုမခေါ်စေချင်တဲ့သဘောလား'

သူမကိုကြည့်ရင်း ဘာကြောင့်များ ကရုဏာသက်ပြင်းချရပါလိမ့်ဟု လိပ်ပြာမလုံဖြစ်ရသည်။

'ငါမေးတာ ဖြေဦးလေ ထင်လင်းမောင်။ သက်ပြင်းချလောက်အောင် ငါ့စကားက နင့်အတွက် အကျပ်အတည်းဖြစ်စေလို့လား'

'သူရှိနေရင် ဒီနေရာအထိပါလာအောင် ငါကိုယ်တိုင်ခေါ်ဖြစ်မှာ သေချာတယ် နေခြည်အေး၊ အခုတော့…'





ထင်လင်းမောင်ပြောသောစကားက နားမရှင်း။ တစ်ခုခု အလွဲအချော်ဖြစ်တာတော့ သေချာနေ၏။

'အခုတော့ ဘာဖြစ်လဲ ထင်လင်းမောင်၊ ကိုကိုက ဒီမှာမရှိလို့ ဘယ်များသွားလို့တုန်း။ နင့်စကားတွေက မရှင်းမရှင်းနဲ့ဟာ'

'မနေ့ညတုန်းက ငါ့အခန်းကို သူရောက်လာတယ်။ သူနဲ့ ငါ မရည်ရွယ်ပါဘဲ စကားတွေပြောဖြစ်ကြတယ်။ ဒီမနက်မှာပဲ သူ နယ်ပြန်သွားတယ် နေခြည်အေး။ ဒါကို နင် နားဝင်အောင်ပြောပေးပါတဲ့။ ပိတ်ရက်က သုံးရက်ဆိုတော့ အလုပ်ပြန်ဆင်းတဲ့နေ့မှာပဲ သူ ပြန်လာဖြစ်မှာ'

သူမဆီက ခွင့်တောင်းနေရင် မလွတ်မှာစိုး၍ ထင်လင်းမောင်အား အသိပေးပြီး ကိုကို နယ်ပြန်သွားသည်တဲ့လေ။

'ငါ့ကိုအသိပေးရင် ဘာဖြစ်မှာမို့လို့လဲ ထင်လင်းမောင်။ ငါ့စိတ်ထဲမှာ တစ်မျိုးကြီးပဲ။ ကိုကို ငါ့အပေါ် တစ်စုံတစ်ခုအတွက် လျှို့ဝှက်ထားပုံရတယ်လို့ ငါ ခံစားလိုက်ရတယ် ထင်လင်းမောင်။ မဟုတ်မှလွဲရော သဒ္ဒါရှိုဆိုတဲ့ မိန်းမနဲ့များ ဆက်စပ်ပတ်သက်နေမလား မသိဘူး'

'အဲဒီလိုတွေးမှာစိုးလို့ နင့်ကို တိုက်ရိုက်အသိမပေးဘဲ သူပြန်သွားတာပဲ'

'အသိပေးတာကမှ တော်သေးတယ်။ အသိမပေးတော့ ပိုပြီးထင်စရာ တွေးစရာဖြစ်မနေဘူးလား ထင်လင်းမောင်ရယ်'



www.burmeseclassic.com

www.burmeseclassic.com



တစ်ခဏချင်းမှာပင် သူမရင်တွေ ပူလောင်သွားရ၏။ မပြေးသော်လည်း ကန့်ရာကရှိနေသည်မို့ နှလုံးချောက်ချား ဖြစ်သည်။

'နားဝင်အောင် ဘယ်လိုပြောရမလဲ မသိဘူးဟာ။ နှင့်စိတ်သောက မအေးနိုင်ဘူး ထင်လင်းမောင်။ ငါတို့သုံးယောက် ပြောဖြစ်ကြတဲ့ လူကြီးတွေဆီ အသိပေးမယ့်ကိစ္စကို မြန်နိုင်သမျှ မြန်အောင် ငါတော့ လုပ်ချင်ပြီဟာ၊ နှင်ပြောခဲ့သလို ငါက မိန်းကလေးလေ၊ နစ်နာစရာရှိရင်…'

ပြောရင်းကပင် ရင်ထဲမှာ ဝမ်းနည်းစိတ်ဖြစ်လာသည်မို့ စကားမဆက်နိုင်လောက်အောင် တစ်ဆို့သွားရသည်။

'သူပြန်ရောက်လာတဲ့အခါ နှင်ပြောကြည့်လေ နေခြည်အေး၊ ဒီရက်ပိုင်းမှာတော့ နှင့်အနားမှာ ငါအဖော်လုပ်ပေးမယ်၊ ဒီကအပြန် ငါတို့ရုပ်ရှင် ဝင်ကြည့်ကြမယ်၊ နှင်သွားချင်တဲ့နေရာ ကိုသွား၊ လုပ်ချင်တာတွေလုပ်၊ စိတ်ပြေလက်ပျောက်သဘော ပေါ့ဟာ'

တစ်ယောက်တည်း အဆောင်ပြန်ပြီး ငေါင်တောင် တောင်ဖြစ်ရတာထက်စာရင်တော့ ထင်လင်းမောင်ပြောသလို လျှောက်လုပ်တာက စိတ်သက်သာရာရဦးမည်ပဲ။

သုံးရက်ဆိုသောကာလကြီးကို မြန်မြန်လွန်မြောက်ပြီး ကိုကို့မျက်နှာကို မြန်မြန်မြင်ချင်လှပြီ။

ကိုကိုတစ်ယောက် ဘာတွေဖြစ်ပြီး ဘာတွေခံစားနေ



သည်ကိုလည်း သိချင်လှပြီ။

ထင်လင်းမောင်ကတော့ သူမအနားမှ တစ်ဖဝါးမှမခွာ။ ညအိပ်ချိန်ရောက်သည်အထိ အားပေးနေမှာ သေချာသည်ပဲ။

✣ ✣ ✣

www.burmeseclassic.com

www.burmeseclassic.com

# ၆။

အလုပ်သို့ထွက်လာရာလမ်းမှာပင် ကိုကို့အဆောင်သို့ ဖုန်းလှမ်းဆက်ကြည့်သည်။ အခုချိန်ထိတော့ အဆောင်သို့ ကိုကို ပြန်မရောက်သေးပေ။

ကုမ္ပဏီသို့ ရောက်ပြန်တော့လည်း ကိုကို့အရိပ်အယောင် မမြင်မတွေ့ရ။

အလုပ်တွေလုပ်ရင်း မိနစ်တွေသာ တဖြည်းဖြည်းကုန် ဆုံးသွားသည်။ ကိုကိုတစ်ယောက် ရောက်မလာခဲ့ပြန်။

ဒီကြားထဲ အလုပ်ထဲမှ ဝန်ထမ်းကောင်လေးတစ်ယောက် က မသိချက်ဆိုးဝါးစွာဖြင့် နောက်ပြောင်သေး၏။

'ကိုသတိုးဦး အလုပ်မဆင်းလို့ မနေခြည်မျက်နှာ သုန်မှုန်နေတာလား'

'ငါ့မျက်နှာနဲ့ ငါ ဘယ်လိုနေနေ၊ နင်နဲ့ ဘာဆိုင်လို့တုန်း'





'ကျွန်တော်က အကောင်းသတိပေးမလို့ပါ။ မနေခြည် ဒီတိုင်းကြီးလွှတ်မထားနဲ့။ ပြီးခဲ့တဲ့ တစ်ပတ် ဆယ်ရက်လောက် ကဖြစ်မယ်။ ဆံပင်ရှည်ရှည် ခပ်ချောချောအမျိုးသမီးတစ်ယောက် နဲ့ တွဲသွားတာကို တွေ့လိုက်တယ်'

'စိတ်ညစ်ရတဲ့အထဲ ပေါက်ကရတွေလာပြောမနေစမ်း နဲ့၊ ငါ သည်းမခံနိုင်ဘူးနော်'

'အတည်ပြောတာဗျ၊ ကိုသတိုးဦးတို့များ လက်ချင်း ချိတ်ပြီး မိုးမမြင် လေမမြင် ဖြစ်နေလိုက်တာဗျာ ကျွန်တော့်ကို တောင် မမြင်ရှာဘူးဗျာ'

အနောပေါ်တုတ်ကျသည်မို့ ဆတ်ဆတ်ခါသွားရသည်။ အပြောင်အနောက်ထက် အတည်များဖြစ်လေမည်လားဟု မေး မည်လုပ်တော့ ကောင်လေးက မျက်စိရှေ့ကနေ လှစ်ခနဲ ပြေး ထွက်သွား၏။

သူမတစ်ယောက်တည်း ဘာလုပ်လို့ဘာကိုင်ရမှန်းမသိ ဖြစ်နေတုန်းမှာပင် ဖုန်းမြည်သံလေးကို သွေးလန့်နေဖြစ်ပြန်သည်။

'နေခြည်အားရေ.. ဖုန်းတဲ့၊ သတိုးဦးဆက်တာ'

လှူကိုမျှော်မိသော်လည်း ဖုန်းသာရောက်လာသည်ပဲ။ ကိုကိုတစ်ယောက် ရန်ကုန်ပဲပြန်ရောက်နေပြီလား။ နယ်ကဆက် တာလားဟု ခွဲခြားလို့မသိနိုင်။

'ဟဲလို'

'နေခြည် ကိုကိုပါ'



www.burmeseclassic.com

www.burmeseclassic.com



'ကိုကို အခု ဘယ်ကနေဆက်နေတာလဲ'

'ရန်ကုန်ပြန်ရောက်နေပြီ နေခြည်၊ ညှို့သည်တွေ ပါလာတာနဲ့ အလုပ်ကိုလာဖို့ နောက်ကျသွားတယ်'

'နေခြည်က ကိုကို့အတွက် အဓိကရောကျသေးရဲ့လား ကိုကိုရယ်'

ဖုန်းစကားပြောရင်း ငိုသံပါသွားသည်ထင်၏။ လူအများ ရှေ့မှာမို့ ဟန်ဆောင်ဖုံးဖိရသော်လည်း ရင်ထဲမှာတော့ ကမ္ဘာ ပျက်နေ၏။

'ညနေကျရင် စောင့်နေလေ၊ ကိုကိုရောက်အောင်လာ ခဲ့ပါ့မယ် နေခြည်'

'ကိုကို ဒါပဲပြောချင်တာမဟုတ်လား'

စကားလက်စဖြတ်ပြီး ဖုန်းချဖို့ ကြိုးစားလိုက်သည်။

'ဖုန်းမချနဲ့ဦး၊ ကိုကို့ကို ဆက်ဆက်စောင့်နေနော် နေခြည်'

ဖုန်းချဖို့ကြိုးစားတုန်းက ကိုကိုမဟုတ်။ သူမသာဖြစ်၏။ တကယ်တမ်း ဖုန်းအရင်ချလိုက်သူမှာ ကိုကိုဖြစ်နေ၏။

'နေခြည်အေးကတော့ ကသိလ်ကောင်းပြီး လူရွှေးတော် တယ်လို့ ပြောရမလိုဖြစ်နေပြီ'

မန်နေဂျာကြီးက ဘာကိုရည်ရွယ်ပြီး ပြောသည်မသိ။ အရေးထဲမှာ ကံကောင်းကြောင်းကို အရင်းမရှိ အဖျားမရှိ ချီးမွမ်း ခန်းဖွင့်နေပြန်သည်။





'ဘာအတွက်ပြောရတာလဲ မန်နေဂျာကြီး'

'သတိုးဦးက သူဌေးသားမှန်း မထင်ရဘူး။ နယ်မှာ တော့ သူ့မိဘတွေက တကယ့်ဒိတ်ဒိတ်ကျဲ စီးပွားရေးလုပ်ငန်း ရှင်ပဲ။ အခုဆိုရင် အလုပ်ထွက်ပြီး ဟိုက အလုပ်တွေကို ပြန် ဦးစီးတော့မှာဆို။ နေခြည်အေးလည်း အလုပ်မလုပ်ဘဲ တစ်သက် လုံး ထိုင်စားဖြစ်တော့မယ်ထင်တယ်။ ဘယ်မှာပဲ မင်္ဂလာဆောင် ဆောင် ဖိတ်ဖြစ်အောင် ဖိတ်ဦးနော်။ မရောက်ရောက်အောင် လာမှာ'

မန်နေဂျာကြီးပြောသောစကားများကို ပါးစပ်အဟောင်း သားဖြင့် နားထောင်နေဖြစ်သည်။ ကိုကို အလုပ်ထွက်တော့မည် ဆိုပါလား။ နယ်မှာပြန်ပြီး လုပ်ငန်းတွေကို ဦးစီးတော့မည်ပဲ။

သူစိမ်းတရံတွေက အားလုံးသိနေကြပြီး အရင်းနှီးဆုံး သူမကတော့ မျက်စိဝိတ် နားပိတ်ဖြစ်နေရသည်ပဲ။

ဆက်လက်ပြီး သည်းမခံနိုင်တော့ဘဲ ကုမ္ပဏီရုံးခန်းထဲ မှ အပြင်သို့ထွက်လာဖြစ်သည်။

ဦးတည်ရာလျှောက်ရင်းကပင် ပထမဆုံးတွေ့သော သမ်းဘောဖုန်းကနေ ထင်လင်းမောင်ဆီ ဖုန်းလှမ်းဆက်ဖြစ်သည်။

'ဦးထင်လင်းမောင်နဲ့ စကားပြောချင်လို့ပါရှင်'

'နေခြည်အေး... ငါပါ၊ နင့်အသံက ဘာဖြစ်နေတာလဲ။ ဘယ်ကနေဆက်နေတာလဲ'

'ရှည်ရှည်ဝေးဝေးတွေ မပြောပြချင်တော့ဘူး ထင်လင်း



www.burmeseclassic.com

www.burmeseclassic.com



မောင်။ နာရီဝက်အတွင်း ငါတို့ကုမ္ပဏီကို နင်ရောက်အောင် လာခဲ့။ အဲဒီအချိန်ထက် ကျော်သွားရင်တော့ ခြေဦးတည့်ရာ ငါထွက်သွားတော့မှာပဲ'

ထင်လင်းမောင်၏စကားကို စောင့်မနေတော့ဘဲ ဖုန်းချ ပစ်လိုက်သည်။ ထင်လင်းမောင်နှင့်တွေ့ရင်တော့ အကြောင်းစုံ ပြောပြီး အားပါးတရငိုချရုံသာရှိတော့သည်ပဲလေ။

✢ ✢ ✢

'ကိုကို ဒီလိုလုပ်တာတွေကို နင် ဘယ်လိုထင်မြင်ချက် ပေးနိုင်လဲ ထင်လင်းမောင်'

သူမထံသို့ နာရီဝက်အတွင်း ထင်လင်းမောင် ရောက် လာသည်။ ဘာစကားမှမပြောဘဲ သွားချင်ရာကိုသွားသည်။ ထိုင်ချင်ရာမှာ ထိုင်သည်။ ထင်လင်းမောင် ဘာမေးမေး ပြန် မပြောဖြစ်ပေ။

နေဝင်သွားသည့်အချိန်ကျမှ ထင်လင်းမောင်တစ်ယောက် လက်လျှော့လိုက်ချိန်ကျမှ အကြောင်းစုံကို ပြောပြဖြစ်၏။

'ဒါကတော့ နင်သိရင် စိတ်မကောင်းဖြစ်မှာစိုးလို့ မပြောဘဲထားတာပဲ နေမှာပေါ့ဟာ'

ထင်လင်းမောင်အဖြေက အတော်လေးရိုးစင်းပြီး ဘဝင် ကျစရာမကောင်း။ သူမစိတ်ထဲမှာ အချဉ်ဖောက်သွားမိသည်။



'နင်လည်း အလကား အသုံးမကျတဲ့ ယောကျ်ား တစ်ယောက်ပဲ ထင်လင်းမောင်'

'ဒါကတော့ဟာ အဖြစ်အပျက်က...'

'ဘာလဲ... သဒ္ဒါချိုဆိုတဲ့မိန်းမနဲ့ ကိုကို လက်ထပ်ဖြစ် သွားခဲ့ရင်တောင် ငါသိမှာစိုးလို့၊ စိတ်မကောင်းဖြစ်မှာစိုးလို့ မပြောဘဲထားတာပါလို့ နင်ပြောဦးမှာလား'

ထင်လင်းမောင်နှင့် စတွေ့ကတည်းက ငိုမိသည်။ မျက်ရည်တို့သည်ပင် ခန်းခြောက်သွားခဲ့ပြီ။

ဒေါသဖြင့် စကားကုန်ပြောလိုက်တော့ ထင်လင်းမောင် တစ်ယောက် ပါးစပ်ပိတ်သွားတော့၏။

ထိုင်ရာမှထပြီး မြို့ထဲလမ်းမပေါ် ဦးတည်ရာမဲ့ လျှောက် သွားဖြစ်ပြန်သည်။ ထင်လင်းမောင်ကတော့ အနားမှမခွာဘဲ တကောက်ကောက်လိုက်ရှာသည်။

'ရှစ်နာရီထိုးပြီ နေခြည်အေး။ နင် အဆောင်ပြန်ဝင်တာ နောက်ကျလွန်းနေပြီဟာ'

'အဆောင်ပြန်မှာလို့ နင့်ကို ဘယ်သူပြောနေလို့လဲ ထင် လင်းမောင်၊ ငါသွားချင်ရာသွားမယ်၊ နေချင်သလိုနေမယ်၊ နင့် ဘာသာနင် ပြန်ရင်ပြန်၊ နင့်ကို ငါက တံကူးတကနဲ့ခေါ်ထား ဆွဲထားတာမဟုတ်ဘူး'

'အေးပါ... ဒါဆိုလည်း တစ်ခုခုစားကြရအောင်ဟာ၊ နင်ဗိုက်ဆာနေလောက်ရောပေါ့'

www.burmeseclassic.com

www.burmeseclassic.com



ထင်လင်းမောင် သတိပေးလိုက်သောအခါမှ ဝမ်းဟာတာကို သတိရဖြစ်သည်။

ကြံ့ကျာဆိုင်မှာပင် ကြံ့သလို စားလိုက်သောက်လိုက်ကြသည်။

'အဲဒီထဲကို ငါဝင်ချင်တယ် ထင်လင်းမောင်။ သူတို့တွေ ကတာခုန်တာကို ငါကြည့်ပြီး အချိန်ဖြုန်းချင်တယ်'

'နေခြည်အေး... အဲဒါက နိုက်ကလပ်လေ'

'ငါသိသား။ ဘာလဲ... နင့်ဂုဏ်သိက္ခာကို ပွန်းပဲ့မှာစိုးရင် နေခဲ့လေ၊ ငါတစ်ယောက်တည်းဝင်သွားမယ်'

ထင်လင်းမောင် အတွန့်မတက်တော့။ သူမနောက်မှနေပြီး ကုက်ကုပ်လေးလိုက်ပါလာသည်။

အထဲရောက်တော့ စားပွဲလွတ်မှာထိုင်ပြီး သူများတွေ ကတာခုန်တာကိုကြည့်သည်။ ဘီယာနှင့် စားစရာတွေကို မှာလိုက်သည်။

'နင်သောက်ဖို့မှာလိုက်တာ ထင်လင်းမောင်၊ ဘာလို့ ဒီတိုင်းကြီးကြည့်နေရတာတုန်း၊ တော်ကြာ ဘီယာတွေပူကုန်ဦးမယ်။ နောက် ရှိသေးတယ်၊ ဘီယာဆိုတာ ဆိုဒါနဲ့ရောပြီး သောက်ရတဲ့ဟာမျိုး မဟုတ်ဘူးနော်၊ တော်ကြာ နင့်ပုံကိုကြည့်ပြီး တောသားကြီးလို့ ပြောနေဦးမယ်'

'မှာထားပြီးရင်လည်း ပိုက်ဆံရှင်းပြီး ဒီတိုင်းထားခဲ့ရုံပဲရှိတော့တာပေါ့ နေခြည်အေး။ ငါမှ မသောက်တတ်၊ မစားတတ်တဲ့'



မီးရောင်စုံတွေကိုကြည့်ရင်း၊ လူတွေကိုကြည့်ရင်း တဖြည်းဖြည်း စိတ်ကုန်ချင်သလိုဖြစ်လာတော့ အပြင်သို့ပြန်ထွက်လိုက်သည်။ လမ်းမပေါ်ရောက်တော့ ညဆယ့်တစ်နာရီထိုးခါနီးနေပြီ။

'ခက်ပြီ နေခြည်အေးရယ်၊ ဒီအချိန်ကျမှ နင်အဆောင်ပြန်လို့လည်း မဖြစ်တော့ဘူး။ သတိုးဦးခများလည်း ငါတို့နှစ်ယောက်ကို ဒေါင်းတောက်အောင်ရှာနေလောက်ပြီ'

'သူ့ဘာသာသူ မြေလှန်ပြီးရှာရှာပေါ့ဟာ၊ ဘာဖြစ်သေးလဲ'

မြို့လယ်ခေါင်လမ်းမပေါ်မှာပင် ကားအသွားအလာ၊ လူအသွားအလာ ရှင်းနေတာ စိတ်ဆောင်ပြီး လျှောက်သွားနေဖြစ်သော်လည်း သန်းခေါင်ယံနားနီးတော့ ခြေကုန်လက်ပန်းကျချင်လာ၏။

'လမ်းဘေးမှာ ဘာလို့ထိုင်ရတာတုန်း နေခြည်အေး'

'ညောင်းလို့ပေါ့၊ ပင်ပန်းလို့ပေါ့'

'နင်စိတ်ထင်တိုင်း သွားချင်ရာသွား၊ လုပ်ချင်ရာတွေလုပ်ခဲ့ပြီးပြီ၊ အချိန်အခါလည်းမဟုတ်တော့ ငါ့စကားကို နားထောင်တော့ နေခြည်အေး'

'နင်က ဘာဖြစ်စေချင်လို့လဲ'

သူမလက်ကိုဆွဲပြီး ထူသည်။ မောင်းလာသော ကားတစ်စီးကို တားလိုက်သည်။ ကားငှားကတည်းက ထင်လင်း

www.burmeseclassic.com

www.burmeseclassic.com



မောင်တိုက်ခန်းဆီသွားတာကို သိနေ၏။ စိတ်ပင်ပန်း လူပင်ပန်း လွန်းသောကြောင့် မလှုပ်နိုင်တော့ဘဲ ခြေကုန်လက်ပန်းကျတော့၏။

'ငါပြောတာ နားထောင်'

အခန်းရှေ့ရောက်တော့ အခန်းသော့ကိုကိုင်ရင်းပြော၏။

'ပြော'

'ဒီညတော့ နင်တစ်ယောက်တည်း ဒီအခန်းမှာအိပ်လိုက်တော့ နေခြည်အေး'

'နင်က ဘယ်မှာသွားအိပ်မှာလဲ'

'ငါ့မှာ အိပ်စရာတွေအများကြီးပဲ'

ပြောပြောဆိုဆိုနှင့် အခန်းသော့ကို ထင်လင်းမောင် ဖွင့်လိုက်သည်။

'ကဲ… အထဲဝင်တော့ နေခြည်အေး၊ အနားယူပြီး အိပ်ပျော်အောင်အိပ်။ အပြင်ကနေ ငါသော့ခတ်သွားမယ်။ နင်နိုးမယ့်အချိန်လောက်ကျရင် သတိုးဦး ရောက်လာလိမ့်မယ်။ လူချင်းတွေ့လိုက်ပါ နေခြည်အေး။ သူလည်း ပြောချင်တာတွေ ပြောသင့်တာတွေအားလုံး ပြောပြလိမ့်မယ်။ နင်လည်းပြောပေါ့၊ ဟုတ်ပြီလား'

အခန်းတံခါးကို ပိတ်လိုက်သည်။ သော့ခတ်သံကို ကြား၏။ လှေကားအတိုင်းဆင်းသွားသော ဖိနပ်သံကိုလည်း ကြားရသည်။



နာရီကိုလှမ်းကြည့်မိတော့ ညအခယ်နှစ်နာရီထိုးဖို့ မိနစ် အနည်းငယ်သာလိုတော့၏။

သူမနှလုံးသား၏ အဖြစ်အပျက်များမှာတော့ သန်းခေါင်ထက်အပြင် ညမိုနက်စရာမရှိတော့ပြီပဲလေ။

✢ ✢ ✢

www.burmeseclassic.com

## ၇။

နီးတစ်ဝက် ခြောက်အိပ်မက်များဖြင့် တစ်ယောက်တည်း ကောင်းစွာအိပ်မပျော်နိုင်ခဲ့ပေ။ ညနက်နက် ခွေးအူသံကိုလည်း ကြားသည်။ ကတ္တရာလမ်းဆီမှ ကားမောင်းသံမှာလည်း တစ်ခါတစ်ရံ လှုပ်နှိုးလိုက်သလိုမျိုးပင်။

လင်းကြက်တွန်တော့လည်း စိတ်ထဲက အလိုလိုသတိထားဖြစ်သည်။ မနက်ခြောက်နာရီထိုးတော့ အိပ်ရာပေါ်မှာ သည်းခံပြီး ဆက်အိပ်နိုင်စွမ်းမရှိတော့ပေ။

မျက်နှာသစ် ဆေးကြောသန့်စင်ပြီး မှန်ရှေ့မှာရပ်မိသည်။ မနေ့က တစ်ညနေခင်းလုံး ငိုယိုထားမှုကြောင့် မျက်ခွံများ သိသိသာသာ အစ်ဖောင်းလို့နေ၏။

ကိုကို့ကို ရင်ဆိုင်ဖို့အတွက် အင်အားများစွာ မွေးရဦးမည်။ သူမ စဉ်းစား၍မရလောက်အောင်ကိုပင် ကိုကိုက လျှို့ဝှက်





လွှန်းနေ၏။ သူမတို့နှစ်ယောက်ကြားမှာတော့ ကြီးမားသော ပြဿနာတစ်စုံတစ်ရာရှိနေတာ သေချာ၏။

ထိုပြဿနာ၏ အရင်းခံအကြောင်းအရင်းမှာ သဒ္ဒါချို ဆိုသော မိန်းမနှင့် မပတ်သက်ဖို့ပဲ အရေးကြီးသည်လေ။

✢ ✢ ✢

မြို့ပြသည် ရတ်ခြည်းနိုးထပြီး အသံဗလံများဖြင့် လှုပ်ရှားသက်ဝင်လာသည်။

တံခါးဖွင့်သံ၊ လှေကားဆီမှ အတက်အဆင်း ခြေသံများကို နားထောင်ရင်းကပင် စိတ်ကို အတည်ငြိမ်ဆုံးဖြစ်အောင်ထားမိသည်။

ကိုကိုနှင့် မျက်နှာချင်းဆိုင်ရပါက ကိုကို့စကားသံများ ကြားရပါက သူမအဖို့မှာ ရပ်ပျက်ဆင်းပျက်ဖြစ်လေမည်လား။

တံခါးသော့ဖွင့်သံသည် နီးနီးလေးမှ လာသည်။

သေချာအောင်ဆိုပြီး အနားသို့တိုးကပ်ပြီး နားစွင့်မိသည်။ ထင်လင်းမောင်၏ အခန်းသော့ကို လာဖွင့်နေသူမှာ ကိုကိုကလွဲ၍ တခြားတစ်ဦးတစ်ယောက်မှ မဖြစ်နိုင်ပါလေ။

ဆက်တိုက်မှာ ဂူငြွေရရလေး ပြန်ထိုင်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တံခါးမှာ တဖြည်းဖြည်းချင်း ပွင့်လာ၏။

'နေခြည်'

ရုတ်တရက် တွေ့လိုက်ရခြင်းကြောင့် သူမနာမည်ကို တမ်းတစွာခေါ်လိုက်သည်။

စကားနှင့်မှ ခရီးဦးကြို မပြုနိုင်လောက်အောင် သူမ ဝမ်းနည်းလို့နေသည်။ အနားမှာတိုးကပ်ပြီး ကိုကိုထိုင်သည်။

ကြေကွဲချင်စရာကောင်းသော မျက်နှာရိပ်ဖြင့် သူမကို ချော့မော့နေရှာသလား။

'ကိုကို'

'နေခြည်ရယ်'

ရင်တွင်းမှလာသော ဝမ်းနည်းသံကိုယ်စီဖြင့် တင်းကျပ်စွာ ပွေ့ဖက်ဖြစ်ကြသည်။ နှစ်ယောက်စလုံး၏ အသက်ရှူသံတွေကလည်း တိုက်ဆိုင်စွာဖြင့် ကျယ်လောင်လွန်းနေပြန်သည်လေ။

ဖက်ထားရာမှ ခွာဖြစ်ကြတော့လည်း တိုက်ဆိုင်စွာ ပြိုင်တူဖြစ်နေ၏။

'ကိုထင်လင်းမောင်ပြောလို့ အားလုံးကိုသိပြီးပြီ နေခြည်'

ဖြစ်ပျက်ခဲ့သမျှတွေအတွက် ရောထွေးကာ ကိုကို ပြောလိုက်သည်။



ဒီ့ပြင်ဖြစ်နေရခြင်းအတွက် တိကျကွဲပြားအောင် သူမကပင် မေးလိုက်ရတော့သည်။

'နေခြည်ကို အသိမပေးဘဲ နယ်ပြန်သွားတာကိုတော့ ထားလိုက်ပါ ကိုကို။ ကိုကို အလုပ်ထွက်တော့မယ်ဆိုတာကို ဘာဖြစ်လို့များ အသိမပေးဘဲ ဖုံးကွယ်ထားရတာလဲဟင်။ နယ်က စီးပွားရေးလုပ်ငန်းတွေကို တကယ်ပဲ ဦးစီးတော့မှာလား'

သိနေပါလျက် ကိုကို့နှုတ်မှဖြေမှာကို ကြားချင်တာက ပထမဆုံးအမှားပဲဖြစ်၏။

သူမအမေးကို နှုတ်ဖြင့်မဖြေဘဲ ဟုတ်မှန်ကြောင်းကို ခေါင်းညိတ်ပြီး သက်သေခံလိုက်သည်။

'ဘာလို့ အဲဒီလိုမျိုး နေခြည်နဲ့ မတိုင်ပင်ဘဲ ဆုံးဖြတ်လိုက်ရတာလဲ ကိုကိုရယ်၊ နေခြည်မသိအောင် တိတ်တိတ်လေး ကိုကိုခွဲသွားမယ်ဆိုတဲ့သဘောများလားဟင်'

ဒီအဖြေစကားကတော့ သူမနှင့် ကိုကိုတို့နှစ်ယောက်အတွက် သေရေးရှင်ရေးတမျှ အရေးကြီးလို့နေ၏။

ကြေကွဲမှုတွေ ဖုံးလွှမ်းနေသော မျက်လုံးများဖြင့် သူမကို ကိုကို စိုက်ကြည့်နေသည်။

'ဖြေစမ်းပါဦး ကိုကို'

ဝမ်းနည်းစိတ်ကြောင့်ပင် ကိုကို့ပခုံးနှစ်ဖက်ကိုင်ပြီး

www.burmeseclassic.com

www.burmeseclassic.com



လှုပ်ယမ်းကာမေးဖြစ်ပြန်သည်။

'ပြောရမှာအတွက်လေ'

စကားတွေတစ်ဆို့ပြီး တစ်ဝက်တစ်ပျက် မရောက်ခင်မှာပင် ဏှုခြွေပျက်စွာ ရပ်ထားလိုက်၏။

'ပြောမှာသာ ပြောစမ်းပါ'

'ဒီလို နေခြည်၊ မေမေ ရုတ်တရက်ဆုံးလို့ ပြန်ဖြစ်တဲ့အကြောင်းက စပြောရလိမ့်မယ်'

'အခုလို ဖြစ်ပျက်ရတာတွေအားလုံးဟာ တိုက်ရိုက်ပတ်သက် ဆက်စပ်နေတယ်မဟုတ်လား ကိုကို'

သူမ ကြားဖြတ်ဝင်ထောက်လိုက်တော့ ကိုကို ခေါင်းညိတ်ပြန်သည်။

'အခု ဘာတွေများ ခြေလွန်လက်လွန်ဖြစ်ပျက်ကုန်ပြီလဲဟင်'

'မမသန္တါချိုနဲ့ မတွေ့ခင်အထိ ကိုယ့်ကိုယ်ကိုယ် အရင်းအထင်ကြီးပြီး ယုံကြည်မှုရှိခဲ့တယ် နေခြည်။ ကိုကို့ရင်မှာနေခြည်ရှိတာပဲ၊ တော်ရုံနဲ့တော့ နှလုံးသားက ပျော့ညံ့တိမ်းပါးမလွယ်ပါဘူးလို့ ထင်ဖြစ်တယ်'

'အခုတော့ နေခြည်က ဘာမှအရာမထင်တော့ဘူးပေါ့လေ။ ကိုတို့ရင်ကို အကာကွယ်မပေးနိုင်ခဲ့ဘူးပေါ့၊ ကိုကို့နှလုံးသားက ပျော့ညံ့တိမ်းပါးလွယ်ခဲ့ပြီပေါ့၊ ဟုတ်လား'

'အပြစ်တင်ရင်လည်း လည်စင်းခံဖို့အသင့်ပါပဲ နေခြည်ရယ်'

'ပြောရက်လိုက်တာ ကိုကိုရယ်'

သူမကို ညင်သာစွာ ကိုကို ပွေ့ဖက်ထား၏။

ကိုကို့အယုအယတွေကို ခံယူခွင့်ရနေသော်လည်း ကိုကိုပြောပြနေသော စကားများက သူမနှလုံးသားကို ဓားဖြင့်မွှန်းသည့်နှယ် နာကျင်ခံခက်ရပါသည်လေ။

✣ ✣ ✣

'မေမေရှာပနအခိ ကိုကို ရောက်လာလိမ့်မယ်လို့ ဘယ်သူမှ ထင်မထားကြဘူး။ လုံးဝအဆက်အသွယ်မလုပ်ဘဲထားတော့ ကိုကို့ကိုတောင် ဒီလောကထဲမှာ မရှိတော့ဘူးလို့ အားလုံးက ထင်ထားခဲ့ကြတယ်။

'ကိုကို့ကို ပြန်တွေ့တော့ အဝမ်းသာဆုံးလူက မမသန္တါချို ဖြစ်နေခဲ့တယ်။ ပထမဆုံး ကိုအောင်ခွေဆိုတဲ့လူနဲ့ မမသန္တါချိုတို့ လုံးဝအဆက်ပြတ်သွားတယ်ဆိုတဲ့အကြောင်းကို အစ်မလတ် သန္တာဦးက ပြောတယ်။ အဓိကတရားခံက ကိုကို့ကြောင့်တဲ့။ ကိုကိုတို့ တွဲခဲ့ကြတာ တစ်မြို့လုံးကသိနေတော့ လူတွေရဲ့

www.burmeseclassic.com



ချဲ့ကားလွန်းတဲ့ အတင်းဖျင်းစကားတွေကို ကိုအောင်ဆွေက မခံနိုင်လို့ ဖြစ်ခဲ့တာတဲ့ နေခြည်'

'ဒီလိုနဲ့ပဲ ကိုကိုနဲ့ သူက…'

'ပြောပါ့မယ် နေခြည်၊ သူပြောလိုက်တဲ့စကား ဖြစ် ပျက်ခဲ့တဲ့ သံယောဇဉ်တွေကြောင့် ကိုကို ပျောက်ဆုံးသွားခဲ့တာ ကို မမသဒ္ဒါချိုက အမြဲပဲ စိတ်မချမ်းမသာဖြစ်နေခဲ့တာတဲ့လေ ကိုကို့ကို ကံကောင်းထောက်မလို့ ပြန်တွေ့ခွင့်ရတဲ့အချိန်မှာ ဟို တစ်ချိန်က ကိုကို မက်မောရှူးသွပ်ခဲ့ဖူးတဲ့အဖြေကို မမသဒ္ဒါချို က ပေးခဲ့တယ်။ မမသဒ္ဒါချိုသိအောင် ဘယ်လိုလုပ်ပြီး ကိုကို့မှာ နေခြည် ရှိနေပါတယ်ဆိုတဲ့စကားကို ပြောလို့ထွက်ရက်မှာလဲ'

သေချာသွား..ပါပြီလေ။ သဒ္ဒါချိုဆိုသောမိန်းမ၏ အယု အယတွေကို ကိုကိုတစ်ယောက် တင်းမခံနိုင်၍သာ ဒီလို အဖြ ဆိုးတွေ ဖြစ်ပျက်ခဲ့ခြင်းပဲ။

'သိအောင်ပြောရမယ်လေ၊ နေခြည့်ကိုငဲ့ပြီး ပြော ပြောရမှာပေါ့'

'ပထမတော့ ပြောမထွက်ဖြစ်ပါဘူး။ နေခြည်နဲ့ကို ကို မမသဒ္ဒါချို သိသွားခဲ့ပါပြီ။ သိတဲ့အချိန်ဟာ အရာရာအတွေ နောက်ကျသွားခဲ့တယ်။ ကိုကိုဟာ သစ္စာမရှိတဲ့ယောကျ်ား၊ အ တွေမှာ ပျော်မွေ့တတ်တဲ့လူလို့ နေခြည် စွပ်စွဲပါ။ မမသဒ္ဒါချို





နဲ့ မဖြစ်မနေ လက်ထပ်ရတော့မယ် နေခြည်'

ဒီစကားတစ်ခွန်း၏ အနက်အဓိပ္ပာယ်ကတော့ သူမနှင့် ကိုကိုတို့နှစ်ယောက်ကို ရှင်ခွဲ ခွဲလိုက်ခြင်းပါပဲ။

'နေခြည်ရှိနေတာကို သိပါလျက်နဲ့ ဒီမိန်းမက ကိုကို့ ကို လက်ထပ်ဝံ့တယ် ဟုတ်လား။ ကိုကိုကရော လွယ်လင့်တကူ ပဲ လက်ထပ်ဖို့ဆုံးဖြတ်ရောလား'

'ပထမတစ်ခေါက် ရန်ကုန်ပြန်လာကတည်းက မမ သဒ္ဒါချို ပါလာခဲ့တယ် နေခြည်၊ အခုလည်း ပါလာသလို နေခြည်နဲ့တွေ့ပြီး အားလုံးကို ပြောပြမယ်ဆိုတာလည်း သူသိ တယ်။ ပထမတစ်ခေါက်ကတည်းက ဒီကိစ္စတွေကို ပြောမလို့ ပါပဲ၊ ပြောမထွက်ရက်တာနဲ့ စိတ်ဆင်းရဲနေခဲ့ရတာ'

'အခု ပြောထွက်ရက်လို့ စိတ်ချမ်းသာသွားပြီပေါ့၊ ဟုတ်လား ကိုကို'

'နေခြည်ရယ်… ကိုကို့ကို နားလည်ပေးပါ၊ ပြီးတော့ မမသဒ္ဒါချိုအပေါ်လည်း နားလည်ပေးပါ'

'ရှင်'

သဒ္ဒါချိုဆိုသော မိန်းမဘက်ကနေ ရပ်တည်ပေးလိုက် သော ကိုကို့စကားကြောင့် အံ့ဩတုန်လှုပ်မိသည်။

'ကိုကို ပြောပြဦးမယ် နေခြည်။ ကိုကို့မှာ နေခြည့်ရှိ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ပြောပြတဲ့အချိန်မှာပဲ သူ့ကို လှည့်မကြည့်ဘဲ နေခြည် ရင်ခွင်ဆီ ပြန်သွားခိုင်းခဲ့ပါတယ်။ အတွေ့ထိကြောင့် မှောက်မှားခဲ့တဲ့ကိစ္စကိုလည်း သူ နားလည်ခွင့်လွှတ်ပါတယ်တဲ့။ နေခြည်ရှိတယ်ဆိုတာကိုကြိုသိရင် သူ့ဘက်က မလိုက်လျောဘဲ ဆင်ခြင်ခွင့်ရမှာပဲတဲ့။ ကြိုက်သလိုဆုံးဖြတ်ဖို့ ကိုယ့်ကို အခွင့်ရေးပေးပါတယ် နေခြည်'

'အားလုံးသောသူတွေ မှန်ကြပါတယ်၊ အားလုံးသောသူတွေ တရားနည်းလမ်းကျကြပါတယ်၊ နေခြည်သာ မှားပြီးတရားလက်မဲ့ ဖြစ်ရတဲ့သူပါ'

'မမသဒ္ဒါချိုကို ဒီတိုင်းပစ်ထားခဲ့ရင် ကိုကို့လောက်လူမဆန်တဲ့သူ ရှိပါဦးမလား။ ဒီနေရာမှာ အများကြီး စဉ်းစားခဲ့ပါတယ်။ ကိုကို ၂ရင် နေခြည့်မှာက ထင်လင်းမောင်တစ်ယောက်လုံး အနားမှာရှိနေတယ်။ နောက်ဆုံးတော့ မမသဒ္ဒါချိုကိုလက်ထပ်ဖို့ ကိုကို ဆုံးဖြတ်ခဲ့တာပဲ နေခြည်'

ဝမ်းနည်းဆို့နင့်လွန်းလို့ သူမမှာ ငိုစရာမျက်ရည်တွေမရှိတော့ပြီပဲ။

'နောက်ဆုံးတော့ နေခြည့်ကိုပစ်ထားပြီး ကိုကို ကျောင်းထွက်သွားရက်တာ မဟုတ်လား'

'ကျောင်းထွက်သွားရပေမယ့် ရင်ထဲမှာ ဘယ်လောက်





ခံစားရမယ်ဆိုတာ နေခြည် မြင်ယောင်ကြည့်စမ်းပါ။ ကိုကိုလုပ်ခဲ့တာတွေအားလုံးကို တမင်ဖုံးကွယ်ခဲ့တာမဟုတ်ဘူး။ ကိုထင်လင်းမောင်နဲ့တွေ့ပြီး အစအဆုံး ကိုကိုပြောပြခဲ့ပြီးသားပါ နေခြည်'

အားလုံးကောင်းကြပါတယ်ဟု ရှုံ့သွပ်စွာ အော်ဟစ်ရမလိုမျိုး ဖြစ်နေတော့၏။ ကာယကံရှင် သူမတစ်ယောက်ကလွဲလို့ လူတွေအားလုံးက ကြိုပြီးသိနေခဲ့သည်တဲ့လား။'

'အခုလည်း အောက်မှာ မမသဒ္ဒါချိုရော ကိုထင်လင်းမောင်ပါ ရှိနေကြပါတယ် နေခြည်။ ကိုကိုဆင်းသွားတာနဲ့ ကိုထင်လင်းမောင် တက်လာလိမ့်မယ်။ နေခြည့်ကို ကိုကိုနှုတ်ဆက်ခဲ့ပါတယ်'

ကိုကိုထွက်သွားတော့မည်ဆိုတော့ မျက်ရည်များက ဘယ်ဟနေဘယ်လို ပြိုဆင်းလာသည်မသိပေ။ ဒါပေမဲ့ သူမနှလုံးသား၏ ရှိုက်သံများက အရာမထင်ခဲ့။ သဒ္ဒါချိုဆိုသောမိန်းမတစ်ယောက်ဆီသို့ ထွက်ခွာသွားသော ကိုကို့ခြေလှမ်းများကို တားမြစ်နိုင်စွမ်းမရှိခဲ့ပါလေ။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

ဆင်းသွားသောခြေသံတွေ တဖြည်းဖြည်း ကွယ်ပျောက်ဆိတ်သုဉ်းသွားသည်။

တက်လာသော ခြေသံသဲ့သဲ့က တဖြည်းဖြည်း ကျယ်လောင်လို့လာသည်။ ကိုကို ခေါ်ထားခဲ့သော တံခါးရွက်သည်လည်း ညင်သာစွာပွင့်လာပြန်၏။

မျက်ရည်အကြည်များအောက်မှာပင် ထင်လင်းမောင်၏သဏ္ဌာန်က ဝိုးဝိုးဝါးဝါးကြီးဖြစ်နေ၏။

'နေခြည်အေး'

ကရုဏာတွေ၊ အကြင်နာတွေ ပြည့်နှက်နေသောခေါ်သံ။ တီးတိုးသယောင်ရှိသော်လည်း ကြားရတာ မြည်ဟီးလို့နေပြန်၏။





'နင် အရမ်းကို ကြေကွဲဝမ်းနည်းနေလားဟင်'

ထင်လင်းမောင်၏ မျက်ဝန်းတွင်လည်း မျက်ရည်တို့ ရစ်ဝဲနေသည်။

'ငါ့ကို တကယ်ပဲ ကိုကို ခွဲခွာသွားခဲ့ပြီ ထင်လင်းမောင်ရယ်'

ကြေကွဲမှုက အထွတ်အထိပ်ရောက်သွားပြီး ထင်လင်းမောင်အား ပြေးဖက်မိသည်။

ထင်လင်းမောင်၏အင်္ကျီမှာ မျက်ရည်တို့ စွန်းထင်းရစ်ပြီ။

'ထိုင်ပါဦး နေခြည်အေးရယ်၊ နင့်အနားမှာ ဟိုးငယ်ငယ်ကလေးကတည်းကနေ အခုချိန်ထိ ငါရှိနေတာပဲဟာ။ နင့်ရဲ့ကြေကွဲအားငယ်မှုတွေကို တတ်စွမ်းသရွေ့ ငါ ဖြေဖျောက်ပေးချင်တယ်'

သူမ ကိုးကွယ်ယုံစားမိသော ချစ်သူက တစ်ယောက်တည်းချန်ထားသွားရစ်ပြီ။ အမြဲတစေ သူမအနားမှာရှိနေသောသံယောဇဉ်က ဖေးမနှစ်သိမ့်လို့နေ၏။

'ငါလေ ထင်လင်းမောင်'

'သူလည်း နင့်ကို ရက်စက်စိမ်းကားပြီး တမင်ခွဲသွားတာမျိုးမှ မဟုတ်ဘဲဟာ။ နင် နားလည်ပေးလိုက်ပါ။ ကံကြမ္မာ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ အစီရင်အတိုင်းပဲလို့ သဘောထားလိုက်ပါ။ ငါပြောရဲတာ တစ်ခုတော့ရှိတယ်။ အမုန်းတရားနဲ့ လမ်းမခွဲခဲ့တဲ့အတွက် အချိန်ကြာလာတာနဲ့အမျှ နင် သူ့အပေါ် နားလည်လာလိမ့်မယ်ဆိုတာပါပဲ'

အတွေ့ထိ အယုယတို့မည်သည် သာယာယစ်မူးလွယ်မှန်းသိသည်။

သူမနှင့် ကိုကိုတို့သည် နှလုံးသားချင်း အနေနီးခဲ့ကြပါသော်လည်း။

'အချစ်ဆိုတာ လူနှစ်ယောက်ကို ချည်နှောင်တဲ့ကြိုးတစ်ချောင်းဆိုပေမယ့် မမြင်သာ မထင်ရှားတတ်ဘူး။ တွေ့ဆုံကြုံကွဲတဲ့ ဖြစ်စဉ်တစ်ခုလို့ သဘောထားလိုက်ပါ နေခြည်အေးရာ'

အချစ်ကို ကျိုးပျက်အောင် ဖြားယောင်းသွေးဆောင်ခဲ့သော အရာတွေကို မုန်းတီးရုံကလွဲလို့ ဘာမှမတတ်နိုင်တော့ပေ။

'သူ တကယ်ပဲ ငါ့ကိုထားသွားခဲ့ပြီ'

'နေခြည်အေး… နင့်ကို ငါ လက်ထပ်ပါရစေ'

ခယသောလေသံ၊ တောင်းပန်တိုးလျှိုးသော သံယောဇဉ်မျက်ဝန်းများကို အတိုင်းသားမြင်တွေ့နေရ၏။

'ငါ့ရင်ထဲမှာ ကိုကိုရှိနေတုန်းပဲ ထင်လင်းမောင်'

မညှာတာ၊ မရက်စက်လိုပေမယ့် အရှိအတိုင်းပင် သူမပြောဖြစ်လိုက်သည်။





'ငါ့အတွက်တော့ ဒီစကားက မဆန်းဘူး။ ကိုယ့်ကိုယ်ကိုယ်လည်း ပွဲလန့်တုန်း ဖျာခင်းတဲ့သူဆိုပြီး လိမ်ပြာမလုံဖြစ်မိဘူး နေခြည်အေး။ ဘာဖြစ်လို့လဲဆိုတော့ နင့်ဘဝမှာ သူဆိုတာမရှိခင်ကတည်းက ငါက ချစ်နေခဲ့ရတဲ့သူပါ။ ငါ့သံယောဇဉ်တွေကို နင်အသိဆုံးပါပဲ နေခြည်အေးရယ်'

ရင်မှာမရှင်းသောကြောင့် ထင်လင်းမောင်၏ စကားများက ထိနိုက်နိုင်စွမ်းမရှိ။

ထင်လင်းမောင်အတွက်တော့ ကရုဏာဖြင့် ငဲ့ညှာပြီး ပြောဖြစ်လိုက်သေး၏။

'နင့်သံယောဇဉ်၊ နင့်အချစ်တွေဟာ ဒုတိယလူမဖြစ်ထိုက်ပါဘူး ထင်လင်းမောင်။ ငါကလွဲပြီး တစ်ပါးတစ်ယောက်သောသူသာ အထိုက်တန်ဆုံးပါဟာ၊ ငါ့အတွက် နင့်အချစ်၊ နင့်သံယောဇဉ်တွေကို လွှမ်းခြုံမပေးသင့်ပါဘူး'

ထင်လင်းမောင်ကိုတော့ ဒုတိယလူမဖြစ်စေချင်။

ကိုကို့ အတွက် ပေးအပ်ခဲ့ပြီးသော နှလုံးသားကိုလည်း ထင်လင်းမောင် မမက်မောစေချင်။

✣ ✣ ✣

www.burmeseclassic.com



'နင်နဲ့ ငါနဲ့ကို ငါတို့ဒေသက လူတွေအားလုံးက တစ်ဘဝလုံး မခွဲအတူပဲလို့ မြင်ကြည့်ကြတယ်။ သတိုးဦးဆိုတဲ့ သူ ပေါ်လာတော့ အားလုံးက စုပ်တသပ်သပ်ဖြစ်ကြတယ်။ နင်နဲ့ ငါနဲ့သာ တစ်ဘဝလုံး အတူလက်တွဲတာကိုမြင်ရင် လူတွေ အားလုံးက ဝမ်းမြောက်ဝမ်းသာဖြစ်ကြမှာ အမှန်ပဲ နေခြည်အေး'

ကိုကို့အပေါ် နာကြည်းစိတ်မဖြစ်သော်လည်း အောက်မေ့မပြေသေးပေ။

ကိုကိုနှင့် သဒ္ဒါချိုတို့ လက်ထပ်ဖြစ်ကြတာကို သတင်းစာမှာ ဖတ်လိုက်ရသည်။

'နင် ဘာလို့ ငါ့အပေါ် စိတ်ရှည်ရတာလဲ ထင်လင်းမောင်'

'နင် တကယ်မသိလို့ မေးလိုက်တဲ့စကားများလား နေခြည်အေး'

ရုတ်တရက် စကားမှားသွားတာကို ပြန်မြင်ချိန်မရလိုက်ပေ။ ထင်လင်းမောင်၏အချစ်၊ ထင်လင်းမောင်၏သံယောဇဉ်များကို မျက်ကွယ်ပြုသလိုဖြစ်သွား၏။

'နင့်အကြောင်းကို သိလို့ ပြောတာပေါ့။ ငါ့လိုမိန်းမမျိုးကို အခုချိန်မှာ နင်လှည့်မကြည့်သင့်ဘူး။ ဘာဖြစ်လို့လဲ နင်မေးဦးမလို့လား။ နင့်ကို မငဲ့ကွက်ဘဲ သူစိမ်းလက်ကို အားကိုးအား



ထားပြုချင်တဲ့အတွက်ကြောင့်ပေါ့'

'ဒီကတ်ကြေးလေးကို နင် မှတ်မိတယ်မဟုတ်လား နေခြည်အေး'

သေတ္တာငယ်ငယ်လေးထဲမှာနေပြီး ကတ်ကြေးကို ထင်လင်းမောင် ထုတ်ယူပြသည်။ သူမနှင့် ထင်လင်းမောင်တို့၏ သံယောဇဉ် သင်္ကေတအမှတ်အသားလေး။ ဒီကတ်ကြေးဖြင့် သူမတို့နှစ်ယောက်၏ ချက်ကြိုးများကို အတူတူဖြတ်ခဲ့ကြခြင်းပဲ။

'သိပ်မှတ်မိတာပေါ့ ထင်လင်းမောင်'

BURMESE CLASSIC

'နင်ဟာ ငါ့ရဲ့ မွေးဖော်မွေးဖက်ပဲလေ၊ ငါကလည်း နင့်ရဲ့ မွေးဖော်မွေးဖက်ပဲလေ၊ ငါတို့တွေဟာ အဝေးဆုံးလူတွေမှ မဟုတ်ကြဘဲ နေခြည်အေးရယ်'

ထင်လင်းမောင် ပြောတာတွေကို အားလုံးလိုလိုသိသည်။ သို့ပေမဲ့ အချို့အခါကိုတော့ စောင့်ဆိုင်းရပေလိမ့်ဦးမည်။

'ငါ့နှလုံးသားက နင့်လိုမဖြူစင်ဘူး၊ ကိုကို လက်ထပ်သွားပေမယ့် ဖျောက်ဖျက်လို့ရမှာမဟုတ်ဘူး'

'ချစ်တိုင်းလည်း မညားကြဘူးဆိုတာကိုတော့ ငါယုံတယ်။ ညားတိုင်းလည်း မချစ်ကြဘူးဆိုတာကိုတော့ ငါမယုံဘူး။ ငါ့မှာ အကြောင်းပြချက်ရှိတယ် နေခြည်အေး'

စကားတတ်နေသော ထင်လင်းမောင်ကြောင့်ပင် သိချင်စိတ်ဖြစ်သွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



'နင့်အကြောင်းပြချက်ကို ပြောပြစမ်းပါဦး၊ ဘယ်လောက်များခိုင်လုံသလဲဆိုတာကို ငါ အရမ်းသိချင်တယ်'

ထင်လင်းမောင်ကတော့ ယုံကြည်မှုအပြည့်ဖြင့် ပြောပြသည်။ ရှိရင်းစွဲ လက်သုံးစကားများကို ဆက်စပ်ပြီး ရိုးရိုးလေးပင် ပြောပြလိုက်၏။

'ချစ်တိုင်းလည်း မညားကြဘူးဆိုတာကို နင်ကြားဖူးလိမ့်မယ်။ ပြီးတော့ လူတွေအတွက် ကြီးမားတဲ့ဒုက္ခဆင်းရဲခြင်း၊ ချစ်သူ ခင်သူနဲ့ ကွေကွင်းရခြင်းက ဒုက္ခဆင်းရဲခြင်းတဲ့။ မချစ်မနှစ်သက်သောသူနဲ့ အတူပေါင်းဖော်ရခြင်းကလည်း ဒုက္ခဆင်းရဲခြင်းတဲ့။ ငါက နင့်ရဲ့ မချစ်မနှစ်သက်သောသူမှမဟုတ်ဘဲ နေခြည်အေးရယ်'

ထင်လင်းမောင် စကားတွေကြောင့်ပင် ကိုကို့မျက်နှာလေးအား ပြေးပြီးမြင်ယောင်ဖြစ်သည်။

ကိုကိုသည် သူမနှင့် ကွေကွင်းခဲ့ရသော်လည်း မချစ်မနှစ်သက်သောသူနှင့် ပေါင်းဖော်ရခြင်းမှ မဟုတ်ဘဲလေဟု တွေးဖြစ်ပြန်သည်။

'နင့်စကားက ယုတ္တိတော့ရှိသားပဲ။ ဒါပေမဲ့ ရာနှုန်းပြည့်မှန်တယ်လို့ ငါမပြောဘူး။ ခြွင်းချက်နဲ့ မှန်တာတွေအားလုံးဟာ လူတွေအတွက် ပြဋ္ဌာန်းထားတဲ့ အမှန်တရားတော့ မဟုတ်ဘူး။





နင့်စကား သက်သေပြချက်က ငါနဲ့နင်၊ ပြီးတော့ ကိုကိုနဲ့ သဒ္ဒါရှိတို့အတွက်ပဲ မှန်ကောင်းမှန်နေမှာလေ'

'ဘာပဲပြောပြော နင် အလွယ်တကူ လက်ခံသဘောပေါက်တယ်ဆိုရင်ပဲ ငါကျေနပ်ပါတယ် နေခြည်အေး'

တစ်နေ့မဟုတ် တစ်နေ့မှာတော့ သူမနှင့် ထင်လင်းမောင်တို့သည်လည်း ပေါင်းဖော်ဖြစ်ကြမှာ သေချာ၏။

ကိုကိုနှင့် သဒ္ဒါရှိတို့ နှစ်ယောက်မှာလည်း ညားတိုင်းမချစ်ကြဘူးဆိုသောစကားမှ ကင်းလွတ်သူများဖြစ်သည်။

ပြီးတော့ မချစ်မနှစ်သက်သောသူနှင့် အတူပေါင်းဖော်နေရသော ဒုက္ခဆင်းရဲခြင်းကိုလည်း ခံစားနေရမှာမဟုတ်။

မှတ်မထင် ပြန်ဆုံဖြစ်ကြရင်တော့ ကိုကို့အား မေးကြည့်ချင်သေး၏။

အဲဒီအချိန်မှာ ကိုကိုတစ်ယောက် အဖြေရခက်နေမည်လား။ သူမကိုယ်တိုင်မှာလည်း ဒီမေးခွန်းကို မှတ်မှတ်ရရမေးဖြစ်ပါ့မလားဟု တွေးမိပြန်သည်လေ။

✢ ✢ ✢

**မောင်ညိုအေး (ပန်းတော)**



www.burmeseclassic.com